
www.burmeseclassic.com

# ဇော်ကက်အောင်

## စင်ရန်နိုင်နှင့် ကျားပစ်သောမုဆိုး



www.burmeseclassic.com

www.burmeseclassic.com

ဥုံမဏိပါဒေဟုံ
ပိုးနဲ့အီ စီစဉ်သည်

# ဇော်ထက်အောင်

## စင်ရန်နိုင်ငံနှင့်ကျားဖင်ဒေသာမူခရီး

စာမူခွင့်ပြုချက်အမှတ် ၁၂၀၃/၂၀၀၂ (၁၂)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂/၂၀၀၃ (၁)၊ ပထမအကြိမ်၊ ၂၀၀၃-ခုနှစ်၊ မတ်လ၊ အုပ်ရေ ၅၀၀ အုပ်၊ တန်ဖိုး ၄၅၀/- ကျပ်၊ မျက်နှာဖုံးပန်းချီ သဲဇာ၊ ကာလာခွဲ မြကျွန်းသာ၊ ထုတ်ဝေသူ ဦးခင်မောင်သိန်းဆွေ (၀၇၄၄) သဒ္ဓာဝတီစာပေ၊ တိုက်-၂၄၀၊ အခန်း-၃၊ ဗေယျာသုခလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ အတွင်းနှင့်အဖုံးပုံနှိပ်သူ ဒေါ်ခင်စီ(၀၂၅၀၇)၊ ပြည့်ဦးအော့ပုံနှိပ်တိုက်၊ ၁၅၈-၃၇လမ်း၊ ရန်ကုန်မြို့။ အတွင်းဖလင်စွယ်တော်စာအုပ်ချုပ် (ကိုတင်အေး၊ ဂျမား) မိုးဆမ်းပန်းစာပေ ၁၉/၂၁ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့် တပြည်လုံး ဖြန့်ချိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြို့သစ်၏နံနက်ခင်းသည် လှုပ်ရှားစွာ စည်ကားစပြုလာသည်။

လမ်းမကြီးတလျှောက်တွင် ဖြတ်သန်းသွားလာနေသော ကားသံများကိုကြားရသည်။ လူစည်ကားစပြုနေပြီဖြစ်သော လက်ဖက်ရည်ဆိုင်ဆီမှ ကက်ဆက်သီချင်းသံ၊ စားပွဲထိုးများ၏အသံ၊ စားသောက်သူတို့၏စကားပြောသံ ရယ်မောသံတို့ကို နံနက်ခင်း၏ တက်ကြွလှုပ်ရှားမှုများအဖြစ် ကြားနေရသည်။





လက်ဖက်ရည်ဆိုင်မျက်နှာစာ စားပွဲတွင် အသွင်မတူသော လူနှစ်ယောက် ထိုင်နေသည်။ တစ်ယောက်က ဝဝတုတ်တုတ် အရပ်ထောင်ထောင်မောင်းမောင်းနှင့် သန်မာထွားကျိုင်းသလောက် ကျန်တစ်ယောက်က ပိန်ပိန်သွယ်သွယ် ပုပုညက်ညက်နှင့် သေးကွေးသူတစ်ယောက် ဖြစ်၏။

အသွင်မတူသည့် လူနှစ်ယောက်သည် ပစ္စည်းတစ်ခုကို ခပ်ငုံ့ငုံ့ခပ်လျှိုလျှိုနှင့် ကြည့်နေကြသည်။ လူပုပုသေးသေးက လက်ထဲမှပစ္စည်းကို ကြည့်ရင်းမှ ပတ်ဝန်းကျင်ကို မသိမသာ မျက်လုံးဝေ့ကြည့်တတ်သည်။ သူ့အမူအရာမှာ အစစအရာရာ သတိရှိနေပုံမျိုး ပေါ်လွင်နေသည်။

"ဘယ့်နှယ်လဲ ကိုဆင်ပေါက် . . ပစ္စည်းက အမှန်အကန်ပဲ မဟုတ်လား"

ဝဝတုတ်တုတ် ထောင်ထောင်မောင်းမောင်းနှင့် လူကလူနှင့်လိုက်ဖက်ခြင်းမရှိသည့် နာမည်မျိုးမှည့်ထားသောလူပုရလေးဆင်ပေါက်ကို လှမ်းမေးသည်။ ဆင်ပေါက်က ခေါင်းကို ညင်သာစွာညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက နှစ်ဆယ်လို့ အော်ထားတာက မဆိုးဘူး၊ ဆယ့်ငါးလောက်တော့ ကျိန်းသေတယ်၊ ဘယ်ဘက်ခြမ်းမှာ အရည်နည်းနည်းပျော့သွားလို့ အရည်ညီသာဆိုရင် ဈေးက ဆယ်ဆလောက်မြင့်သွားနိုင်တယ် သိရဲ့လား . . စန်းကို"

"ဒီပစ္စည်းက ခင်ဗျားလူတွေနဲ့ ကိုက်ပါ့မလားဗျ"

"ဟာ . . ကိုက်တာပေါ့ စန်းကိုရယ် . . သူတို့က ဒါမျိုး ရှာခိုင်းနေတာ"

"လူတွေက လူမှန်တွေနော်"

"မှန်ပါတယ် . . ငါ့မိတ်ဆွေတစ်ယောက်က ဆက်သွယ်ပေးတာ၊ ကြိုက်ပြီဆိုတာနဲ့ သူတို့က ချက်ချင်းငွေချေ လိမ့်မယ်"

"ခင်ဗျားစစ်ဆေးလို့ ကျေနပ်ပြီဆိုရင်လည်း သူတို့ ချိန်းထားတဲ့ဆီကို သွားကြရအောင်ဗျာ"

"သွားမယ်လေ . . အချိန်က ရသေးတယ်ဆိုတော့ ငါတို့ လိုင်းကားနဲ့ပဲ သွားကြမယ်"

"ကောင်းသလိုသာ လုပ်ပါ . . အခုကိစ္စမှာ ခင်ဗျားက





ဦးဆောင်ရမယ့်လူပဲ၊ ကျွန်ကော်က ဒီနယ်မြေကို ကျွမ်းတာ မဟုတ်ဘူး၊ ခင်ဗျားစီစဉ်သလို လုပ်ရုံပဲရှိတယ်"

"ဒါဆိုရင် လက်ဖက်ရည်ဖိုး ရှင်းသွားကြမယ်"

စန်းကိုဆိုသည့် ဝဝတုတ်တုတ် ထွားထွားကျိုင်းကျိုင်း နှင့်လူက စားပွဲထိုးကိုလှမ်းခေါ်ပြီး ကျသင့်ငွေကိုရှင်းသည်။ စားပွဲထိုးက ကျသင့်ငွေ လာအမ်းပြီးသည်နှင့် သူတို့နှစ်ယောက် ထိုင်နေရာမှ ထလိုက်ကြသည်။

"လိုင်းကားတွေက ကျပ်တောက်နေတာ၊ တက္ကစီနဲ့ ပဲသွားကြရအောင်ဗျာ . . တက္ကစီခပေးရရင် သုံးရာပေါ့"

"တက္ကစီနဲ့မှ သွားမယ်ဆိုလည်းသွားကွာ . . ငါက မင်း အကုန်အကျတွေများမှာ စိုးလို့ပြောတာ"

"ရပါတယ်ဗျာ . . ထောင်မြင် ရာစွန့်ရမှာပေါ့၊ လမ်းလျှောက်လာတဲ့လူရဲ့ လက်ထဲကပစ္စည်းနဲ့ ကားနဲ့လာတဲ့လူ ရဲ့ပစ္စည်းကို ဘယ်လောက်ပဲ အရည်အသွေးတူတူ လူတွေက တန်ဖိုးထားတာခြင်းတော့ မတူကြဘူး၊ ဘာအလုပ် လုပ်လုပ် ပကာသနတော့ လိုတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



စန်းကိုက လမ်းဘေးတွင်ရပ်ကာ ဖြတ်မောင်းလာသည့်ကားများကို ကြည့်ရင်းမှ ပြောသည်။ ဆင်ပေါက်က စန်းကို၏စကားကို လက်ခံဟန်ခေါင်းညိတ်သည်။

စန်းကိုက လမ်းဘေးတွင်ရပ်ကာ ဖြတ်မောင်းလာသည့်ကားများကိုကြည့်ရင်းမှ ပြောသည်။ ဆင်ပေါက်က စန်းကို၏စကားကို လက်ခံဟန်ခေါင်းညိတ်သည်။

"ဟုတ်ပါတယ် . . မင်းပြောတာကို ငါလက်ခံပါတယ်၊ တစ်ခါတစ်ခါကျတော့လည်း ပကာသနလုပ်ဖို့ အခြေအနေက မပေးဘူး၊ အဲဒီတော့လည်း ဖြစ်သလို ကြိတ်ရတာပဲ"

စန်းကိုက ဖြတ်မောင်းလာသည့် ကားတစ်စီးကို လက်ပြတားသည်။ ဖြတ်မောင်းလာသည့် တက္ကစီကားပေါ်တွင် ခရီးသည်မပါပါ။ သို့သော် တက္ကစီသမားက ကားကို မရပ်ဘဲ လက်ခါပြသွား၏။

"တက္ကစီနဲ့သွားပါမယ်ဆိုမှ ကားကလည်း ရှားပါးလိုက်တာ"





"ကားရှားတာ မဟုတ်ဘူးဟေ့ . . တက္ကစီတွေ ပေါလိုက်တာမှ မျက်တောင်တစ်ချက်အခတ်မှာ တစ်စီးတွေ့နေတာ . . လူကွေက ဘာနဲ့ကြီးပွားနေလို့လည်း မသိဘူး၊ တက္ကစီပဲ စီးနေလို့ ရတ်တရက် ကားငှားလို့မရတာကွ"

စန်းကိုနှင့် ဆင်ပေါက်တို့ အပြန်အလှန်ပြောနေစဉ် ဘီးလိမ့်ရုံမောင်းလာသည့် အငှားကားတစ်စီး အနားမှာလာရပ်သည်။ စန်းကို မျက်လုံးအစုံ အရောင်လက်သွားပြီး အငှားကားမောင်းသူအား လှမ်းကြည့်လိုက်သည်။

"ကား အားသလား"

"ဘယ်သွားမှာလဲ . . လမ်းကြုံရင်တော့ လိုက်ခဲ့လေ"

စန်းကိုက ကားပေါ်တွင်ပါလာသော မိန်းကလေးအားတစ်ချက်ကြည့်ပြီး လိပ်စာတစ်ခုပြောသည်။ အငှားကားမောင်းသမားလူရွယ်က ခေါင်းညိတ်ပြသည်။

"ရပါတယ် . . လိုက်ပို့ပေးမယ်၊ သုံးရာတော့ပေးပါ"

စန်းကို ခေါင်းညိတ်ပြသည်။ ဘေးတွင်ရှိနေသော ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်အား လက်ဟန်ပြပြီး အငှားကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ ကားပေါ်သို့တက်သည်။ ဆင်ပေါက်က စန်းကို၏ နောက်မှနေ၍ ကားပေါ်သို့တက်သည်။

အငှားကားမောင်းသမားက ကားကိုညင်သာစွာမောင်း ထွက်သည်။ စန်းကိုသည် ကားနောက်မှန်ထဲမှတဆင့် မြင်နေ ရသည့် ရှေ့ခန်းမှ မိန်းကလေးကို လှမ်းကြည့်လိုက်သည်။ တစ်ခါမြင်လျှင် အခါခါပြန်ကြည့်ချင်လောက်အောင် လှသော မိန်းကလေးကို အမှတ်မထင်ကြည့်ရင်းမှ ငေးမိသွား၏။

ကားမောင်းသူက ကားကိုညင်သာစွာ မောင်းနေရင်း မှ လမ်းခွဲတစ်ခုသို့ မောင်းဝင်လိုက်သည်။ ဆင်ပေါက်မသိမ သာ မျက်မှောင်ကြုံ့သွား၏။ သူက တစ်စုံတစ်ရာမေးမည် အပြုတွင် ကားမောင်းသူထံမှ စကားသံပေါ်လာသည်။

"ခင်ဗျားတို့သွားချင်တဲ့နေရာရောက်အောင် ကျွန် တော်လိုက်ပို့ပေးမယ်နော်၊ ဒီညီမက ကားကိုအရင်ငှားပြီး သူ သွားမယ့်နေရာက ပိုနီးလို့ သူ့ကို အရင်လိုက်ပို့လိုက်ပါရစေ"

ကားမောင်းသူ၏စကားအဆုံးတွင် ကားရှေ့ခန်းတွင်





ထိုင်နေသည့် မိန်းကလေးက နောက်သို့လှည့်ကြည့်ပြီး ပါးချိုင့် ခွက်လေးထင်အောင် ရယ်ပြသည်။

"ကျွန်မ . . အိမ်ကို အချိန်မီပြန်ဖို့ လိုနေလို့ပါနော်၊ အစ်ကိုကြီးတို့ရဲ့အချိန်ထဲက ငါးမိနစ်၊ ဆယ်မိနစ်လောက် ကျွန်မကို ဖဲ့ပေးပါရှင်"

"ဟား . . ဟား . . ရပါတယ်၊ ညီမ ရပါတယ် . . ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ပိုပြီးကြာသွားရုံနဲ့ အစ်ကို တို့အတွက် ဘာမှဖြစ်မသွားပါဘူး၊ ရတယ် . . ရတယ် . . ကားဆရာရေ ဘာမှအားမနာနဲ့ ဒီညီမလေးကို အရင်ပို့ပေး မှာကို ကိုယ်တို့ သဘောတူပါတယ်"

ကားက လမ်းခွဲမှနေ၍ လမ်းသွယ်တစ်ခုအတွင်းသို့ ချိုးဝင်သည်။ လမ်းသွယ်အတွင်းရှိ ခရေပင်ကြီးတစ်ပင်အောက် သို့အရောက်တွင် အငှားကားတုန့်ခနဲ ရပ်သွားသည်။

ကားရှေ့ခန်းတွင် ထိုင်နေသည့် မိန်းကလေးက နောက်ကိုဖျတ်ခနဲ လှည့်လာသည်။ ထိုင်ခုံနောက်မှီပေါ်မှနေ ၍ ဆန့်တန်းလာသည့် သူမ၏လက်ထဲတွင် သေနတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



လက် ဆုပ်ကိုင်ထားလျှက်ရှိသည်။

"ဒါ သေနတ်နော် . . ပစ်ရင် ကျည်ဆန်ထွက်တယ်၊ အသံတိတ်ကိရိယာတပ်ထားတဲ့ ကျွန်မ သေနတ်က ပစ်ရင် အသံမထွက်ဘူး၊ ရှင်တို့ လှုပ်လှုပ်ရှားရှားလုပ်တာနဲ့ အသံမထွက်ဘဲ သေသွားမယ်၊ ဒီနေရာက လူရှင်းတဲ့နေရာ ရှင်တို့ အော်ရင်တော့ ကြားမယ့်လူ မရှိဘူး"

"နေ . . နေပါဦး မင်းက"

"ကျွန်မ . . ရှင်တို့ကို စားပြတိုက်နေတာလေ"

ဆင်ပေါက်နှင့် စန်းကိုတို့ မျက်နှာပျက်သွားသည်။ တက္ကစီမောင်းသူက ကားပေါ်မှဖျတ်ခနဲဆင်းပြီး ကားနောက်ခန်းသို့ ဝင်လာသည်။ တစ်ဆက်တည်းမှာပင် သူ၏လက်ဝါးစောင်းရိုက်ချက် စန်းကို၏ဇက်ပိုးပေါ်သို့ကျသည်။ ဒုတ်ခနဲမြည်သံနှင့်အတူ စန်းကို မှောက်သွား၏။

"မ . . မလုပ်ပါနဲ့ . . ကျုပ်က ပွဲစားပါ၊ ကျုပ်မှာ ဘာမှ မရှိဘူး"

ဆင်ပေါက်က ကြောက်ကြောက်ရွံ့ရွံ့နှင့် လူရွယ်အား





တောင်းပန်သည်။ လူရွယ်က တစ်ချက်ရယ်ပြီး ဆင်ပေါက်၏ ဇက်ပိုးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။ ဒုတ်ခနဲ မြည်သွားသံနှင့်အတူ ဆင်ပေါက်လည်း စန်းကိုလိုပင် မှောက်ကျသွားသည်။

"မြန်မြန်လုပ် . . ဇွဲ၊ ဟိုဗလကြီးရဲ့ အင်္ကျီအိတ်ထဲမှာ ရတနာထဲ့ထားတဲ့ ဗူးရှိတယ် . . ယူလိုက်"

ဇွဲဟု ခေါ်ခံရသည့် ကားမောင်းသမားလူရွယ်က စန်းကို၏အိတ်ထဲမှ ရတနာဗူးလေးကို ထုတ်ယူသည်။ ဗူးကို ဖွင့်ကာ စစ်ဆေးပြီးနောက် သူ့ဂျာကင်အိတ်ထဲ ထည့်သိမ်းလိုက်၏။

"ဖြူဖြူ"

"ဘာလဲ ဇွဲ"

"လက်ဗွေရာထင်မယ့်နေရာတွေကို အဝတ်နဲ့ပွတ်လေ"

"အော် . . အင်း"

ဖြူဖြူဆိုသည့် မိန်းကလေးက ကားဂီယာတိုင်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဘီးခွေ စသည့် လက်နှင့်ထိကိုင်သည့် နေရာမှန်သမျှကို လက်ကိုင်ပဝါတစ်ထည်ဖြင့် လျှောက်ပွတ်သည်။ ကားနောက်ခန်းတွင် ဆင်ပေါက်တို့နှင့်အတူ ရှိနေသည့်ခွဲကလည်း သူ့လက်နှင့် ထိမိသမျှနေရာများကို အဝတ်ဖြင့်ပွတ်သည်။ စိတ်တိုင်းကျမှ ကားပေါ်ကဆင်းသည်။

"ဒီကစားစရာသေနတ်ကို သူတို့အတွက် ထားခဲ့မှပဲ"

ဖြူဖြူက သူ့လက်ထဲမှ ဒန်ရောင်ကစားစရာ သေနတ်ကို သတိလစ်မေ့မြောနေသော ဆင်ပေါက်တို့အနီးတွင် ချထားလိုက်သည်။ ပြီးနောက် ခွဲနှင့်အတူ ခရေပင်အောက်တွင် ရပ်ထားသော ဆိုင်ကယ်ရှိရာသို့ လျှောက်သွားသည်။

နှစ်ယောက်သား ဆိုင်ကယ်ပေါ်သို့ တက်ကြသည်။ ဆိုင်ကယ်စီးဦးထုပ်များကို ဆောင်းလိုက်ကြသည်။ ခွဲက ဆိုင်ကယ်ကို စက်နှိုးပြီးမောင်းထွက်၏။ အပုံးကားနှင့် ကားပေါ်တွင် သတိလစ်မေ့မြောနေသော စန်းကိုတို့ ခရေပင်အောက်တွင် ကျန်ရစ်ခဲ့သည်။

• • •





ခွဲက သွပ်မိုးပျဉ်ကာအိမ်ကလေးရှိရာ ခြံဝင်းအတွင်းသို့ ဆိုင်ကယ်ကို ချိုးကွေ့မောင်းဝင်လိုက်သည်။ သစ်ပင်ရိပ်များဖြင့် အေးချမ်းဆိတ်ငြိမ်နေသော ခြံဝင်းအလယ်ရှိ ပျဉ်ထောင်အိမ်လေးရှေ့တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။

ခွဲ ဆိုင်ကယ်ပေါ်မှ ဆင်းသည်။ ဆောင်းထားသည့် ဟဲလ်မက်ကိုချွတ်ပြီး ဆိုင်ကယ်လက်ကိုင်တွင် ချိတ်သည်။ ခါးတစ်ချပ်ဆန့်၍ အညောင်းဖြေရင်း အိမ်ပေါ်မှ အသံဗလံများကို နားစွင့်သည်။

တစ်အိမ်လုံးမှာ မည်သည့်အသံဗလံမှ မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ ခွဲ မျက်မှောင်လေး မသိမသာကြုံ့ပြီး အိမ်တံခါးပေါက်ရှိရာသို့ လျှောက်ခဲ့သည်။

ပျဉ်ထောင်အိမ်လေး၏ တံခါးမှာ ပွင့်နေလျက်ရှိသည်။ ခွဲက ပွင့်နေသည့်တံခါးမှနေ၍ အိမ်အတွင်းသို့ ဝင်လိုက်သည်။

"ဖြူဖြူ . . ဖြူဖြူ"

အိမ်ထဲသို့ဝင်ရင်းမှ လှမ်းခေါ်လိုက်၏။ ခွဲ၏ ခေါ်သံ ဟစ်အိမ်လုံးသို့ ပျံ့နှံ့သွားသည်။ တုံ့ပြန်ထူးသံကို မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



ခွဲက စိုးရိမ်ရိပ်ထင်နေသော အမူအရာနှင့် အိမ်အတွင်းဘက်သို့ဝင်ခဲ့သည်။

"ဖြူ"

ညည်းသံလိုလို ရှိုက်သံလိုလို အသံတစ်သံ အတွင်းဘက်မှ ပျံ့လွင့်လာသည်။ ခွဲက အတွင်းဘက်ကျကျတွင်ရှိသော အိပ်ခန်းအတွင်းသို့ဝင်လိုက်၏။

"ဖြူဖြူ"

ခုတင်ပေါ်တွင် လှူးလိမ့်နေသော ဖြူဖြူအား တွေ့ရသည်။ နှာရည်များကို သနပ်စက္ကူဖြင့်သုတ်ပြီး မျက်ရည်ဝိုင်းသော မျက်လုံးအစုံဖြင့် ကြည့်နေသည့် ဖြူဖြူမျက်နှာမှာ မျှော်လင့်သည့် အရိပ်သဏ္ဌာန်များ ထင်လာသည်။

"ရလား ဟင် . . ခွဲ"

"ရပါတယ် . . ရအောင်ရှာရတာပေါ့"

. . . .

"ပစ္စည်းထုတ်တာ ဈေးကောင်းရရဲ့လား ခွဲ"

ခွဲက ခုတင်ဘေးရှိ ကုလားထိုင်တစ်လုံးတွင် ခြေပစ်





လက်ပစ်ထိုင်ချလိုက်သည်။ သက်ပြင်းတစ်ချက်ကို ရှည်လျားစွာချရင်း ဖြူဖြူအား လှမ်းကြည့်သည်။

"အခုမှပဲ မေးဖို့သတိရသလား ဖြူ ကိုယ်က အရေးတကြီးငွေလိုနေတာရယ်၊ ပစ္စည်းက တိတ်တိတ်ရောင်းမှဖြစ်မယ့် ပစ္စည်းဆိုတော့ ကိုယ်လိုချင်တဲ့ဈေး မရဘူး၊ သူတို့ပေးတဲ့ဈေးနဲ့ပဲ ထုတ်လိုက်ရတယ်၊ ထားလိုက်ပါ ဖြူဖြူ . . ဒါက အကြောင်းမဟုတ်ပါဘူး၊ ဒီတစ်ခါ အရနည်းပေမယ့် နောက်တစ်ခါ များများရအောင် ကြိုးစားရမှာပေါ့"

ဖြူဖြူက ခွဲ၏လက်မောင်းကို ညင်သာစွာလှမ်းကိုင်သည်။ ရီဝေမှေးစင်းသော ဖြူဖြူ၏အကြည့်က ခွဲထံသို့စူးစိုက်ရောက်ရှိနေ၏။

"ခွဲ"

"ဟင် . . ဘာလဲ ဖြူဖြူ"

"ဖြူ့အတွက်နဲ့ ခွဲ ပင်ပန်းနေပြီနော်"

"ဒါလောက်ကလေး လုပ်ပေးရတာ ဖြူရယ် . . ပင်ပန်းတယ်လို့ ကိုယ်မထင်ပါဘူး၊ ကိုယ်က ဖြူ့ကိုချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ . . ကိုယ်ချစ်တဲ့လူအတွက် ဘာပဲလုပ်ရလုပ်ရ ကိုယ်နောက်မတွန့်ပါဘူး ဖြူ"

ဖြူဖြူ၏မျက်လုံးအစုံ အရောင်တစ်ချက်လက်သွားသည်။

"ခွဲ"

"ဟင် . . ဖြူဖြူ"

"ဖြူ့ကို သိပ်ချစ်တာပဲလားဟင် . . ခွဲ"

ခွဲက ခေါင်းညိတ်ပြသည်။ တစ်ဆက်တည်းပင် ဖြူဖြူ့လက်ဖဝါးကို ယုယကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။ ဖြူဖြူ့မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်သည်။

"ချစ်တယ် . . ဖြူ . . မင်းကို ကိုယ်သိပ်ချစ်တယ်"

"ဖြူလည်း ခွဲကို သိပ်ချစ်ပါတယ်၊ ပြီးတော့ . . ပြီးတော့လေ . . ဖြူတို့နှစ်ယောက် ဒီဒုစရိုက်နယ်ထဲက ရုန်းထွက်မယ် . . နော် . . ခွဲ"

ခွဲ ခေါင်းညိတ်ပြသည်။ ဖြူဖြူ့ကို စူးစိုက်ကြည့်နေသော သူ့မျက်လုံးအစုံတွင် မျှော်လင့်သည့်အရိပ်တွေ ထွက်





နေသည်။

"တကယ်ပြောတာ . . ခွဲ၊ ဖြူတို့နှစ်ယောက် ဒုစရိုက်လောကနဲ့ဝေးတဲ့နေရာ . . အေးချမ်းတဲ့နေရာလေးမှာ သွားနေကြမယ်၊ ချစ်ခြင်းမေတ္တာနဲ့ ဘဝလေးတစ်ခုကို တည်ဆောက်ကြမယ်"

ကြည်နူးပြုံးဖြင့် ခွဲက ပြုံးသည်။ အိပ်ရာပေါ်တွင် လှဲလျက်မှိန်းနေသော ဖြူဖြူ့နဖူးပြင်ကို ညင်သာစွာနမ်းရှိုက်သည်။ ကြည်ကြည်နူးနူး ခံစားရသည့် ခံစားချက်က နှလုံးသားမှာသာမက တစ်ကိုယ်လုံးကို လွှမ်းမိုးအုပ်ထားသလို ရှိနေလေ၏။

❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘောင်တန်းပြီးလျှောက်လာသည့် လူသုံးယောက်က ပိတ်ထားသည့် ခြံတံခါးရှေ့တွင် ရပ်လိုက်ကြသည်။ ထိုသူသုံးယောက်မှာ အောင်ခက်၊ ထွန်းမောင်နှင့် စိုး တို့ပင်ဖြစ်သည်။

ခြံဝင်းရှေ့တွင် ရပ်လိုက်သည့် သုံးယောက်အနက် အောင်ခက်က ခေါင်းဆောင်ဖြစ်သည်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း ဆံပင်တိုတို လေးထောင့်စပ်စပ် မျက်နှာနှင့် စူးရှသောမျက်ဝန်းလေးထောင့်ကျ ပေါ်လွင်





သည့် မေးရိုးတို့နှင့် အောင်ခက်မှာ ပြတ်သားသည့်သူ၊ ရက်စက်မည့်သူအဖြစ် ပေါ်လွင်နေစေသည်။

အောင်ခက်၏ ဘယ်ဘက်ဘေးတွင် ရပ်နေသူမှာ ထွန်းမောင်ဖြစ်ပြီး ကျန်တစ်ယောက်က စိုးဖြစ်သည်။ ထွန်းမောင်သည် အောင်ခက်ထက် ခေါင်းတစ်လုံးစာခန့်ပိုပြီး နိမ့်သည်။ အသားနီစပ်စပ်၊ အရပ်နိမ့်နိမ့်နှင့် ကောက်ကျစ်စဉ်းလဲဟန်အပြည့်ရှိသော မျက်လုံးများပိုင်ရှင် ဖြစ်သည်။

နောက်ဆုံးလူက ပုပုဝဝ၊ အသားမဲမဲ သဘောကောင်းပုံ ကြောက်လန့်တတ်ပုံရသော မျက်နှာထားပိုင်ရှင် စိုးပင် ဖြစ်သည်။

"ဒီအိမ် ဟုတ်ရဲ့လား အောင်ခက်"

လူသုံးယောက်အနက် အသက်အကြီးဆုံး၊ အမဲဆုံး၊ အပုဆုံးဖြစ်သော စိုးအား ဖျတ်ခနဲလှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် . . စိုး၊ ဒီအိမ်ပဲ လာကွာ . . ငါတို့ခြံဝင်းထဲ ဝင်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ခက်က ရှေ့မှဦးဆောင်ပြီး ခြံဝင်းထဲသို့ဝင်သည်။ ခြံဝင်းအတွင်းသို့ရောက်သည်နှင့် စိုးက ခြံဝင်းတံခါးကို ပြန်ပိတ်လိုက်သည်။

“အခြေအနေ ကြည့်ကြဦးနော် . . ဒီကောင်လေးက ခြေသွက်လက်သွက်နဲ့ တော်ကြာ ရန်ရှာနေဦးမယ်”

“ဒါလောက် အကြောက်ကြီးမနေနဲ့ စိုး . . သူက ငါတို့ကို ထသတ်ချင်နေဦးတော့ ငါက စကားလေးတစ်ခွန်း နှစ်ခွန်းလောက် ပြောလိုက်တာနဲ့ အစွယ်ကျိုးတဲ့မြွေလိုပဲ ငါ့ရှေ့မှာ ဝပ်စင်းသွားစေရမယ် . . အောင်ခက်ပါကွ၊ မပိုင်ရင် ခြင်တောင် မရိုက်ဘူးဆိုတာ မင်းသိတယ် မဟုတ်လား”

စိုး ခေါင်းညိတ်ပြသည်။

“အေးပါ . . ငါ မင်းအကြောင်းကို သိပါတယ်၊ အခုဟာက ဟိုဒင်း . . ရုတ်ရုတ်သဲသဲ မဖြစ်စေချင်လို့ ပြောနေတာပါ”

“မဖြစ်ပါဘူး . . စိတ်ချပါ စိုး၊ ငါတို့က သူ့ကို ရန်ရှာဖို့လာတာမှ မဟုတ်ဘဲ၊ သူနဲ့လက်တွဲဖို့လာတာ အပြန်





အလှန်ဆွေးနွေးလိုက်တာနဲ့ အားလုံးအဆင်ပြေသွားမှာပါ”

အောင်ခက်က စိုး၏ပခုံးကိုပုတ်ပြီး ပြောသည်။

စကားပြောရင်း အိမ်ရှေ့တွင် ဆိုင်ကယ်တစ်စီးရပ်ထားသောပျဉ်ထောင်အိမ်လေးရှိရာသို့ ခပ်သွက်သွက် လျှောက်သည်။ ဖွင့်ထားသည့် အိမ်တံခါးရှေ့သို့အရောက်တွင် သူက တုန့်ခနဲရပ်လိုက်၏။

“ခွဲ . . ခွဲ . . ရေ”

အောင်ခက်၏နှုတ်ခမ်းမှ မတိုးမကျယ်ခေါ်လိုက်သံပေါ်လာသည်။ သူ့ခေါ်သံနှင့် မရှေးမနှောင်း အိမ်ထဲမှထွက်လာသည့် ခွဲကို တွေ့ရ၏။

ခွဲက အိမ်ရှေ့သို့ရောက်နေသည့် အောင်ခက်တို့သုံးယောက်အား စူးစူးစမ်းစမ်းနိုင်သည့်အကြည့်ဖြင့် လှမ်းကြည့်သည်။

“ခင်ဗျားတို့ ဘယ်သူတွေလဲ ဘာကိစ္စရှိလို့လဲဗျ”

အောင်ခက်က ပခုံးကျယ်ကျယ် ရင်အုပ်ကားကား ကျစ်လစ်သန်မာဟန်ရှိသော ခွဲကို သဘောကျဟန်ဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com


ရင်း အသာအယာပြုံးပြလိုက်သည်။

"မင်း . . ငါတို့ကို မသိပေမယ့် ငါတို့က မင်းကို သိပါတယ် ခွဲ၊ ငါက အောင်ခက် . . သူက ထွန်းမောင် . . သူက စိုး . . ငါတို့ မင်းနဲ့တိုင်ပင် ဆွေးနွေးစရာရှိလို့လာခဲ့တာပါ"

ခွဲ၏မျက်လုံးအစုံ အေးစက်ကျဉ်းမြောင်းသွားသည်။ အောင်ခက်တို့အား စူးစိုက်ကြည့်နေသော သူ့မျက်လုံးအစုံတွင် စူးစမ်းဟန်တွေပါသလို မလိုလားဟန်တွေလည်း ပါနေ၏။

"ခင်ဗျားတို့ကို ကျွန်တော် မသိဘူး၊ ခင်ဗျားတို့နာမည်ကိုလည်း ကျွန်တော် မကြားဖူးဘူး၊ ခင်ဗျားတို့နဲ့ ကျွန်တော့်ကြားမှာ ဆွေးနွေးတိုင်ပင်ရလောက်တဲ့ အကြောင်းအရာ မရှိနိုင်ပါဘူး"

"ရှိပါတယ် . . ညီလေး အရင်က မရှိပေမယ့် အခုရှိတယ် ရော့ . . ဟောဒီမှာ ဒီဓာတ်ပုံတွေကို အရင်ကြည့်လိုက်ပြီးရင် ငါတို့ကို အိမ်ထဲဝင်ဖို့ ခွင့်ပြုသင့် မပြုသင့်





စဉ်းစားပေါ့"

အောင်ခက်က သူ့အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ပေးသည်။ ခွဲက စာအိတ်ကိုလှမ်းယူပြီး စာအိတ်ထဲတွင် ထည့်ထားသည့် ဓာတ်ပုံများကို ထုတ်ကြည့်သည်။ ဓာတ်ပုံကြည့်နေရင်း ခွဲ၏လက်တွေ တဆတ်ဆတ် တုန်လာသည်။

"ဒါ . . ဒါ"

"ဒီပုံတွေဟာ မင်းနဲ့ဖြူဖြူ ပြစ်မှုကျူးလွန်နေတုန်းမှာ ရိုက်ထားတဲ့ပုံတွေပါ၊ ဒီပုံတွေဟာ မင်းတို့ကို ဒုက္ခပေးနိုင်တဲ့ပုံတွေဆိုတာ မင်း သဘောပေါက်မှာပေါ့"

ခွဲမျက်နှာပျက်သွားသည်။ အောက်နှုတ်ခမ်းကို ခပ်ဖိဖိလေးကိုက်ပြီး အံတင်းတင်းကြိတ်သည်။ သူ့လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ခင် . . ခင်ဗျားတို့ ဘာလိုချင်လို့လဲ"

"ငါတို့ကို အရင်ဆုံး အိမ်ထဲဝင်ခွင့်ပေးပါ၊ အိမ်ထဲရောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ခွဲ၏နှုတ်မှ မကျေမနပ်နှင့် တောက်ခေါက်လိုက်သံပေါ်လာသည်။ သူက တောက်ခေါက်ရင်း အောင်ခက်တို့ဝင်သာအောင် လမ်းဖယ်ပေးလိုက်သည်။

အောင်ခက်က စိုးတို့ကို လှည့်ကြည့်ပြီး ခေါင်းတစ်ချက်ညိတ်ပြသည်။ တစ်ပြိုင်နက်တည်းမှာပင် အိမ်ထဲသို့ဦးဆောင်ပြီးဝင်သည်။ ထွန်းမောင်နှင့် စိုးတို့က အောင်ခက်၏နောက်မှနေ၍ အိမ်ထဲသို့ဝင်ခဲ့ကြသည်။ ခွဲမှာ နောက်ဆုံးမှနေ၍ အိမ်ထဲသို့ပြန်ဝင်လိုက်လေသည်။

. . .

"အဲဒါပဲကွာ ငါတို့က တစ်ယောက်ကို သိန်းလေးရာလောက်ရမယ့်အလုပ် လုပ်ကြမှာ . . အခြေအနေပေးရင် သိန်းလေးရာထက်တောင် ပိုပြီးရနိုင်တယ်။ ငါတို့ငါးယောက် ဒီအလုပ်ကို လုပ်ကြမယ်၊ ရလာတဲ့အောင်မြင်မှုကို ငါးယောက် မျှဝေခံစားကြမယ်"

ခွဲက အောင်ခက်၊ ထွန်းမောင်နှင့် စိုးတို့ကို မျက်မှောင်ကြုံ့ပြီးကြည့်သည်။





"ကျွန်တော်တို့ သိန်းနှစ်ထောင်လောက်တန်တဲ့အလုပ်ကိုလုပ်ကြမယ်၊ ရလာတဲ့ အကျိုးအမြတ်ကို ခွဲဝေပြီးယူကြမယ် ဒီလိုမဟုတ်လား"

အောင်ခက်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . အဲဒီအတိုင်းပဲ"

"အခု ဒီမှာ ခင်ဗျားတို့သုံးယောက်နဲ့ ကျွန်တော်ပေါင်းလေးယောက်ရှိတယ်၊ နောက်တစ်ယောက်က ဘယ်သူလဲ"

"နောက်တစ်ယောက်က မင်းနဲ့အတူ ရှိနေတယ်လေကွာ"

"ဗျာ"

"ငါတို့နဲ့လက်တွဲရမယ့် နောက်တစ်ယောက်က ဖြူဖြူပေါ့ကွ . . ရှင်းပြီလား"

ခွဲ၏မျက်နှာတွင် တင်းမာဟန်တွေ ရိပ်ခနဲထင်သွားသည်။ သူက အောင်ခက်ကို မကျေမနပ်နှင့် ကြည့်လိုက်၏။

"နေပါဦး . . ခင်ဗျားတို့က ဒီကိစ္စထဲမှာ ဖြူကို



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဆွဲထည့်ရတာလဲ"

"သူ့အရည်အချင်းကို ငါတို့သိလို့ပေါ့ . . နေဦး ငါ ပြောမယ်၊ မင်းသေသေချာချာနားထောင် . . ဖြူဖြူက ငါတို့အတွက် ကားမောင်းပေးရမယ်၊ လှည့်ကွက်တစ်ကွက် မှာဝင်ပြီး ဟန်ဆောင်ပေးရမယ်၊ သူလုပ်ရမယ့်အလုပ်က အန္တရာယ်မရှိလှပါဘူး"

ခွဲ ခေါင်းဆတ်ခါသည်။

"ကျွန်တော် သဘောမကျဘူးဗျာ"

"မင်းက ဘာကို သဘောမကျတာလဲ"

"အခုကိစ္စထဲမှာ ဖြူပါလာတာကိုပေါ့"

အောင်ခက်၏မျက်နှာ တည်ကြည်သွားသည်။ ခွဲကို လှမ်းကြည့်လိုက်သည့် သူ့အကြည့်တွင် တင်းမာခက်ထန် ဟန်တွေ ရောပါနေ၏။

"မင်း သဘောမကျတာ မကျတာကို ငါတို့ ဂရုမ စိုက်ဘူး ခွဲ၊ အခု လုပ်ရမယ့်အလုပ်ဟာ နှစ်ပေါင်းများစွာ ကတည်းက ငါမက်ခဲ့တဲ့ အိပ်မက်ကွ . . ဒီအိပ်မက်ကို အ





ကောင်အထည်ဖော်တဲ့နေရာမှာ ဘာအတားအဆီး အဟန့် အတားကိုမှ ငါ ဂရုမစိုက်ဘူး၊ လုပ်စရာရှိတာကို ပြတ်ပြတ် သားသား လုပ်မယ် . . ငါ့အလုပ်ထဲမှာ မင်းနဲ့ဖြူဖြူ ပါရ မယ်၊ ဒါကို သဘောမကျလို့ မင်းက မပါချင်ဘူးဆိုရင်လည်း မပါနဲ့၊ ငါ မင်းကို စောစောကပြတဲ့ ဓာတ်ပုံတွေအပြင် သူ့ ထက်ပိုပြီး မင်းတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုကိုဖော်ထုတ်ရာမှာ အထောက်အကူဖြစ်မယ့် ဓာတ်ပုံတွေ သက်ဆိုင်ရာလက်ထဲ အပ်နှံလိုက်ရုံပဲ"

"ခင်ဗျား တော်တော်ယုတ်မာပါလား . . ကျွန်တော့် ကို အမှုတွဲထဲ ဆွဲထည့်မယ်ဆို တော်ရောပေါ့၊ အခုတော့ ဖြူဖြူ့ကိုပါ ဆွဲထည့်ရတယ်လို့"

အိမ်အတွင်းဘက်မှ လှုပ်ရှားသံကိုကြားရသည်။ လှုပ်ရှားသံနှင့်အတူ အပြင်သို့ထွက်လာသော ဖြူဖြူအား တွေ့ရ၏။ ဖြူဖြူ့မျက်နှာအမူအရာက ခွဲနှင့် အောင်ခက် အပြန်အလှန်ပြောဆိုနေသည့် စကားတို့ကို ကြားပြီးသည့် ဟန်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဖြူ . . ဘာဖြစ်လို့ ထွက်လာတာလဲ"

ဖြူဖြူက ခွဲ၏ဘေးတွင် လာရပ်သည်။ စိတ်အနှောင့်အယှက်ဖြစ်နေပုံရသော ခွဲ၏မျက်နှာကို မော့ကြည့်သည်။

"ဒီကိစ္စထဲမှာ ဖြူပါ ပါရမှာမို့ ထွက်လာတာ၊ ကိုအောင်ခက်ဆိုတာ ရှင်နော် . . ရှင်တို့ ဘာလုပ်မယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောမပြနိုင်ဘူးလား"

အောင်ခက်က ဖြူဖြူ့ကို စေ့စေ့ကြည့်ရင်း ပြုံးသည်။

အချိန်ကျရင် သိရမှာပေါ့ . . ဖြူဖြူ၊ လောလောဆယ်တော့ ငါတို့တစ်တွေ စုပေါင်းပြီး ပစ္စည်းတစ်ခုကို လုယူမယ်ဆိုတာလောက်သိရုံပဲ ကျေနပ်ပါ"

"နေဦး . . ကျွန်တော် တစ်ခုမေးဦးမယ်"

"မေးပါ . . ခွဲ မင်းစိတ်ထဲမှာ မရှင်းတာတွေ အားလုံးရှင်းသွားအောင် မေးပါ"

"ခင်ဗျားတို့ အခုလုပ်မယ့်ကိစ္စက မူးယစ်ဆေးဝါးနဲ့ပတ်သက်သလား"

"နိုး . . နိုး . . ငါတို့ အဲဒါလောက်ထိ မကြဲစည်ရဲပါဘူး"

"ဒါဖြစ်ရင်"

"မင်းက မသိရရင် ကျေနပ်မှာ မဟုတ်လို့အရိပ်အမြွက်လောက်တော့ ပြောမယ်၊ လူတစ်ယောက်ဆီက ရတနာပစ္စည်းကိုလုမှာ . . အဲဒါပဲ"

"အဲဒါဆိုရင်တော့ ခင်ဗျားတို့ကိစ္စမှာ ကျွန်တော်တို့ ဝင်ပါရတာပေါ့၊ ဘယ်တော့ အလုပ်စမယ် . . ကျွန်တော်တို့ဘက်က ဘာတွေပြင်ဆင်ထားရမယ် ပြောပေတော့"

"တစ်ဖက်က အခြေအနေကို စုံစမ်းထားတာ . . အတိအကျ မသိရသေးလို့ အလုပ်စမယ့်ရက်ကို မသတ်မှတ်ရသေးဘူး၊ မင်းတို့ ဒီကနေပဲစောင့် . . ငါလိုချင်တဲ့အဖြေကိုရတာနဲ့ မင်းတို့ကို လာဆက်သွယ်မယ်"

"ဟုတ်ပြီ . . အလုပ်ပြီးတဲ့အခါ ခင်ဗျားလက်ထဲမှာရှိတဲ့ ဓာတ်ပုံတွေကို ပြန်ရနိုင်မလား"

"ရနိုင်မလား . . မမေးနဲ့ . . ပြန်ရရစေ့မယ်၊ နဂတစ်ပါပေးမှာ . . ပုံတစ်ပုံတောင် ငါတို့ဆီမှာ မကျန်စေရ




www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဒါက ခင်ဗျားအပြောလေ . . အဲဒီစကားကို ဘာ အထောက်အထားနဲ့ ကျွန်တော်တို့ ယုံကြည်ရမလဲ"

အောင်ခက်က အရောင်လက်နေသော မျက်လုံးအစုံဖြင့် ဇွဲအားကြည့်သည်။

"အထောက်အထားကတော့ ငါ့စကားပဲ၊ ငါက ဒါလုပ်မယ်ဆိုရင် လုပ်မယ်ပဲ၊ ဘယ်တော့မှ ပြောင်းလွဲတတ်တဲ့ကောင် မဟုတ်ဘူး"

ဇွဲ တွေခနဲဖြစ်သွားသည်။ ပြီးမှ သက်ပြင်းချရင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ . . ခင်ဗျားတို့နဲ့ ကျွန်တော် လက်တွဲပါ့မယ်"

"ဝမ်းသာတယ်ဟေ့ . . မင်းတို့နှစ်ယောက်ပါရင် ငါတို့ကိစ္စ အောင်မြင်မှာ အသေအချာပဲ၊ ဒါပဲ ဟုတ်လား ငါတို့သွားမယ် စောစောက ပြောသလို လူပ်ရှားတော့မယ် ဆိုတာနဲ့ မင်းတို့ကို လာခေါ်မယ်"



အခန်း (၃)



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်သည် တန်းစီပြီးရပ်နေသူ ဆယ်ယောက်အား အသေအချာ လိုက်ကြည့်နေသော ဆင်ပေါက်နှင့် စန်းကိုတို့ကို အကဲခတ်လိုက်သည်။

လူဆယ်ယောက်၏မျက်နှာကို အသေအချာကြည့်ပြီးနောက် စန်းကိုက ခေါင်းခါပြသည်။ မရှေးမနှောင်းမှာပင် ဆင်ပေါက်ကလည်း ခေါင်းခါပြသည်။

"သူတို့ထဲက တစ်ယောက်မှ မဟုတ်ဘူး ဆရာ"

"ခင်ဗျားတို့ သေချာတယ်နော်"





"သေချာပါတယ် ဆရာ . . ကျွန်တော်တို့ အဲဒီနှစ်ယောက်ကို အသေအချာ မှတ်မိပါတယ်။ အောက်မေးစေ့ရဲ့ညာဘက်နှုတ်ခမ်းဖျားမှာ မှဲ့တစ်လုံးရှိနေတယ်"

စဝ်ရန်နိုင်က တန်းစီပြီးရပ်နေသူတို့အား လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။ တန်းစီရပ်နေသူတို့ အခန်းထဲမှထွက်သွားကြ၏။

"စောစောကလူတွေဟာ ဒီနယ်မြေမှာ ကျင်လည်ကျက်စားနေတဲ့လူတွေပဲ . . ခင်ဗျားတို့ပစ္စည်းလုသွားတဲ့လူသူတို့အထဲမှာ မပါဘူးဆိုတော့ လုပ်စရာတစ်ခုပဲ ရှိတော့တယ်၊ ခင်ဗျားတို့ ကျွန်တော်နဲ့လိုက်ခဲ့ကြပါ"

စဝ်ရန်နိုင်က စန်းကိုနှင့် ဆင်ပေါက်တို့ကိုခေါ်ပြီး ကွန်ပျူတာခန်းသို့ဝင်သည်။ ကွန်ပျူတာတစ်လုံးနှင့် အလုပ်လုပ်နေသူအား မေတ္တာရပ်ခံပြီး စန်းကိုနှင့် ဆင်ပေါက်တို့ပြောပြသည့် လုံ့ပုံသဏ္ဍာန်ကို ဖော်ခိုင်းသည်။ ကွန်ပျူတာသမားက စန်းကိုတို့ပြောပြသမျှကို နားထောင်ပြီး လူတစ်ယောက်၏ပုံကို ကွန်ပျူတာဖြင့် ပုံဖော်ရေးဆွဲစေသည်။



www.burmeseclassic.com

www.burmeseclassic.com



စန်းကိုနှင့် ဆင်ပေါက်တို့က ကွန်ပျူတာတွင် ထင်လာသည့်ပုံတွေကို အသေအချာကြည့်သည်။ ပုံဆယ်ပုံခန့် ဖော်ကြည့်ပြီး ဆယ့်တစ်ပုံမြောက်တွင် ဆင်ပေါက် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ဟာ . . ဒီပုံ . . ဒီပုံ . . ကျွန်တော်တို့တွေ့ခဲ့တဲ့လူရဲ့မျက်နှာက ဒီမျက်နှာမျိုးပဲ"

"ဟုတ်တယ် . . ဆရာ ကောင်လေးရဲ့မျက်နှာက ဒီမျက်နှာမျိုးပဲ"

စဝ်ရန်နိုင်က ကွန်ပျူတာသမားကို မသိမသာ မျက်ရိပ်ပြသည်။ ကွန်ပျူတာသမားက နားလည်သဘောပေါက်ဟန် ခေါင်းညိတ်ပြ၏။

"လာဗျာ . . ကျွန်တော်တို့ ဟိုစားပွဲမှာ သွားထိုင်ကြမယ် . . ကျွန်တော် သိချင်တာ တစ်ခုနှစ်ခုလောက် မေးပါရစေ"

"ဟုတ်ကဲ့"

စဝ်ရန်နိုင်က အခန်းထောင့်စားပွဲကျယ်ကြီးနောက်





သို့ဝင်လိုက်ပြီး ဆုံလည်ကုလားထိုင်တွင် ထိုင်သည်။ ဆင်ပေါက်နှင့် စန်းကိုတို့က စားပွဲရှေ့ရှိ ကုလားထိုင်များတွင် ထိုင်၏။

"ခင်ဗျားတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး အခု အလုခံသွားရတဲ့ကျောက်ကို ကြည့်နေတုံးက လုယက်သွားတဲ့ ကောင်မလေးနဲ့ ကောင်လေး အနီးအနားမှာ ရှိနေတာ သတိထားမိသလား"

ဆင်ပေါက်နှင့် စန်းကိုတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့် လိုက်ကြသည်။

"အမှတ်တမဲ့ပဲ ဆရာ . . ကျွန်တော်တို့ ကားငှားနေတုံး တက္ကစီတစ်စီးအနားမှာ လာရပ်မှ သတိထားမိတာ၊ သူတို့ပုံစံတွေက သန့်သန့်ပြန့်ပြန့် ရည်ရည်မွန်မွန်တွေဆိုတော့ စိတ်ထဲမှာ ဘယ်လိုမှတောင် မဖြစ်ဘူး၊ ကောင်မလေးက သေနတ်ထုတ်ပြီးချိန်တော့မှ လန့်ဖျပ်ပြီး မျက်လုံးတွေ ပြာသွားရတာ၊ နောက်တော့ ကောင်လေးက ကျွန်တော်တို့နှစ်ယောက်ကို လက်ဝါးစောင်းနဲ့ သတိမေ့အောင် ခုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

"သူတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက်နာမည်ခေါ်တာ . . ပြုတာတွေကော . . ကြားမိလား . ."

"မကြားမိဘူး ဆရာ"

"ကောင်မလေးလက်ထဲက သေနတ်ဟာ ကလေးကစားစရာ သေနတ်ဆိုတာကိုတော့ သံသယ မဝင်မိဘူးလား.."

"ကောင်မလေးလက်ထဲက သေနတ်ဟာ ကလေးကစားစရာ မဟုတ်ဘူး ဆရာ . . အသံတိတ်သေနတ် .. ဒါကိုတော့ ကျွန်တော်သိတယ် .. "

ခင်ဗျား သေနတ်ကို မြင်ဖူးလို့လား .. "

စန်းကို ခေါင်းခါပြသည်။

"အနီးကပ်တော့ မမြင်ဖူးဘူး .. "

"ဒါကြောင့်လဲ သေနတ်အတုဆိုတာကို မသိတာပေါ့ .. အငှားကားကလည်း ခိုးလာတဲ့ကား . . ကိစ္စပြီးသွားတော့ ကောင်မလေးက သေနတ်အတုကို ကားပေါ်မှာ ပစ်ထားခဲ့တယ် . . ကားရပ်ထားတဲ့နေရာနဲ့ မနီးမဝေးမှာ ဆိုင်





ကယ်တစ်စီးရပ်ထားတာကိုတော့ သတိထားမိလား .. "

"အမှတ်တမဲ့ဘဲ .. ဆရာ . ."

စားပွဲပေါ်မှ ကယ်လီဖုန်းအသံ မြည်လာသည်။ စဝ်ရန်နိုင်က ဖုန်းကို မယူနားထောင်လိုက်၏။

"ရန်နိုင် ပြောနေပါတယ် . . အမိန့်ရှိပါ . . "

. . . .

"အော် . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . "

တစ်ဖက်မှ ပြောစကားကို ခေါင်းညိတ်လိုက်၏။ ဟုတ်ကဲ့ဟုဆိုလိုက်ပြီး နားထောင်သည်။ ထို့နောက် ဖုန်းကို ချလိုက်သည်။

"သတင်းတစ်ခုတော့ ရပြီ . . "

"ဘာသတင်းလဲ ဆရာ . . "

"ခင်ဗျားတို့ ပစ္စည်းအလုခံရတဲ့ညနေမှာ ဆိုင်ကယ်ကောင်လေးတစ်ယောက်(. . . .)လမ်းက ထွန်းရတနာဆိုင်မှာ ပတ္တမြားလုံးချော တစ်ပွင့်လာရောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တယ် . . ခင်ဗျားတို့ ပစ္စည်းလိုက်ကြည့်ရင် မှတ်မိပါတယ်နော်"

"ဟာ . . မှတ်မိတာတောပေါ့ . . သေသေချာချာကို မှတ်ပါတယ် . . ဆရာ . ."

"ဒါဆိုရင် . . ကျွန်တော်တို့ သွားကြည့်ရအောင် . . ကောင်လေးက ပတ္တမြားကို ငါးသိန်းနဲ့ ရောင်းသွားတယ်တဲ့"

စန်းကို၏ကိုယ် ဆတ်ခနဲ တုန်သွားသည်။ သူက စပ်ရန်နိုင်အား မျက်လုံးအဝိုင်းသားနှင့်ကြည့်သည်။

"ဒီကောင်လေးတွေ ပစ္စည်းတန်ဖိုးကို နားမလည်ဘဲ သူခိုးဈေးနဲ့ရောင်းသွားတာပဲ ဖြစ်မယ်"

စပ်ရန်နိုင်က တစ်စုံတစ်ရာ ထပ်မပြောတော့ဘဲ ဆင်ပေါက်၊ စန်းကိုတို့နှင့်အတူ ရုံးခန်းကျယ်ကြီးမှ ထွက်လိုက်လေသည်။

. . .

စပ်ရန်နိုင်က စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်





သည်။ စီးကရက်မီးခိုးများက မျက်နှာချင်းဆိုင်တွင် ထိုင်နေသော စိုင်းနွတ်ထံသို့ တန်းတန်းမတ်မတ် တိုးဝင်သွား၏။

"သူနဲ့ပတ်သက်တဲ့ အကြောင်းအရာ မှတ်တမ်းထဲမှာ မရှိဘူး၊ သူက မှတ်တမ်းဝင်လူဆိုးတစ်ယောက် မဟုတ်ဘူးလေ . . ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ စပ်"

စပ်ရန်နိုင် သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူ့နာမည် ဖွဲ့ဆိုတာရယ်၊ သူဟာ သူဌေးကြီးတစ်ယောက်ရဲ့သားဆိုတာတွေကို ကိုယ်သိတယ်၊ ကွန်ပျူတာနဲ့ ဖော်ထားတဲ့ လုယက်သမားရဲ့ပုံက သူ့ပုံဘဲ၊ နှုတ်ခမ်းဖျားမှာ ပုံပါတာ၊ တိုက်ခိုက်ရေး ကျွမ်းကျင်တာတွေရယ်က ခုတလော ဖြစ်သွားတဲ့ လုယက်မှုတွေနဲ့ ပတ်သက်နေတဲ့လူက ဖွဲ့ဆိုတာ သံသယ ဖြစ်စရာကို မရှိဘူး"

"အဲဒီ ဖွဲ့ဆိုတဲ့ ကောင်လေးကို စပ် သေသေချာချာသိတယ်ပေါ့ . . ဟုတ်လား"

"သိတယ် . . စိုင်း၊ သူနဲ့ပတ်သက်ပြီး တစ်ခြားလူ



www.burmeseclassic.com

www.burmeseclassic.com



တွေ မသိတာကိုတောင် ကိုယ်သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကိုယ့်ညီဝမ်းကွဲလေးမို့ပဲ"

"ဟင်"

စိုင်းနွံတ် အံ့အားတသင့် ဖြစ်သွားရသည်။ သူက စဝ်ရန်နိုင်အား မျက်လုံးအဝိုင်းသားနှင့် ကြည့်၏။ စဝ်ရန်နိုင်က ပင့်သက်တစ်ချက်ရှိုက်လိုက်သည်။

"ပြောရရင်တော့ ခွဲဟာ ပြဿနာလူငယ်တစ်ယောက်ပေါ့ . . စိုင်း၊ သူ့မှာ မိဘရှိတယ်၊ ဒါပေမယ့် မိဘရဲ့ကြင်နာမှုကို မရဘူး၊ မိဘနှစ်ပါးရဲ့ဒဏ်ကို ခံရတယ်လို့ပြောရမလားပဲ၊ အဖေလုပ်တဲ့လူက စီးပွားရေးထဲမှာ နစ်နေတယ်၊ အမေကလင်ဖြစ်တဲ့သူရဲ့ ပစ်ပယ်ခံထားရတယ်ဆိုတဲ့ အတွေးအမြင်နဲ့ သူစိတ်ချမ်းသာသလို နေတယ်၊ အဲဒီလိုကနေ ယောကျ်ားကအငယ်အနှောင်းတွေနဲ့ဖြစ်လာ မယားက ဖဲဝိုင်းတွေသွား၊ အချိန်ဖြုန်းတဲ့အဖြစ်ကို ရောက်ရော . . အဲဒီမှာ ခွဲက မိဘနှစ်ပါးရဲ့ မပြေလည်တဲ့ဒဏ်ကိုခံရပြီး လမ်းပေါ်ကိုရောက်လာတာပဲ"





"ဟူး . . စိတ်မောစရာပါလား၊ ဒီကောင်လေးအကြောင်း သူ့မိဘတွေ မသိဘူးလား"

"မသိဘူး . . ကိုယ်ဖုန်းဆက်ပြီးမေးတော့မှ အိမ်ကနေထွက်သွားတာ သုံးလလောက်ရှိပြီပြောတယ်၊ သူတို့သား ဘယ်ရောက်နေ ဘာဖြစ်နေမှန်း မသိကြဘူး"

"ဒွိနဲ့တွဲနေတဲ့ ကောင်မလေးဆိုတာကကော"

"ခုထိအောင် စုံစမ်းလို့ မရသေးဘူး"

"သူ့မိဘတွေက ရန်ကုန်မှာ နေတာလား"

စဝ်ရန်နိုင် ခေါင်းခါပြသည်။

"မဟုတ်ဘူး . . သူတို့ မန္တလေးမှာနေကြတာ၊ အဲဒီမှာ ပွဲရုံလုပ်ငန်း လုပ်ကြတယ်၊ သူတို့သား ဒုစရိုက်သမားတစ်ယောက်ဖြစ်နေပြီဆိုတာ သိတော့မှ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ အရုပ်ကြိုးပါ လူဝိုင်းပါ ဖြစ်နေပြီလေ"

စဝ်ရန်နိုင်ထံမှ အမောတွေ ကူးစက်လာဟန်ဖြင့် စိုင်းက သက်ပြင်းချလိုက်သည်။

"သူတို့ အခု ကျူးလွန်တာ လုယက်မှုလောက်ပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ အဲဒီကနေတစ်ဆင့်တက်ပြီး တစ်ခြားရာဇဝတ်မှု တွေကျူးလွန်မိရင် ဒီကလေးရဲ့နောင်ရေး မကောင်းနိုင်တော့ဘူး . . မိဘတွေအနေနဲ့ အချိန်မီ ထိန်းသိမ်းဖို့ကောင်းပြီလို့ ထင်တယ်''

"ကိုယ်လည်း ဒီလိုပဲ တွေးမိတာပဲ၊ ဒါပေမယ့် ခွဲက ဘယ်ရောက်နေမှန်း မသိဘူး၊ သူ့ကို ခြေရာကောက်လို့ကို မရနိုင်ဘူး စိုင်း . . အဲဒါတော့ ဘာဆက်လုပ်ရကောင်းမလဲလို့ ကိုယ်စဉ်းစားနေတာ''

စဝ်ရန်နိုင်က တိုသွားသည့် စီးကရက်ကို ပြာခံခွက် ထဲထိုးထည့် ငြိမ်းသတ်လိုက်သည်။ စီးကရက်ကို ငြိမ်းသတ်ပြီးချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်းက မြည်လာသဖြင့် ဖုန်းကိုမယူ နားထောင်သည်။

"ဆရာ . . ကျွန်တော် ကွာစိပါ''

"ဟေ . . ကွာစိ . . ပြော . . ဘာသတင်းထူးလို့လဲ''

"ဆရာစုံစမ်းခိုင်းတဲ့ ကောင်လေးအကြောင်း





သတင်းရလို့ သူက ဖြူဖြူဆိုတဲ့ ကောင်မလေးနဲ့တွဲနေတယ် သူတို့ ( . . . . )မြို့သစ်မှာ ခြောက်လစာချုပ်နဲ့ အိမ်တစ်လုံးငှားနေ နေကြတယ်''

"အိမ်လိပ်စာကို မင်းသိသလား ကွာစိ''

"သိပါတယ် ဆရာ''

တစ်ဖက်မှ အိမ်လိပ်စာကိုပြောသဖြင့် စဝ်ရန်နိုင်က ရေးမှတ်လိုက်၏။

"နောက်တစ်ခု ရှိသေးတယ် ဆရာ''

"ဘာလဲပြော''

"တလောကပဲ ထောင်ကနေထွက်လာတဲ့ အောင်ခက်က ကောင်လေးတွေဆီကို ရောက်လာတယ်လို့ သိရတယ်''

"အောင်ခက် . . ဟုတ်လား . . ဘယ်အောင်ခက်လဲ''

"ဦးရာဇာရဲ့တပည့် အောင်ခက်လေ . . ဆရာ''

"ဟုတ်ပြီ . . သိပြီ၊ ဒီကောင် ထောင်က လွတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ကိုး၊ အပြင်ရောက်တာနဲ့ ရာဇဝတ်မှုကျူးလွန်ဖို့ ကြံစည်နေပြီနဲ့တူတယ်''

''ဟုတ်တယ် ဆရာ . . သူက ဆရာ့ကောင်လေးတွေနဲ့တွဲပြီး တစ်ခုခုလုပ်လိမ့်မယ် ထင်တယ် . . ခရီးထွက်မလို့ ပြောသံကြားတယ်''

''ဘယ်ကို ခရီးထွက်မှာတဲ့လဲ''

''အဲဒါတော့ မသိရဘူး ဆရာ''

''နောက် ဘာထူးသေးသလဲ ပြောပါဦး''

''ကျွန်တော် ကြားသမျှ သိသမျှ ဒါအကုန်ပါပဲ ဆရာ့ကောင်လေး ငှားနေတဲ့အိမ်ကိုသွားပြီး အချိန်မီ ထိ လိုက်နိုင်ရင်တော့''

''ဟေ့ . . ကွာစိ တော်တော့၊ ငါ့အလုပ် ငါသိတ အခု သတင်းပေးတဲ့အတွက် မင်းရသင့်တာ ရစေရမ ကြားလား''

''ဟုတ်ကဲ့ ဆရာ . . ဟုတ်ကဲ့''

စဝ်ရန်နိုင်က ဖုန်းချလိုက်သည်။ သတင်းပေးသူ





မှ သူ့ရလိုက်သည့်သတင်းကို စိုင်းနွတ်အား ပြန်လည်ဖောက်သယ်ချသည်။

''ကောင်လေးရဲ့နေရာကိုသိပြီး ကိုယ်တို့ အဲဒီကို သွားကြရအောင် စိုင်း''

စိုင်းနွတ် ခေါင်းညိတ်ပြပြီး စဝ်ရန်နိုင်နှင့်အတူ နေရာမှ ထလိုက်လေသည်။

၆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)



www.burmeseclassic.com

www.burmeseclassic.com



အောင်ခက်၏အစီအစဉ်အတိုင်း တစ်ယောက်တစ်လမ်းစီခွဲကာ မန္တလေးသို့ ထွက်ခဲ့ကြသည်။

မန္တလေးမြို့ပြင် ဓီးခြံတစ်ခြံတွင် တစ်ပတ်ခန့်ရှိနေပြီး လှုပ်ရှားမှုတစ်ခုကို အချိန်ကိုက်လုပ်ကိုင်နိုင်ရန် လေ့ကျင့်ကြသည်။

တစ်ပတ်မျှ အိမ်တစ်အိမ်တွင် အတူနေဖြစ်ကြသည့်အခါ တစ်ယောက်အကြောင်းကို တစ်ယောက် သိလာကြရသည်။ ထိုသို့သိလာသည်နှင့် ဗွဲမှာ အောင်ခက်၏အစီအ





စဉ်တွင် မပါဝင်နိုင်အောင် ဖြစ်လာ၏။

လေ့ကျင့်မှုများတွင် ပါဝင်လိုက်လုပ်နေသော ဖြူဖြူကိုလည်း အားမလိုအားမရ ဖြစ်လာမိသည်။

တစ်ပတ်တင်းတင်းပြည့်သည့်နေ့ အောင်ခက်နှင့်ထွန်းမောင်တို့ အပြင်ထွက်သွားပြီး စိုးတစ်ယောက် သော့ကွဲတစ်တွဲနှင့် အလုပ်ရှုပ်နေစဉ် ဗွဲက ဖြူဖြူကိုလက်တို့ပြီး မြဲထဲသို့ဆင်းခဲ့သည်။ ခြံဝင်းအနောက်ဘက် ဓီးပင်များအောက်တွင် နှစ်ယောက်အတူ ထိုင်မိကြသည်။

"ဘာဖြစ်လို့လဲ ဗွဲ . . ဘာများ အရေးတကြီးပြောရာရှိလို့ ဖြူကို အပြင်ခေါ်ထုတ်လာတာလဲ"

"မကျေနပ်တာတွေ ပြောချင်လို့ပေါ့ . . ဖြူ . . ဘာဖြစ်လို့ အရောတဝင် နေရာတာလဲ"

ဖြူဖြူက ဗွဲကို မျက်မှောင်ကြုတ်ပြီးကြည့်သည်။

"အလုပ်အတူ လုပ်ရမယ့်လူတွေလေ . . ဗွဲရဲ့၊ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးနေရမှာပေါ့၊ ရင်းရင်းနှီးနှီးနေပေမယ့် ဖြူက သူ့ကို အနားကပ်မခံပါဘူး၊' သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com

လုံးတွေကိုကြည့်တာနဲ့ သူ့မှာ ဘာရည်ရွယ်ချက်တွေ ရှိတယ်ဆိုတာ ဖြူသိပါတယ်"

"သိရဲ့သားနဲ့များ ဖြူရယ် . . တကယ်ဆို ဒီလူနဲ့ ဝေးဝေးမှာနေပြီး ခပ်တန်းတန်းပဲ ရှိနေသင့်တယ်"

"ခုလည်း ဖြူက သူ့ကိုရောမနေပါဘူး၊ မှန်တန်းပဲ နေတာပါ . . တစ်ခါတစ်လေတော့ လုပ်ဖော်ကိုင်ဖက်အဖြစ် ရင်းရင်းနီးနီး ခေါ်ပြောတာမျိုးလောက်ပဲ ရှိပါတယ်"

"အဲဒါလေးလောက်တောင် ကိုယ်မကြိုက်ဘူး ဖြူ"

ဖြူဖြူက ရှုးသိုးသိုးနိုင်သော ခွဲ၏မျက်နှာကို ကြည့်ရင်း ပြုံးသည်။ တစ်ဆက်တည်းပင် ဘေးချင်းယှဉ်၍ထိုင်နေသော ခွဲ၏ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်သည်။

"ခွဲက ဖြူ့ကို မယုံလို့ သဝန်တိုနေတာလား"

"မဟုတ်ဘူး . . ဖြူ့ကို ကိုယ်ယုံတယ်၊ အခုဟာက သဝန်တိုတာလည်း မဟုတ်ဘူး၊ ဒီလူ့ကို သဘောမကျတာဖြစ်နိုင်ရင် ကိုယ် သူနဲ့မပတ်သက်ချင်ဘူးဖြူ . . ဒီအလုပ်ထဲမှာလည်း ဝင်မပါချင်တော့ဘူး"

ဖြူဖြူက လက်ချောင်းသွယ်သွယ်လေးများဖြင့် ခွဲ၏ဆံပင်ကိုဖွပစ်သည်။ ရှုးသိုးသိုးဖြစ်နေသော ခွဲ၏မျက်နှာကိုကြည့်ရင်း ချိုမြစွာပြုံးသည်။

"ဒီမှာကြည့်စမ်းပါ . . ခွဲ"

ခွဲက ဖြူဖြူ့ကို လှည့်ကြည့်သည်။ ချိုမြစွာပြုံးနေသော ဖြူဖြူ့မျက်နှာကို စူးစိုက်ကြည့်ရင်း ရင်မှာ နွေးထွေးသလို ခံစားရလာ၏။

"ဖြူ . . ဘာပြောမလို့လဲ"

"ဖြူ့ကို ချစ်သေးရဲ့လားလို့ . . မေးမလို့"

"ဖြူရယ် . . ဒါမေးစရာ မဟုတ်ပါဘူး၊ ကိုယ် မင်းကို အသက်လောက်ချစ်တယ်ဆိုတာ မင်း သိသင့်ပါတယ် မင်းကသာ ကိုယ်ချစ်သလောက် မချစ်ဘဲ ငွေရဖို့ အချိန်ပြည့်စဉ်းစားနေတာ"

ဖြူဖြူ့မျက်နှာမှာ အပြုံးတွေ ရောက်သွားသည်။ ၂ူမက ခွဲ၏ကိုယ်ကို နွဲ့လျစွာမှီလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ဒီလို မဟုတ်ပါဘူး ခွဲရယ် . . အဲသလို မထင်ပါနဲ့နော်"

"မထင်ပါဘူး ဖြူရယ် . . မထင်ပါဘူး . . ဖြူ့အချစ်ကို ကိုယ်ယုံပါတယ် . . ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ခွဲ"

"ဒီလူတွေကို ကိုယ်မယုံဘူး . . အထူးသဖြင့် ထွန်းမောင်ကို ကိုယ်မယုံပါဘူး၊ ဒီလူဟာ အခွင့်အရေးရရင် ဖြူ့ကိုစော်ကားဖို့ကြံလိမ့်မယ်၊ သူ့မျက်လုံးတွေကို ကိုယ် ဖတ်တတ်တယ် . . ဖြူ . . ကိုယ်သိနေတယ်"

ဖြူဖြူ ရယ်လိုက်သည်။ ရယ်ရင်း ခွဲ၏ပါးပြင်ကို ရွှတ်ခနဲ နမ်းသည်။

"ဖြူဟာလေ ခွဲအတွက် မွေးဖွားလာတာ၊ ခွဲကိုချစ်ဖို့ ခွဲရဲ့အချစ်ကိုခံယူဖို့ လူဖြစ်လာတာ သိတယ်နော်"

ဖြူဖြူ့စကားကိုနားထောင်ရင်း ဖြူဖြူ့မျက်နှာကို ကြည့်ရင်း ဖြူဖြူ့ရင်ခွင်မှာခိုရင်း ခွဲ၏မျက်နှာ တဖြည်းဖြည်း ကြည်လင်လာသည်။





"အမှန်အတိုင်းပြောရရင် ဒီအလုပ်ကို ကိုယ်မလုပ်ချင်ဘူး . . ဖြူ့အတွက် လုပ်နေတာ . . ဒါကိုဖြူသိတယ်နော်"

"သိပါတယ် ခွဲရယ်"

"သိတယ်ဆိုရင် ဖြူ့ကိုယ်ဖြူပြင်ဖို့ ကြိုးစားပါ"

"ဖြူပြောမယ် . . သေသေချာချာ နားထောင်နော် ခွဲ"

"ပြောပါ ဖြူဖြူ"

"ဒီနေ့ကစပြီး ဖြူ့ကိုယ်ဖြူ ပြင်မယ်၊ ခွဲ သတိထားကြည့်နေ . . ဖြူ့မှာ ချို့ယွင်းချက်ရှိလာရင် ချက်ချင်းပြောဟုတ်ပြီလား"

ခွဲ ခေါင်းညိတ်လိုက်သည်။

"ဖြူ . . ပေါ့ပေါ့ပြောနေတာ မဟုတ်ဘူးနော်၊ ရင်ထဲအသည်းထဲက လေးလေးနက်နက် ပြောနေတာ"

"အင်းပါ . . ဖြူရယ် . . ကိုယ်သိပါပြီ၊ ဖြူ့စကားကို ကိုယ်မှတ်ထားမယ်၊ ကိုယ်ယုံထားမယ်နော် . . ဖြူ"


www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးသော ခံစားချက်တွေ ရင်ထဲသို့ တိုးဝင်လာသည်။ ဇွဲက ဖြူဖြူ့ကို ကြင်နာစွာထွေးဖက်ထားလိုက်သည်။

"ဇွဲ"

"အင်"

"ဒါနောက်ဆုံးနော် . . ဒီအလုပ်ကို လုပ်တာ နောက်ဆုံးပဲ၊ ဒီတစ်ခါပြီးရင် ဖြူတို့ အေးချမ်းတဲ့နေရာတစ်ခုမှာ နှစ်ယောက်ထဲ သွားနေကြမယ်နော်"

ကြည်နူးချမ်းမြေ့ခြင်းက အရာခပ်သိမ်းကို မေ့လျော့သွားစေသည်။ ကြည်နူးနေရစဉ် အချိန်တွေ လျင်မြန်စွာ ကုန်ဆုံးသွားခဲ့၏။ အပြင်ဘက်မှ ကားတစ်စီး၏ဟွန်းသံကို ကြားရမှ ဖြူဖြူနှင့်ဇွဲတို့ နေရာမှ ကပျာကယာထကြသည်။

"သူတို့ ပြန်လာပြီနဲ့တူတယ်"

"ဟုတ်တယ် . . ဖြူ၊ သူတို့ ပြန်လာကြပြီ ကိုယ်တို့လည်း သွားကြရအောင်"

"ဇွဲ . . ဖြူပြောထားတာတွေကို မမေ့ပါနဲ့နော်၊





သူတို့နဲ့ အဆင်ပြေအောင်နေပါ . . ဘယ်သူနဲ့မှ ပြဿနာ မဖြစ်ပါစေနဲ့"

"အေးပါ . . ဖြူရဲ့"

"ကိစ္စအားလုံး အဆင်ပြေပြေနဲ့ ပြီးသွားဖို့ပဲ အရေးကြီးတယ် . . သိလား"

"အင်းပါဆို . . ကိုယ့်အတွက် စိတ်ချနေစမ်းပါဖြူ . . ဘာပြဿနာမှ မဖြစ်စေရဘူး"

ဖြူဖြူက ဇွဲနှင့်အတူ လှျောက်ရင်း တစ်ချက်သန်းထလိုက်သည်။ ဇွဲ၏အကြည့် ဖြူဖြူ့ထံသို့ ဖျပ်ခနဲရောက်လာ၏။

"ဖြူ"

ဖြူဖြူက ဇွဲ၏လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။

"ဖြူ အခန်းထဲကို သွားမယ်နော်"

"သွားပါ . . ဖြူ . . သွား . . သွား"

ဖြူဖြူက အိမ်ပေါ်သို့အပြေးအလွှားတက်ပြီး အခန်း



www.burmeseclassic.com

www.burmeseclassic.com


ထဲသို့ဝင်သွားသည်။ ဖွဲက ခြံဝင်းထဲသို့ ဘီးလိမ့်မောင်းဝင်လာသော ဂျစ်ကားကို လှမ်းကြည့်၏။ ဂျစ်ကား အိမ်ရှေ့တွင် ရပ်သွားသည်။ ကားပေါ်မှ အောင်ခက်နှင့် ထွန်းမောင်တို့ ဆင်းလာကြသည်ကို တွေ့ရလေ၏။

. . .

ကြီးမားခန့်ထည်ပြီး ခေတ်မီသပ်ရပ်သော နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်ပေါက်မှ အစိမ်းရင့်ရောင် လင့်ရိဗာကားတစ်စီး ဘီးလိမ့်မောင်းထွက်သည်။

ဆံပင်ရှည်ရှည် အသားညိုညို ပခုံးကျယ်ကျယ်နှင့် လူတစ်ယောက် ကားကိုမောင်းလာသည်။ ကားပေါ်တွင် ကားမောင်းလာသူမှလွဲ၍ အခြားသူမပါ။ ကားကို ဘီးလိမ့်ရုံမောင်းလာသူက ရှေ့တူရူသို့ စူးစူးရဲရဲနိုင်သောအကြည့်ဖြင့် ကြည့်နေသည်။

"အဲဒါ ဦးနေရော်ရဲ့ ဒရိုင်ဘာ လူယုံပဲ၊ သူ့နာမည်က မာဒင်တဲ့၊ ဦးနေရော်က သူ့ကိုယုံကြည်အားကိုးတယ်၊ ယုံကြည်လောက်အောင်လည်း မာဒင်က သူ့သူဌေးအပေါ်သစ္စာရှိတယ်၊ သူ့သူဌေးအတွက်ဆိုရင် အသက်ပေးဖို့ ဝန်မလေးတဲ့ လူမျိုးပဲ"

မာဒင်မောင်းလာသည့် လင့်ရိဗာကား မြင်ကွင်းထဲမှပျောက်ကွယ်သွားသည်။ အောင်ခက်တို့၏အကြည့်က နှစ်ထပ်တိုက်ကြီးဆီသို့ ရောက်နေ၏။

"ဦးနေရော်ဟာ ကျိုကျိုတက် ချမ်းသာတယ်၊ သူ့မိန်းမဆုံးသွားတာ ဆယ်နှစ်ရှိပြီ . . သူ့မှာ သမီးနှစ်ယောက်ရှိတယ်၊ အခု . . ဒီမှာ သူတစ်ယောက်ထဲ နေတယ်"

"သူ့သမီးတွေကကော"

"မန္တလေးမှာလား . . ပြင်ဦးလွင်မှာလား မသိဘူး သူ့အစ်မတစ်ယောက်နဲ့ ထားတယ်လို့ကြားတယ်၊ အရေးကြီးတာက သူ့သမီးတွေ မဟုတ်ပါဘူး . . သူပါ၊ သူ့လှုပ်ရှားမှုကို ဒီနေရာကနေ အကဲခတ်ရမယ်၊ သူဟာ ဘယ်လိုလူလည်းဆိုတာသိမှ ငါတို့ လုပ်ရမယ့်အလုပ် အဆင်ပြေချောမောအောင် လုပ်နိုင်မှာ"

"သူ့အကြောင်းသိဖို့က မခဲယဉ်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက ခပ်တိုးတိုးပြောသည်။ အောင်ခက်က ဖြူ ဖြူ့ကိုလှည့်ကြည့်လိုက်၏။

"ဘယ်လို မခဲယဉ်းတာလဲ ဖြူဖြူ"

"ဖြူက သူ့အကြောင်းကို သိနေလို့ပေါ့၊ ဖြူ . . မိုး ကုတ်မှာနေဖူးတယ်၊ ဦးနေရော်အကြောင်းကို ကောင်း ကောင်းသိပါတယ်၊ သူက စီးပွားရေးလုပ်တယ် . . သိုင်း လေ့ကျင့်တယ်၊ တောပစ်ထွက်တယ် . . အရက်မသောက် ဘူး၊ ဖဲမရိုက်ဘူး . . မိန်းမ မရှုပ်ဘူး၊ သိပ်စည်းကမ်းကြီး တယ်၊ သူ့စည်းကမ်းနဲ့ပတ်သက်ပြီး သိပ်ပြတ်သားတယ်"

"အင်း . . ပြောပါဦး"

"သူ့သမီးအကြီးက အဖေရဲ့စည်းကမ်းကို လိုက်နာ တယ်၊ အဖေက ထိုင်ဆိုထိုင် . . ထဆိုထ၊ အငယ်မကတော့ ဒီလို မဟုတ်ဘူး၊ သူလုပ်ချင်လုပ်တယ် . . အဲဒါကြောင့် ဦးနေရော်ဟာ သူ့သမီးအငယ်ကို အိမ်ကနေ နှင်ထုတ်လိုက် တယ်"

"ဟုတ်လား . . သူ အခုဘယ်မှာလဲ"





"အဲဒါတော့ ဖြူလည်း မသိဘူး၊ ဒီမှာနေတုံးက အငယ်မဟာ ဖြူ့သူငယ်ချင်းလေ . . ဒီကနေထွက်သွားတဲ့ နောက် သူနဲ့အဆက်အသွယ် မရှိတော့ဘူး"

ခွဲက ဦးနေရော်အကြောင်း ပြောပြနေသော ဖြူဖြူ့ မျက်နှာကို မျက်မှောင်ကြုံ့ပြီးကြည့်သည်။

"ဖြူ . . ဒီအကြောင်းကို ကိုယ့်ကို မပြောဖူးပါလား"

"ဘာအကြောင်းလဲ"

"ဦးနေရော် အကြောင်းတွေလေ"

ဖြူဖြူ ပြုံးသည်။

"ဦးနေရော်အကြောင်းကို ဖြူက ဘာဖြစ်လို့ ပြော ပြရမှာလဲ၊ အကြောင်းမရှိဘူးလေ . . ခွဲရဲ့ အခု အကြောင်း ရှိလာလို့ ဖြူက ပြောပြနေတာ၊ ကိုအောင်ခက်က ဘာလုပ် မှာလဲ သူ့အိမ်ကိုဝင်ပြီး ဓားပြတိုက်မှာလား"

"ဟာ . . မဟုတ်ပါဘူး"

"ဓားပြဝင်တိုက်မယ်ဆိုရင်တော့ မှားမယ်နော်၊ ..က သူ့အိမ်ရဲ့လုံခြုံရေးကို သိပ်ဂရုစိုက်တာ၊ တောရုံ့ရန်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း မကြောက်ဘူး၊ သူနဲ့မာဒင် နှစ်ယောက်ပေါင်း မိရင် တော်ရုံရန်သူဆယ်ယောက်လောက်ကို အသာလေးဖြို နိုင်တယ်လို့ ဒီကလူတွေ ပြောကြတယ်''

ဖြူဖြူက အဆက်မပြတ်ပြောနေစဉ် အိမ်အပေါ်ထပ် လသာဆောင်သို့ ကြွခိုင်တောင့်တင်းသော ကိုယ်နေဟန်ရှိ သည့် လူတစ်ယောက် ထွက်လာသည်။

''အဲဒါ . . ဦးနေရော်ပဲ''

ဖြူဖြူ၏အသံတိုးတိုးလေး ပေါ်လာသည်။ ဇွဲက ဖြူဖြူ့မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်လိုက်၏။ ဖြူဖြူ့မျက် နှာတွင် မှိုင်းညို့ညို့ဟန်များ ရိပ်ခနဲ ထင်သွားသည်ကို တွေ့လိုက်ရ၏။

ဦးနေရော်က လသာဆောင်ဘောင်တွင်ရပ်ကာ ပတ် ဝန်းကျင်ကိုကြည့်သည်။ ပြီး အိမ်ထဲသို့ပြန်ဝင်သွားသည်။

''ကဲ . . တော်ပြီ၊ ငါတို့ပြန်ကြမယ် . . ဒီနေ့အဖို့ တော့ ဒါပဲ . . တောင်ကုန်းပေါ်ကနေ တစ်ယောက်စီဆင်း နော် . . သိပ်လည်း လှုပ်လှုပ်ရှားရှား မဖြစ်စေနဲ့''





ဇွဲနှင့် ဖြူဖြူတို့က ရှေ့မှဆင်းသည်။ သူတို့နောက် မှ စိုးနှင့် ထွန်းမောင်တို့ လိုက်သည်။ အောင်ခက်က နောက် ဆုံးမှလိုက်ပြီး တောင်ကုန်းပေါ်မှ ဆင်းသည်။

တောင်ကုန်းတစ်ဖက်တွင် ဂျစ်ကားတစ်စီး ရပ်ထား သည်။ ကားအနီးသို့ရောက်သည်နှင့် ဇွဲက ကားမောင်းသူ နေရာတွင် ဝင်ထိုင်လိုက်သည်။ ဖြူဖြူက ကားနောက်ခန်း အလယ်ခုံတွင် ဝင်ထိုင်လိုက်သည်။

အောင်ခက်တို့ ရောက်လာသည့်အခါ စိုးနှင့် ထွန်း မောင်တို့ ကားနောက်ခန်းဘေးခုံများတွင် ဝင်ထိုင်သည်။ အောင်ခက်က ကားရှေ့ခန်းသို့တက်လိုက်၏။

''သွားမယ် ဇွဲ''

ဇွဲ ကားကိုစက်နှိုးပြီး မောင်းထွက်သည်။ သူက ကားကို ဂျပ်ပြင်ဘက်သို့ ဦးတည်မောင်းနှင်ရင်း မန္တလေး တွင် တစ်ပတ်နေပြီးနောက် မိုးကုတ်သို့တက်ခဲ့သည်။ ခရီး စဉ်အကြောင်းကို စဉ်းစားသည်။

အောင်ခက်နှင့် ထွန်းမောင်တို့ ဖန်တီးလာသော



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားနှင့် မိုးကုတ်ကိုတက်ခဲ့စဉ် ကားကိုတစ်ယောက်တစ်လှည့်စီ မောင်းကြရသည်။ ညနေစောင်း မိုးကုတ်သို့အရောက်တွင် အောင်ခက် စီစဉ်ထားသည့်အိမ်တွင် တည်းခိုကြရ၏။

တစ်ညတာမျှ ငြိမ်ငြိမ်သက်သက် နေကြပြီး နောက်တစ်နေ့တွင် ဦးနေရော်၏အိမ်သို့ စနည်းနာရန် ထွက်ခဲ့ကြခြင်းဖြစ်၏။

ကားမောင်းနေရင်းမှ ခွဲ၏အာရုံမှာ ဦးနေရော်၏အသွင်ထင်လာသည်။ ကြံ့ခိုင်သော ယောက်ျားပီသသောတည်ကြည်ဖြောင့်မတ်ဟန်ရှိသော ဦးနေရော်နှင့် ရင်ဆိုင်ရမည့်အရေးက မလွယ်ဟု တွေးမိသည်။

ရင်ထဲတွင် မောလျသောဝေဒနာ ကပ်ညှိလာလေ၏။



အခန်း (၅)



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားစက်သံ ညက်ညက်ညောညောနှင့်အတူ ကတ္တရာလမ်းနှင့် ကားဘီးထိတွေ့သံ တဝီဝီတို့ ရောယှက်ပေါ်ထွက်နေသည်။

ဇွဲသည် စူးရှသော မျက်လုံးအစုံဖြင့် ရှေ့တူရှူသို့ကြည့်ရင်း ကားကို ကျင်လည်စွာ မောင်းနှင်နေသည်။ စိုးဝင်းက ဇွဲအား အကဲခတ်ကြည့်ရှုနေရာမှ ရှေ့တူရှူသို့အကြည့်ရွှေ့လိုက်သည်။ သူ၏မျက်ခုံးနှစ်ဖက် ရုတ်တရက်မြင့်တက်သွားပြီး လက်မြှောက်ပြ၏။





"ရှေ့က တံတားဘေးမှာ ရပ်မယ် ဇွဲ"

ဇွဲက ခေါင်းညိတ်ပြသည်။ ထုံးဖြူတွေကွာပြီး ဖြူတစ်ကွက်မဲတစ်ကွက် ဖြစ်နေသော တံတားဘေးတွင် ကားကိုထိုးရပ်လိုက်သည်။

ကားရပ်လိုက်သည်နှင့် တပြိုင်နက် စိုးက သူ့လက်တွင်ပါတ်ထားသည့် နာရီကိုကြည့်သည်။

"ခရီးအစကနေ ဒီအထိ မိနစ်ကိုးဆယ်ကြာတယ် ဇွဲ . . ပုံမှန်အတိုင်း မောင်းလာတဲ့ကားဆိုရင် . . တစ်နာရီ . . တစ်နာရီဆယ့်ငါးလောက် ကြာလိမ့်မယ် . ."

"ဒီနေရာက ကိုအောင်ခက် ရွေးချယ်ထားတဲ့ နေရာလား ကိုစိုး . ."

စိုးက ဇွဲ၏အမေးစကား အဆုံးတွင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . ဇွဲ . . သူက ဒီနေရာကို ဘာဖြစ်လို့ရွေးရသလဲဆိုတာကို ပြောပြပါတယ် . . သူကတကယ့်ကိုအတွက်စေ့တဲ့လူဘဲ ဇွဲ . . ဦးနေရော်ရဲ့ အမူအကျင့်တွေကို သေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာလေ့လာထားတယ်။ . . ဦးနေရော် ဘယ်အချိန်မှာ ဘာလုပ်တတ်တယ် . . ဘယ်အချိန်ဆို ဘယ်သွားတတ်တယ် ဆိုတာတွေကို တိတိကျကျ သိတယ် . . ဘယ်နေ့မှာ ဘာစား တတ်တယ် . . ဘယ်နေ့မှာ ဘာဝတ်တတ်တယ်ဆိုတာက အ စသိတယ် . ."

"ဟာ . . ဒါတော့ . . သိရမှာပေါ့ဗျ . . ကိုလုပ်မယ့် အလုပ်နှင့်ပတ်သက်ပြီး တိတိကျကျသေသေချာချာ မသိရင် အဲဒီလူအတွက် ဘယ်နည်းနဲ့မှ နောင်ရေးမကောင်းနိုင်ဘူး ကို စိုး . ."

"မင်း ဒီလိုပြောတော့မယ် ဆိုတာ ငါသိနေပါတယ် . . သူ့အရည်အချင်းကိုတော့ အသိအမှတ် မပြုဘဲ နေလို့မရ ဘူး ဖွဲ . . အောင်ခက်ဟာ အလုပ်တစ်ခုကို သေသေချာချာ ပြင်ဆင်ပြီးမှ လုပ်တတ်တယ် . . စိတ်ရှည်တယ် . . သူလုပ် ရင် ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်မျိုးရှိတယ် . . ပြီးတော့သူ က ကတိတည်တယ် . . ကတိပေးပြီးရင် . . သူ့အနစ်နာ ဆုံး ရှုံးစရာတွေ ရှိလာဦး . . ကတိမဖျက်ဘူး . ."





"တော်ပါတော့ဗျာ . . ခင်ဗျားရဲ့ ကိုအောင်ခက်ချီး မွမ်းခန်းကြီးက ပြီးကိုမပြီးနိုင်ဘူး . ."

ဖွဲက မျက်မှောင်ကြုံ့လျက် စိုးအားပြောရင်း ကားပေါ် မှ ဆင်းသည်။ ထွန်းမောင်ကလည်း ဖွဲနှင့်ရှေ့ဆင့်နောက်ဆင့် ပင် ကားပေါ်မှဆင်းသည်။

"ဦးနေရော်က မနက်ငါးရီတိတိ မိုးကုတ်ကနေ ထွက် လိမ့်မယ်၊ သူက ဗယားချပြီး အလုပ်လုပ်တဲ့ လူမျိုးဆိုတော့ အချိန်မတိကျတာ မပူရဘူး၊ သူ့ကား မနက်ခြောက်နာရီဝန်း ကျင်ဆို ဒီနေရာကို ရောက်လာလိမ့်မယ်"

"အဲဒီအချိန်ဆို မိုးကုတ်ကိုတက်လာတဲ့ကား မရှိနိုင် ပေမယ့် ဒီကနေ ဆင်းတဲ့ကားတော့ ရှိနိုင်တယ် ကိုစိုး"

"ရှိလည်းရှိလေကွာ . . ငါတို့က ဆင်းလာမယ့်ကား ကို တားဖို့ သစ်ပင်လှဲလိုက်မှာဆိုတော့ အဆင်းကားအတွက် လည်း ပူစရာမလိုပါဘူး"

ဖွဲက စကားပြောရင်း တံတားကိုကြည့်သည်။

"တောင်ပေါ်ကနေ တစ်ရှိန်ထိုးဆင်းလာတဲ့ တောင်



www.burmeseclassic.com

www.burmeseclassic.com



ကျရေတွေ ရေနှုတ်မြောင်းကနေတဆင့် တံတားအောက်ကို စီးဝင်မယ်၊ တစ်ဖက်မှာတော့ ရေကျတဲ့အရှိန်ကြောင့် ကျွင်းကြီးတစ်တွင်းဖြစ်နေတယ်၊ ဒီကျွင်းထဲကို ကားကျသွားရင် ပြန်ဆယ်ရခက်လိမ့်မယ်"

"ဖြူဖြူက ပိုင်ပါတယ်၊ ကိုယ်ခံပညာကို စနစ်တကျ သင်ထားတဲ့သူ၊ တောင်ပေါ်လမ်းမှာ ကားကိုကျွမ်းကျွမ်းကျင်ကျင် မောင်းဖူးတဲ့သူပဲ၊ မှားယွင်းချွတ်ချော်စရာ မရှိပါဘူး၊ ကျွန်တော်တို့ကိစ္စ အောင်ကိုအောင်မြင်ရမယ် ကိုစိုး . . နောက်တစ်ပတ်လောက်ဆို ကျွန်တော်တို့လက်ထဲမှ ငွေတွေအလျှံအပယ်ရောက်နေတာမျိုးဖြစ်မှာ သေချာတယ်၊ ငွေတွေ လက်ထဲမရောက်ရင်လည်း ထောင်ထဲကိုရောက်ဖို့ကတော့ မလွဲနိုင်ပါဘူး"

ဇွဲ၏အဆုံးသတ်စကားကြောင့် စိုး မျက်နှာပျက်သွားသည်။

"ဗွ . . ဗွ . . မင်းဘာတွေ ပြောနေတာလဲ၊ လွဲပါစေ ဖယ်ပါစေ . . မဦးမချွတ် နိမိတ် မဖတ်စမ်းပါနဲ့ ဇွဲ"





ထိတ်ထိတ်လန့်လန့် ချောက်ချောက်ချားချား ဖြစ်သွားသော စိုးကိုကြည့်ပြီး ဇွဲရယ်လိုက်သည်။ ရယ်ရင်းမှ စိုးဝင်း၏ကြောက်စိတ်မပြေ ဖြစ်နေသော မျက်နှာကိုကြည့်ရင်း အမူအရာပြောင်းလာသည်။

"ခင်ဗျား ဘာဖြစ်လို့ ဒါလောက်တောင် ကြောက်သွားရတာလဲ ကိုစိုး"

"အခုလို ကြီးကျယ်ပြီး အန္တရာယ်များတဲ့ကိစ္စမျိုးကို လုပ်ဖို့ ငါ့တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှတောင် မစဉ်းစားမိခဲ့ဖူးဘူး ဇွဲ"

ဇွဲက စိုးကို မျက်မှောင်လေးကြုံ့ပြီးကြည့်သည်။ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူဖျော့နေသည့် စိုး၏အသွင်မှာ ဒုစရိုက်မှုကျူးလွန်မည့် လူတစ်ယောက်နှင့်မတူဟု စိတ်ထဲက တွေးထင်မိသည်။

"ငါသာ လောဘမကြီးခဲ့ . . ခြေလှမ်းမမှားခဲ့ရင် ဒီဒုစရိုက်လောကထဲကို ရောက်စရာ အကြောင်းမရှိပါဘူး။ ငါလောဘဇောတက်ပြီး အလုပ်တစ်ခုကို လုပ်ခဲ့ဖူးတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ခဲ့တာနဲ့ ပတ်သက်တဲ့အထောက်အထားတွေ အောင်ခက်လက်ထဲ ရောက်သွားပြီး သူက ခြိမ်းခြောက်လို့ ငါ အခုကိစ္စထဲ ဝင်ပါလာတာပါ"

"အော် . . ခင်ဗျားလည်း ကျွန်တော့်လိုပဲ အကျပ်ကိုင်ခံရလို့ ဒီကိစ္စထဲ ဝင်ပါလာတာကိုး"

"ဟုတ်ပါတယ် ဖွဲ့ . . ပြန်ပြောရမယ်ဆိုရင်တော့ ငါ့အဖြစ်က တော်တော်ဆိုးပါတယ်၊ လယ်သမားဟာ လယ်သမားအဖြစ်နဲ့ ရိုးရိုးကုပ်ကုပ်နေသင့်တဲ့လူပါ၊ ငါအနေမတတ်လို့ ဖြတ်လမ်းကနေ စီးပွားဖြစ်ချင်လို့ လယ်တောယာတောကို စွန့်ပစ်ပြီး မြို့ကိုတက်လာခဲ့တယ်။ အဲသလို မြို့ကိုတက်လာခဲ့တာ ငါ့ဘဝတစ်ခုလုံး ပြောင်းလွဲသွားဖို့ အကြောင်းပါလာတာပဲ"

"လူတစ်ယောက်မှာ အကြောင်းတစ်ခုတော့ ရှိတာပေါ့ဗျာ . . ပြောရရင် ကျွန်တော်လည်း ဒုစရိုက်သမားဘဝကို ရောက်လာသင့်တဲ့လူ မဟုတ်ပါဘူး၊ ထားလိုက်ပါဗျာ . . ဒါတွေကို ပြောနေလို့ ဘာမှဖြစ်လာမှာမှ မဟုတ်တာ၊ ဘာအ





ကြောင်းကြောင့်ပဲဖြစ်ဖြစ် လောလောဆယ်မှာ ကျွန်တော်တို့ဟာ ခိုးဆိုးတိုက်ခိုက်တဲ့အလုပ်ကို လုပ်နေကြရပြီ၊ မျှော်လင့်ချက်တွေအတိုင်း ဖြစ်လာချင်ရင် အောင်မြင်ချင်တယ်ဆိုရင် နောက်တွန့်နေလို့ မဖြစ်ဘူး၊ တွေဝေ နောက်တွန့်နေလို့ မဖြစ်ဘူးနော် . . နောင်တရပါတယ် ဆိုပြီးတော့လည်း နောက်ဆုတ်ချင်လို့ မရတော့ဘူး"

"အဲဒါသိနေရင် သတ္တိမွေးတော့ဗျာ"

"ဟုတ်တယ် . . ငါ သတ္တိမွေးရမယ်"

ဖွဲ့က ဂျစ်ကားပေါ်သို့တက်ပြီး စက်နှိုးလိုက်သည်။ စိုးကလည်း ကားပေါ်သို့ ကပျာကယာတက်သည်။

"ဆုတောင်းပြည့်စေတီကို ဝင်ဦးမလား ကိုစိုး"

"မဝင်တော့ပါဘူး . . မိုးကုတ်ကို တန်းပြန်မယ်ကွာ"

ဖွဲ့က ကားကို ရှေ့တိုးနောက်ဆုတ်လုပ်ကာ နောက်ကြောင်းပြန်လှည့်ပြီးမောင်းသည်။ စိုးက တံတားအထက်ဘက်တောင်ကုန်းပေါ်ရှိ ဆုတောင်းပြည့်စေတီဘက်သို့ မျက်လုံးတစ်ချက်ဝေ့ကြည့်သည်။ အေးမြပါသည်ဟု ထင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



တရားရိပ်နှင့် အဝေးသုံးနေရာသို့ ရောက်နေပါလားဟု တွေးရင်း သက်ပြင်းတစ်ချက် ချမိလေ၏။

. . .

"ခွဲ"

"ဟင် . . ဘာလဲ ဖြူဖြူ"

"ခွဲ . . ဟိုနေရာကို သွားကြည့်ခဲ့ပြီးပြီ မဟုတ်လား"

ခွဲက ဖြူဖြူ့ဘက်ကို လှည့်လိုက်သည်။ မေးခွန်းထုတ်နေသော ဖြူဖြူသည် ခွဲကိုမကြည့်ဘဲ မြူတွေဝေ့ကာ ဖြူပြာပြာမှိုင်းညို့နေသော တောင်တန်းများဆီသို့ ရီဝေသော မျက်လုံးအစုံဖြင့် ငေးလျက်ကြည့်နေသည်။

"မေးနေတာကို ဖြေဦးလေ ခွဲ"

အဝေးရှိ တောင်တန်းများဆီသို့ ငေးကြည့်မြဲကြည့်နေလျက်က ထပ်ဆင့်ပြောလိုက်သည့် ဖြူဖြူ့အသံကို ကြား[illegible]သည်။

"ဟုတ်တယ် ဖြူ . . ကိုယ်နဲ့ စိုးတို့ သွားကြည့်[illegible]တယ်၊ ကိုအောင်ခက် ရွေးလိုက်တဲ့နေရာက တကယ့်နေ[illegible]





ကောင်းပဲ . . ကိုအောင်ခက်ဟာ ဦးနေရော်နဲ့ပတ်သက်ပြီး အတွင်းကျကျသိအောင် လေ့လာထားနိုင်တာ ချီးကျူးစရာပဲ၊ ဒီလူက အလုပ်တစ်ခုကို စနစ်တကျလုပ်တတ်တဲ့လူ . . ဖြူရဲ့ သူ့လို လူမျိုးနဲ့တွဲမိတာ ကိုယ်တို့အတွက် ကံကောင်းတယ်လို့ပြောရမှာပဲ"

ဖြူဖြူက ခွဲ၏စကားကို လက်မခံနိုင်ဟန်ဖြင့် မဲ့ပြုံးပြုံးပြီးခေါင်းဆတ်ခါသည်။

"ဖြူတော့ သူ့ကို သဘောမကျဘူး၊ သူ့ကိုတင် မဟုတ်ဘူး . . ထွန်းမော့ဆိုတဲ့လူကိုလည်း သဘောမကျဘူး၊ ထွန်းမောင်နဲ့ယှဉ်လို့[illegible]ရင်တော့ ကိုအောင်ခက်ဟာ သိပ်ကောင်းတဲ့လူ သိပ်ပေ[illegible]တဲ့လူလို့ ပြောနိုင်ပါတယ်၊ ကိုအောင်ခက်ကို [illegible]မကြိုက်တာက ဒုစရိုက်သမားရင့်မာကြီးတစ်ယောက်ဖြစ်[illegible]း တစ်ခြားလူရဲ့ပျော့ကွက်ကိုနင်း အနိုင်ကျင့်ခိုင်းတတ်လို့[illegible]"

"အဲဒါကိုတော့ ကိုယ်လည်း မကျေနပ်ပါဘူး၊ သူ့[illegible]ကြောင့် ကိုယ်တို့ အခု အလုပ်ထဲမှာ ပါလာတာ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော အခု အလုပ်ကိစ္စပြီးသွားရင် ပြောထားတဲ့အတိုင်း ကိုယ်တို့ရသင့်တဲ့ ဝေစုတွေခွဲပေးမှာတော့ သေချာတယ် ငါရရင် ပြီးရောဆိုပြီး တစ်ယောက်ထဲ မောင်ပိုင်စီးမယ့်လူမျိုးတော့ မဟုတ်ဘူး"

ဖြူဖြူက အငေးသို့ငေးနေရာမှ ခွဲဘက်သို့ လှည့်လာသည်။ ဖြူဖြူ့မျက်လုံးအစုံမှာ ရီဝေနေပြီး သူ့အကြည့်က အင်အားမပါဟု ထင်မှတ်ရသည်။

"ဖြူ . . ဘာဖြစ်လို့လဲ"

ဖြူဖြူက ဖျော့တော့စွာပြုံးရင်း ခေါင်းဆတ်ခါသည်။

"မဖြစ်ပါဘူး ခွဲ"

"ဖြူက ကိုယ့်ကို လိမ်ချင်ညာချင်နေပြီလား၊ ဖြူ့ကို ကြည့်ရတာ ပင်ပန်းနေတဲ့ပုံမျိုး ပေါ်နေတယ်၊ ဖြူ့အတွက် အားဆေး ကိုယ်ပေးပြီးပြီဆိုတော့ အခုလိုပုံစံမျိုး မဖြစ်သင့်ဘူး"

အားနည်းဖျော့တော့စွာ ပြုံးရင်းမှ ဖြူဖြူက ခေါင်းညိတ်ပြသည်။ သူမသည် တုန်ရီနေသော လက်တစ်ဖက်ဖြင့် ခွဲ၏လက်မောင်းကို လှမ်းကိုင်ဆုပ်ညစ်လိုက်၏။





"ဖြူ . . သွေးအားနည်းနေလို့ အခုလိုဖြစ်တာ"

"အော်"

"ဖြူ . . ဒီလိုလောဘတွေကြောင့် . . ခွဲကို့ ဖြူတို့ အခုလို ဘဝမျိုးကို ရောက်တာ မဟုတ်လား၊ မကောင်းမှုန်းသိရက်နဲ့ သားနဲ့ အဲဒီမကောင်းမှုထဲက ရုန်းမထွက်တာ ဖြူ့အားနည်းချက်ပဲ၊ အပြစ်ဆိုတာ သိရဲ့သားနဲ့ အဲဒီပြစ်မှုကို ကျူးလွန်နေတယ်၊ ဒုက္ခဆိုတာ သိရဲ့သားနဲ့ အဲဒီဒုက္ခကို ဖြူ နှစ်သက်စွာ လက်ခံနေ . . စွဲလမ်းနေတယ်၊ ဒါတွေအတွက် ဖြူ့ကိုယ်ဖြူ ပြန်ပြီးဒဏ်ခတ်ချင်တယ် . . ခွဲ၊ ကျူးလွန်မိခဲ့တဲ့ ပြစ်မှုအတွက် ဖြူ့ကိုယ်ဖြူ ပြန်ပြီးစီရင်ချက် ချချင်နေတယ်"

တုန်ရီလိုက်လှဲသောအသံဖြင့် ကြေကြေကွဲကွဲ ပြောသော ဖြူဖြူ့ကိုကြည့်ရင်း ခွဲသက်ပြင်းချမိသည်။ တုန်ရီနေပြီး ချွေးစေးတွေပျံနေသော ဖြူဖြူ့လက်ဖဝါးကို ညင်သာစွာ ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"စိတ်ကိုလျှော့ထားလိုက်ပါ ဖြူ . . လျှော့ထားလိုက် အခုလို ပြောင်းလဲချင်တာဟာ ကောင်းတဲ့အလားအလာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ . . ဝမ်းသာစရာကောင်းတဲ့ အကြောင်းတစ်ခုပဲ၊ ဒါပေမယ့် ဒီကိစ္စမျိုးက ချက်ချင်းကြီး အပြောင်းအလဲလုပ်လို့ မရဘူး၊ စနစ်တကျ ပြောင်းလဲမှဖြစ်မှာ"

"ဒါဖြင့်ရင် ဖြူ . . ဘာလုပ်ရမလဲ ပြောပါဦး ခွဲ"

လေအဝေ့တွင် နက်မှောင်ရှည်လျားသော ဖြူဖြူ့ဆံနွယ်စတွေ တလူလူလွင့်နေသည်။ ဖြူဖြူက ဖယောင်းသွယ်လက်ကလေးဖြင့် ဆံနွယ်တို့ကို သိမ်း၏။

"လောလောဆယ်မှာ ဖြူ့အနေနဲ့ အကောင်းဆုံး ဆုံးဖြတ်ချက်ကို ချထားဖို့လိုတယ်၊ သာမန်ပေါ့တီးပေါ့ဆ ဆုံးဖြတ်တာမျိုးမဟုတ်ဘဲ ဘဝအတွက် လေးနက်တဲ့ အဆုံးအဖြတ်မျိုး ဖြစ်ဖို့လိုတယ် . . ခိုင်မာတဲ့ အဆုံးအဖြတ်မျိုးဖြစ်ဖို့လိုတယ်"

ဖြူဖြူက ခွဲ၏စကားကို လေးလေးစားစား နားထောင်သည်။ စိတ်အားထက်သန်စွာ ပြောနေသော ခွဲ၏မျက်နှာကို ငေးမောလျက်ကြည့်၏။

"ဖြူ့အနေနဲ့ ဆုံးဖြတ်ပြီးပြီဆိုရင် ကိုယ်တို့အလုပ်





ပြီးတဲ့အခါ လုပတဲ့ဘဝသစ်ကို စမှုဆိုတာ ဖြူ နည်းနည်းတော့ ဒုက္ခခံရမှာပဲ၊ ဘဝတစ်ခုလုံးနဲ့ယှဉ်ရင် ဒီဒုက္ခဟာ မပြောလောက်ပါဘူး၊ ကိုယ် ဖြူ့အနားမှာ ရှိနေမှာကို မျှဝေခံစားနေမှာဆိုတော့ အားငယ်စရာ မလိုပါဘူး"

ဖြူဖြူ၏မျက်လုံးအစုံတွင် ရွှန်းလဲ့သောအရောင် ဖျပ်ခနဲလက်သွားသည်။ သူမက ခွဲ၏ပခုံးစွန်းတွင် ခေါင်းမှီလိုက်သည်။ ဖြူနုသောလက်ဖြင့် ခွဲကို အားကိုးတကြီး ဖက်တွယ်လိုက်၏။

"ခွဲလည်း ဖြူ့အတွက်နဲ့ ဒုက္ခရောက်လုပြီနော်"

ခွဲ၏နုပျိုသောမျက်နှာတွင် ကြည်လင်သည့်အပြုံးတွေ ဖျပ်ခနဲ ထင်လာသည်။ သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ်လက်သွား၏။

"ဒါ . . ဒုက္ခမဟုတ်ပါဘူး ဖြူ . . ကိုယ်က ဖြူ့ကို ချစ်နေမိတော့လည်း အေးအတူ ပူအမျှ နေရမှာပေါ့၊ ဖြူ့အတွက်ဆိုရင် ကိုယ်ဘာပဲလုပ်ပေးရ လုပ်ပေးရ နောက်မတွန့်ဘဲ နောင်တမရဘဲ လုပ်ပေးဖို့ အဆင်သင့်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူ ပြုံးသည်။

ကြည်လင်သော အပြုံးကြောင့် သူမ၏ မျက်နှာမှာ နုမျစ်သန့်စင်သွား၏။

"ဖြူလည်း ဖွဲ့ကိုသိပ်ချစ်ပါတယ်၊ အဲဒီချစ်တဲ့စိတ်ကြောင့် ဖြူ့ဘဝကို ဖြူ မကျေမနပ်ဖြစ်လာမိတယ် . . အခုဆိုရင် ဖြူတို့နှစ်ယောက် ပြဿနာကြီးတစ်ခုထဲမှာ ပိတ်မိနေပြီ . . ရုန်းလို့မရဘူး၊ လွတ်လို့မရဘူး . . ကိစ္စတစ်ခုလုံး ပြီးပြေ့ကျသွားမှ ဖြူတို့လွတ်မြောက်နိုင်မယ် . . ဖြူလေ ဒီရက်အတွင်းမှာ အရမ်းနောင်တရတာပဲ သိလား"

ဖွဲ့က နှစ်သိမ့်ဟန်အားပေးဟန်ဖြင့် ဖြူဖြူ့လက်ဖဝါးကို ညင်သာဖွဖွ ဆုပ်ကိုင်မြဲဆုပ်ကိုင်သည်။ မျက်ရည်ရောင်တောက်နေသော ဖြူဖြူ၏ မျက်လုံးအစုံကို စူးစိုက်ကြည့်ရင်း အသာအယာ ပြုံးလိုက်လေသည်။

"ကဲ . . ဖြူ စိတ်ပျက်အားငယ်တဲ့ အတွေးတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်တော့ မကြာခင်မှာ ကိုယ်တို့ဘဝသစ်တစ်ခုကို စမယ်၊ တကယ်လို့ ငြိမ်းချမ်းတဲ့ဘဝ ဖြူစင်





သန့်ရှင်းတဲ့ဘဝမှာ လက်တွဲပြီး ရုန်းကန်လှုပ်ရှားကြမယ်။ အားထည့်ထား ဖြူ . . စိတ်ပျက်အားလျော့လိုက်တာနဲ့ ကိုယ်တို့ရဲ့မျှော်လင့်ချက်တွေ လဲပြိုသွားလိမ့်မယ်"

ဖြူဖြူက ဖွဲ့အား နွဲ့မှိုထားရင်းမှ ခေါင်းညိတ်လိုက်သည်။ သူမ၏နှုတ်ခမ်း နီနီထွေးထွေးဖူးဖူးလေးတွင် မျှော်လင့်ချက်များ ရောယှက်တောက်ပသော အပြုံးတစ်ရပ် ထင်လာသည်။

"ကျေးဇူးပဲ ဖွဲ့ . . ဖွဲ့ကြောင့် ဖြူ့စိတ်ဓာတ်တွေ ပြန်ခိုင်လာ . . ပြန်တည်ငြိမ်လာတယ်၊ နောက်ဆုတ်လို့ ရှောင်လွှဲလို့မရတဲ့အတူတူ အခု အလုပ်ကိုပြီးအောင် လုပ်မယ်၊ ပြီးရင် ဘာအညစ်အကြေးမှ မရှိတဲ့ဘဝသန့်သန့်လေးမှာ နေကြမယ်နော် . . ဖွဲ့"



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

စဝ်ရန်နိုင်က ကားကို ကက်ဆက်သံတည်ည်နှင့် စားသုံးသူများကို ဆွဲဆောင်ဖိတ်ခေါ်နေသော လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

ပလက်ဖောင်းပေါ်ထိ စားပွဲတွေချခင်းထားသော ဆိုင်ဆီသို့ လှမ်းကြည့်ရင်းမှ ကားရှေ့ခန်းတွင် ထိုင်နေသော စိုင်းနွံတ်ဘက်သို့ လှည့်လိုက်သည်။

"ဆိုင်က နည်းနည်းတော့ဆူတယ်၊ ကိုယ်တို့ ဒီမှာ ခဏထိုင်ရအောင်၊ ကိုယ် တာဝန်ပေးထားတဲ့ ကွာစီ ဒီဆိုင်





ကို လာလိမ့်မယ်"

"ခွဲတို့နေတဲ့အိမ်က ဘယ်မှာလဲ စဝ်"

"ရှေ့က လမ်းထဲမှာ တစ်နေ့က ကိုယ်လာတော့ အိမ်ပိတ်ထားတယ်၊ ဘေးအိမ်တွေက သူတို့အကြောင်းကို သိပ်မသိဘူး၊ ကွာစီက ဒီရပ်ကွက်ထဲမှာ နေတာဆိုတော့ သူ့ကို တာဝန်ပေးပြီး စောင့်ကြည့်ခိုင်းထားတယ်၊ ဒီကောင်က ဒီမနက်အကြောင်းစုံ သိရအောင် စုံစမ်းထားမယ်လို့ ပြောတာပဲ"

စဝ်ရန်နိုင်က တံခါးဖွင့်ပြီး ကားပေါ်မှဆင်းသည်။ စိုင်းနွံတ်လည်း စဝ်ရန်နိုင်နှင့်အတူ ကားပေါ်မှလိုက်ဆင်း၏။ သူတို့နှစ်ယောက်သည် ဆိုင်အတွင်းသို့ဝင်ခဲ့ပြီး သီချင်းသံကျယ်ကျယ်လောင်လောင် ပေါ်ထွက်နေသည့် ဆောင်းဘောက်နှင့်ဝေးရာ စားပွဲပုလေးတစ်လုံးတွင် ထိုင်လိုက်ကြသည်။

သူတို့ထိုင်မိသည်နှင့် စားပွဲထိုးလူငယ်လေးတစ်ယောက် အနားသို့ရောက်လာသည်။ စဝ်ရန်နိုင်က လက်ဖက်ရည်နှစ်ခွက် မှာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မုန့်စားဦးမလား . . ဆရာ ပဲနံပြား . . ပဲပလာတာ အိကြာကွေးအစုံ ရပါတယ်"

"မစားတော့ဘူး . . လက်ဖက်ရည်ပဲပေး"

စားပွဲထိုးလေး ပြန်ထွက်သွားသည်။ စဝ်ရန်နိုင်က စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ရင်း စီးကရက်ဘူးကို စားပွဲပေါ်သို့ တင်လိုက်သည်။

"ဗွဲရဲ့မိဘတွေနဲ့ အဆက်အသွယ် ရသေးသလား စဝ်"

စဝ်ရန်နိုင်က ရေနွေးကြမ်းငှဲ့သောက်ရင်း မေးလာသော စိုင်းနွတ်ကို ခေါင်းညိတ်ပြသည်။

"ညကပဲ သူတို့နဲ့စကားပြောဖြစ်တယ်၊ ဗွဲ အခုလိုဖြစ်တာ သူတို့ကြောင့်ဆိုပြီး နောင်တစကားတွေပြောတယ်၊ ဗွဲကိုတွေ့အောင် ရှာပေးပါ၊ သူတို့ကိုယ်သူတို့ ပြင်ပါတော့မယ်လို့ ကတိပေးကြတယ်၊ အဲဒါ အဆိုးထဲက အကောင်းလို့ ပြောရမှာပေါ့"

"သူတို့သား ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေအတွက် အပြစ်ဒဏ်ခံရမယ်ဆိုတာ တွေးမိကြရဲ့လား . . မသိဘူး"





"မတွေးမိဘဲ နေပါ့မလား . . အဲဒါကြောင့် သူတို့ကိုယ်သူတို့ပြင်မယ် ဖြစ်လာကြတာပေါ့၊ ကိုယ်လည်း တရားတော်တော် ဟောလိုက်ပါတယ်"

စားပွဲထိုးက လက်ဖက်ရည် လာချသည်။ ထိုအချိန်မှာပင် ပိန်ပိန်ကိုင်းကိုင်း သွားခေါခေါ အသားညိုညိုနှင့် လူတစ်ယောက် သူတို့စားပွဲရှေ့တွင် လာရပ်သည်။

"ဆရာ"

"အော် . . ကွာစိ . . လာကွာ၊ ထိုင် . . ချာတိတ်ရေ လက်ဖက်ရည်တစ်ခွက် ထပ်ပေး"

"ပဲပလာတာ တစ်ပွဲပါပေးကွာ"

ကွာစိက စဝ်ရန်နိုင်၏စကားအဆုံးမှာ နေရာမှခွာသည်။ ပြင်နေသော စားပွဲထိုးလေးကို လှမ်းမှာသည်။ ပြီးနောက် စားပွဲထိုးလေး နေရာမှ ထွက်သွားသည်။

"ဘာထူးသလဲ ကွာစိ"

"ထူးတယ် . . ဆရာ . . ထူးတာမှ အများကြီးပဲ ကျွန်တော် အပင်ပန်းခံပြီး စုံစမ်းလို့သိလာတာတွေ တော့



www.burmeseclassic.com

www.burmeseclassic.com



တော်များများရှိတယ်"

စဝ်ရန်နိုင်က ကွာစိကို မျက်နှာထားတည်တည်နှင့် လှမ်းကြည့်လိုက်သည်။

"ဟေ့ကောင် . . ကွာစိ၊ အပိုတွေ ပြောမနေနဲ့ . . အခုလို မပြောလဲ ငါက မင်းကို စုံစမ်းခ ကောင်းကောင်းပေးမှာပါ"

"စုံစမ်းခက အရေးမကြီးပါဘူး ဆရာရယ် . . ကျွန်တော် ဘယ်လောက်အပင်ပန်းခံတယ် ဘယ်လောက်ကြိုးစားတယ်ဆိုတာ ဆရာ သိစေချင်လို့ ပြောပြတာပါ"

"ဒါဆိုရင်လည်း မင်းအပင်ပန်းခံပြီး စုံစမ်းလာတာ ဘာတွေ ထူးထူးခြားခြား သိရသလဲ ပြောကွာ"

ကွာစိက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်သည်။ စဝ်ရန်နိုင် ချထားသော စီးကရက်ဘူးကိုဆွဲယူပြီး ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်သောက်သည်။

"ပထမဆုံးပြောရမှာက ကောင်လေးနဲ့ ကောင်မလေးတို့စုံတွဲ ဒီမှာ မရှိကြဘူးဆိုတာပဲ"





"ဘာလဲ အိမ်အပ်ပြီး ပြောင်းသွားကြပြီလား"

"အို . . နီးနီး . . မဟုတ်ပါဘူး ဆရာ၊ သူတို့အိမ်ပြန်မအပ်ပါဘူး . . အိမ်တံခါးပိတ်ပြီး ခရီးထွက်သွားကြတယ် ပြ(န္တ)လေးဘက်ကို သွားတယ်လို့ သိရတယ်"

ကွာစိ၏စကားကြောင့် စဝ်ရန်နိုင် မျက်မှောင်လေး ပ(သိ)မသာ ကြုံ့သွားသည်။

"မန္တလေး . . ဟုတ်လား"

"ဟုတ်ပါတယ် . . ဆရာ၊ ကောင်လေးက ဒီမှာ ပ(ေ)ခြေအနေ မကောင်းလို့ သူ့မိဘတွေဆီ ပြန်ပြေးတာလို့ ထ(င်)မှတ်ရတယ် . . ဒါပေမယ့်"

"ဒါပေမယ့် . . ဘာဖြစ်သလဲ ပြောပါဦး"

"ရန်ကုန်ကနေ မထွက်ခင် သူ လူသုံးယောက်နဲ့ တစ်(ရ)ကုန် တိုင်ပင်နေတာ တွေ့တဲ့လူရှိတယ်၊ အဲဒီလူသုံးယောက် (က) အောင်ခက်၊ ထွန်းမောင်နဲ့ စိုးတို့ပဲ"

"နေပါဦး . . စိုးဆိုတာက . . ."

"ဖောက်ထွင်းဝိဇ္ဇာလေ . . အလုပ်ကြီးကြီးတွေတော့



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဖူးပါဘူး၊ ကျွန်ုတော် သိသလောက် သူလုပ်ကိုင်တာတွေဟာ အလုပ်သေးသေးတွေချည်းပဲ၊ သော့ပြင်စားရင်းက အနေချောင်လို့ ဒီလမ်းကြောင်းပေါ်ကို ရောက်လာတဲ့လူပါ၊ အခုကိစ္စဟာ သူ့အတွက် ဒုတိယမြောက်ပြောင်းလဲခြင်း ဖြစ်နိုင်တယ် ဆရာ"

"ဘယ်လို ဒုတိယမြောက် ပြောင်းလဲခြင်းလဲကွ"

"သော့ပြင်သမားဘဝကနေ ပထမတစ်ခါ ပြောင်းလဲတော့ ဖောက်ထွင်းသမား ဖြစ်လာတယ်၊ ဒါပေမယ့် ကိစ္စကြီးတွေကို မကိုင်ဘူး . . အခုတစ်ခါ တဆင့်ဘက်ပြီး ကိစ္စကြီးတွေကို ကိုင်တွယ်ဖို့ကြံစည်တာ ဖြစ်နိုင်တယ်"

စဝ်ရန်နိုင်က ကွာစိ၏စကားကို အလေးထားဟန် ခေါင်းညိတ်ပြလိုက်သည်။

"ကောင်လေးနဲ့တွဲနေတဲ့ ကောင်မလေးက အပျံစားကလေး ဆရာရဲ့ . . ကောင်လေးက ကောင်မလေးကို အရူးအမူးစွဲလမ်းပြီးနေတာလို့ ကျွန်တော် ထင်တယ်"

စဝ်ရန်နိုင်က သူ့လက်ကို ကွာစိ၏မျက်နှာနားကပ်ပြီး





ဖျောက်ခနဲ လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ထင်မြင်ချက် သိပ်မပေးနဲ့ . . တော်ကြာ မင်းစုံစမ်းထားတာတွေကို မေ့ကုန်ဦးမယ်၊ မင်းပြောရမှာက မင်းရဲ့ထင်မြင်ချက် မဟုတ်ဘူး . . မင်းစုံစမ်းလို့ သိလာတာလေးတွေ"

ကွာစိက စဝ်ရန်နိုင်အား လှမ်းကြည့်ရင်း ဟတ်ခနဲ တစ်ချက်ရယ်လိုက်သည်။

"စိတ်မရှိပါနဲ့ ဆရာ . . ကျွန်တော်က ဆရာ့အတွက် အစဉ်းစားရသက်သာအောင် ကူညီချင်လို့ ထင်မြင်ချက်တွေ ပြောမိတာပါ"

"စကားကို ဟိုလှည့်ပြော ဒီလှည့်ပြော ပြောမနေနဲ့ ကွာစိ . . မင်း သိထားတာကုန်ပြီဆိုလည်း ကုန်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်"

"တစ်ခုပဲ ကျန်ပါတော့တယ် ဆရာ၊ သူတို့ ဒီကနေ ထွက်တော့ ဂျစ်ကားနဲ့သွားကြတာတဲ့ . . ကောင်လေးက ဂျစ်ကားတစ်စီးနဲ့ ကောင်မလေးကို ခေါ်သွားတာလို့ သိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က ခေါင်းညိတ်လိုက်ပြီး ငါးရာတန်နှစ်ရွက်ကို ကွာစိရှေ့တွင် ချပေးလိုက်သည်။

"ငါ့ပိုက်ဆံနဲ့ ငါပေးရရင် မင်းကို ငါးရာထက်ပိုပေးနိုင်မှာ မဟုတ်ဘူး၊ ကောင်လေးရဲ့အဖေက ကုန်ကျစရိတ်အတွက် တာဝန်ယူတယ်ဆိုလို့ အခုလိုပေးနိုင်တာ၊ ဒီထက်တန်ဖိုးရှိတဲ့ သတင်းတွေ ရအောင်စုံစမ်းဦး"

ကွာစိက ဝမ်းသာအားရအမူအရာနှင့် စဝ်ရန်နိုင်ပေးသည့် ငွေစက္ကူများကို အိတ်ထဲထည့်လိုက်သည်။

"ကျေးဇူးပဲ ဆရာ . . ကောင်လေးတို့နေသွားတဲ့အိမ်ကို ကျွန်တော် လိုက်ပြရဦးမလား"

"မလိုဘူး . . ငါတို့ဖာသာ ငါတို့သွားကြည့်မယ်"

ငတိက လက်ဖက်ရည်သောက် မုန့်စားပြီး စားပွဲပေါ်ရှိ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို နိုက်သောက်သည်။

"ဒါဆိုရင် ကျွန်တော့်ကိစ္စ ပြီးပြီပေါ့နော် . . ဆရာ"

စဝ်ရန်နိုင်က ခေါင်းညိတ်ပြလိုက်သည်။ ကွာစိ ထိုင်





နေရာမှ ထလိုက်သည်။

"အစစအရာရာအတွက် ကျေးဇူးတင်ပါတယ် ဆရာ၊ တစ်ခုခုထူးရင် ဆရာ့ကို ကျွန်တော် ဆက်သွယ်ပါ့မယ်"

စဝ်ရန်နိုင်နှင့် စိုင်းနွတ်တို့က အိမ်ရှင်ကိုခေါ်ပြီး ဇွဲတို့နေသွားသည့်အိမ်အတွင်းသို့ ဝင်ရောက်ကြည့်ရှုသည်။

အိမ်အတွင်းမှာ ပရိဘောဂပစ္စည်း မရှိ၊ ခေါက်ထားသည့်အိပ်ရာ၊ ပက်လက်ကုလားထိုင်တစ်လုံး၊ ထမင်းစားပွဲတစ်လုံး၊ ဖျာတစ်ချပ်တို့သာ ရှိသည်။ မီးဖိုချောင်ထဲတွင် ပန်းကန်နှစ်ချပ်၊ ဇွန်းနှစ်ချောင်းမှလွဲ၍ အိုးခွက်ပန်းကန် မရှိ။

စိုင်းနွတ်က အိပ်ခန်းအတွင်းရှိ ဆေးလိပ်ပြာခံခွက်ထဲမှ စီးကရက်တိုများကို ပလတ်စတစ်အိတ်တွင် ထည့်ပြီး သိမ်းဆည်းသည်။

ထမင်းစားပွဲအဖြစ် လည်းကောင်း၊ စားရေးစားပွဲအဖြစ်လည်းကောင်း အသုံးပြုဟန်ရှိသော စားပွဲပေါ်မှာ စာရေးထားသည့် စာရွက်အပိုင်းများကို တွေ့ရသည်။

စဝ်ရန်နိုင်က စာရွက်ပေါ်မှစာတွေကို ဖတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်လှုပ်ရှားခြင်းကို ဖြေသိမ့်ရင်း ရောက်တတ်ရာရာ တွေ ရေးထားပုံရသော စာတွေကိုတွေ့သည်။ ငါညွှံ့လို့ ထောင် ချောက်ထဲ တိုးမိတာဆိုသည့် စာကြောင်းကို နေရာအတော် များများတွင် တွေ့ရသည်။ စဝ်ရန်နိုင်က စာရွက်နှစ်ရွက်ကို ယူပြီး စိုင်းနွတ်လက်ထဲ အပ်လိုက်သည်။

"သူတို့ အိမ်ကိုတော့ ပြန်အပ်မသွားဘူးနော်"

စဝ်ရန်နိုင်က သူတို့အား အိမ်လိုက်ဖွင့်ပြသော အိမ် ရှင်ကို မေးလိုက်သည်။ အိမ်ရှင်က ခေါင်းခါပြပြီး . . .

"မအပ်ပါဘူး . . သူတို့ငှားတဲ့ရက်က မပြည့်သေးဘူး လေ . . နောက်ထပ် နှစ်လတောင် လိုသေးတယ်၊ ခရီးထွက် စရာရှိတယ်ဆိုတာတော့ ကျွန်တော့်ကို လာပြောပါတယ်၊ ကောင်လေးနဲ့ ကောင်မလေးတို့က ရည်ရည်မွန်မွန် သိမ်သိမ် မွေ့မွေ့လေးတွေပါ၊ ဒီမှာနေနေတဲ့ လေးလအတွင်း ဘယ်သူ့ ကိုမှ ဒုက္ခမပေးဘူး၊ ပတ်ဝန်းကျင် စိတ်အနှောင့်အယှက် ဖြစ် အောင်လည်း မနေဘူး၊ သူတို့ အခု ဘာပြဿနာဖြစ်လို့ပါလဲ"

စဝ်ရန်နိုင်က ပြုံးပြီး ခေါင်းခါပြသည်။





"ပြဿနာဖြစ်လို့ မဟုတ်ပါဘူး . . ခွဲဆိုတာက ကျွန် တော့်ညီလေးပါ . . မိဘတွေက သဘောမတူမှာစိုးလို့ သူတို့ မှာ လာပုန်းနေတာ၊ ကျွန်တော်က သူတို့ကို လူကြီးတွေနဲ့ တွေ့ပေး အဆင်ပြေအောင်လုပ်ပေးမလို့ . . ဒီမှာ ကျွန်တော့် နံပါတ် ယူထားပါ၊ သူတို့ပြန်ရောက်ပြီဆိုရင် ကျွန်တော့် ကို အကြောင်းကြားပါ . . ကျွန်တော့်ညီလေး ဒီမှာဖြစ်သလို လာနေနေတာကို ကျွန်တော် မကြည့်ရက်ဘူး"

"နှစ်ဖက်မိဘက သူတို့ကို သဘောတူနေပြီပေါ့နော်"

"တူပါတယ်ဗျာ . . သူတို့ကိုယ်တိုင်က အကြောက် လွန်ပြီး လာပုန်းနေတာ၊ တော်တော်ပိရိတဲ့ကောင် . . အခု ကောင် ကျွန်တော့်သူငယ်ချင်းတစ်ယောက်က သူတို့ကို အမှတ် မထင်တွေ့ရာက လိုက်စပ်စုကြည့်လို့ ဒီအိမ်မှာ နေတယ်ဆို တာ သိခဲ့ရတယ်"

"သူတို့လာရင် ကျွန်တော် ဆက်သွယ်ပါ့မယ် . . ရန်နိုင်နော်"

"ဟုတ်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့တို့ကို ကြိုပြီးဝမ်းသာစရာသတင်းတွေ ပြောထားရမလား"

"ဟာ . . မပြောနဲ့ ကျွန်တော် ဒီအိမ်ထိအောင် လိုက်လာတဲ့အကြောင်း သူတို့မသိစေချင်ဘူး . . ကလေးတွေဆိုတော့ အစိုးရိမ်လွန်ပြီး နောက်တစ်နေရာကို ပြောင်းရွှေ့ပြေ ရာဖျောက်သွားရင် ရှာရခက်သွားလိမ့်မယ်"

"ဟုတ်ပြီ . . ဟုတ်ပြီ . . ကျွန်တော် သဘောပေါက်ပြီ ဦးပော်ချုပါ စဝ်ရန်နိုင်၊ သူတို့ပြန်ရောက်လာပြီဆိုတာနဲ့ ကျွန်တော် အကြောင်းကြားလိုက်ပါ့မယ်၊ ကျွန်တော်က ဒီ လမ်းထဲမှာပဲ နေတာဆိုတော့ သူတို့ရောက်လာတာနဲ့ ချက်ချင်းသိမှာပါ"

အိမ်ရှင်ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ အပြန်တွင် စိုင်းနွံတ်က ကားမောင်းပြီး စဝ်ရန်နိုင်က ဘေးမှထိုင်လိုက်သည်။ သူက အခြေအနေအရပ်ရပ်ကို တွက်ဆစဉ်းစားသည်။ ခွဲတို့တစ်တွေ မည်သည့်အကြောင်းကြောင့် အောင်ခက်တို့နှင့် ပတ်သက်ဆက်နွယ်ရပါလိမ့်ဟု စဉ်းစား၍မရ။





"ခွဲက အောင်ခက်တို့နဲ့ သွားဆက်သွယ်တာလား . . အောင်ခက်တို့က ခွဲနဲ့လာဆက်သွယ်တာလားဆိုတာ ခန့်မှန်းလို့ ရနိုင်တယ်၊ ခွဲနဲ့ သူ့ကောင်မလေးတို့ဟာ သိပ်ကြီးကျယ်တဲ့ ကိစ္စမျိုးကို ကြံစည်နိုင်တဲ့အနေအထား မရှိဘူး၊ အောင်ခက်တို့ကတော့ ဒုစရိုက်နယ်မှာ ကျိုးကျနေတဲ့လူတွေဆိုတော့ တက်ရုံကိစ္စလောက်နဲ့ ကျေနပ်မှာ မဟုတ်တာ သေချာတယ်၊ သူတို့စီစဉ်ထားတဲ့ကိစ္စမှာ ခွဲတို့ကို ခေါ်သုံးတာ၊ အတူလက်တွဲလုပ်ဖို့ ခွဲတို့ကို ဆွဲဆောင်ထားတာဆိုရင် အဲဒီကိစ္စဟာ တက်ရုံမဟုတ်နိုင်ဘူး . . ကြီးကျယ်တဲ့ ရာဇဝတ်မှုဖြစ်ဖို့များတယ်"

"သူတို့က မန္တလေးဘက်ကို သွားတာဆိုတော့ မန္တလေးကို လှမ်းမေးရမှာပေါ့ . . ညီဝမ်းကွဲတစ်ယောက်ရဲ့ကိစ္စဆိုတာ ခေါင်းထဲက ထုတ်ထားလိုက်စမ်းပါ စဝ်၊ စိုးရိမ်သောကထက်မြက်တဲ့စိတ်ကို ဖျက်ဆီးတတ်တာ စဝ် အသိပဲ၊ သူ့ကို လျှော့ထားလိုက်"

စိုင်းနွံတ်၏စကားကိုကြားမှ ဖျပ်ခနဲ သတိဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစိုးရိမ်လွန်ကဲနေမိသည့်စိတ်ကို ထိန်းသည်။

"ကျေးဇူးပဲ စိုင်း . . ဖွဲ့အကြောင်းကို သိလိုက်တော့ စိုးရိမ်စိတ်နဲ့ ဘာလုပ်လို့ လုပ်ရမှန်း မသိဖြစ်သွားတယ်၊ စိုင်း သတိမပေးရင် ကိုယ့်ကိုကိုယ် ငါ သောကများနေမိပါလာ ဆိုတာ သတိထားမိမှာ မဟုတ်ဘူး"

"ဒါမျိုးက ကျွန်တော်ဖြစ်နေကျ ကိစ္စတွေလေ . . စဝ်ရဲ့ . . အဲဒါကြောင့် အရင်က ကျွန်တော့်ကို စဝ်သတိပေး ခဲ့တဲ့ စကားမျိုးလို အခုပြန်ပြောတာ၊ အခုလိုအဖြစ်မျိုးက ကိုယ် တွေ့ကြုံဖူးတဲ့လူမှ သိတာ၊ ဒီလိုလူမျိုးကမှ ကိုယ်ချင်း တတ်တာ"

စဝ်ရန်နိုင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မ ဘဲ ခေါင်းညိတ်လိုက်သည်။ သူက ကားဒက်ရှ်ဘုတ်ပေါ်တွ တင်ထားသည့် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ် ထု ယူမီးညှိလိုက်သည်။

"မွေးကြီး . . မန္တလေးကို ရောက်နေတယ်၊ သူ့ လှမ်းပြီးဆက်သွယ်လိုက်ရင် ကောင်းမယ် စဝ်"





"ရုံးခန်းကို ပြန်ရောက်တော့ စီစဉ်တာပေါ့၊ သူလည်း ရုံးကိစ္စနဲ့ သွားတာဆိုတော့ ကိုယ်တိုင်ကိုယ်ကျ ဝင်မပါနိုင် ရင်တောင် စီစဉ်ပေးလို့ ရတာပဲ"

စဝ်ရန်နိုင်တို့ အပြန်အလှန် စကားပြောနေစဉ် ဂျာ ကင်အိတ်ထဲ ထည့်ထားသော မိုဘိုင်းဖုန်းက အသံမြည်လာ သည်။ စဝ်ရန်နိုင်က ဖုံးသေးသေးလေးကို ထုတ်ယူနားထောင် လိုက်၏။

"စဝ်ရန်နိုင်"

တစ်ဖက်မှ အသံကိုကြားသည်နှင့် စဝ်ရန်နိုင်၏မျက် နှာ တည်ကြည်သွားသည်။

"ဟုတ်ကဲ့ . . အမိန့်ရှိပါ ဘချုပ်"

"မင်းတို့ကိစ္စ မပြီးသေးရင် မင်းနေခဲ့၊ စိုင်းနွတ်ကို နောက်ဆယ်မိနစ် လာတွေ့ဖို့ပြောလိုက်"

"ကျွန်တော်တို့ အခု ရုံးကိုပြန်လာနေပါပြီ ဘချုပ် နောက်ဆယ်မိစ် ဆယ့်ငါးမိနစ်ဆို ရောက်ပါပြီ"

"ဟုတ်ပြီ . . ငါစောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က ဖုန်းကိုပိတ်သိမ်းလိုက်သည်။ သူက မေးခွန်းထုတ်ဟန်ဖြင့် ကြည့်နေသော စိုင်းနွတ်ဘက်သို့ လှည့်လိုက်၏။

"ဘချုပ်က စိုင်းကိုမှာတာ . . ရုံးချုပ်ကို အမြန်လာ အရေးပေါ်တာဝန်ပေးစရာ ရှိတယ်တဲ့"

စိုင်းနွတ်က ကားမောင်းနေရင်းမှ လေတစ်ချက်ချွန်လိုက်သည်။ စိတ်ဝင်စားသည့်ဟန်ဖြင့် သူ့မျက်လုံးအစုံ အရောင်လက်လာသည်ကို တွေ့ရ၏။

"ကျွန်တော် တစ်ယောက်ထဲတဲ့လား . . စဝ်"

"တစ်ယောက်တည်းမို့ စိုင်းနာမည်ကို ပြောတာပေါ့၊ ဒီက ကိစ္စမပြီးရင် ကိုယ်တစ်ယောက်ထဲ ဆက်လုပ်ဖို့ပြောတယ်"

"ဒါဆိုရင်တော့ ဒွဲတို့ပြဿနာထဲမှာ ကျွန်တော် ပါနိုင်တော့မှာ မဟုတ်ဘူး၊ အခုကိစ္စမှာ စဝ်အတွက် အဖော်တစ်ယောက်ရှိဖို့လိုတယ်နော်၊ မွေးကြီးရဲ့အလုပ်တွေပြီးသွားရင် သူ့ကိုခေါ်ပေါ့"





"ရပါတယ် . . ကိုယ့်အတွက် ဘာမှမစဉ်းစားနဲ့ စိုင်းလုပ်စရာရှိတာ လုပ်၊ ဒွဲတို့ကိစ္စက ကိုယ့်ကို မလွှမ်းမိုးနိုင်တော့ပါဘူး"

စိုင်းနွတ်က တစ်စုံတစ်ရာ ဆက်မပြောတော့ဘဲ ကားကိုဂရုတစိုက် ထိန်းသိမ်းမောင်းနှင်သည်။ စဝ်ရန်နိုင်က သူ ရှု့ဆက်လှမ်းရမည့် ခြေလှမ်းများအတွက် စိတ်ကူးထဲတွင် စိအစဉ် ချနေမိလေ၏။

ဓမ္မ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

စဝ်ရန်နိုင်က ဖုန်းကိုပိတ်သိမ်းလိုက်သည်။ သူက မေး ခွန်းထုတ်ဟန်ဖြင့် ကြည့်နေသော စိုင်းနွတ်ဘက်သို့ လှည့် လိုက်၏။

"ဘချုပ်က စိုင်းကိုမှာတာ . . ရုံးချုပ်ကို အမြန်လာ အရေးပေါ်တာဝန်ပေးစရာ ရှိတယ်တဲ့"

စိုင်းနွတ်က ကားမောင်းနေရင်းမှ လေတစ်ချက်ချွန် လိုက်သည်။ စိတ်ဝင်စားသည့်ဟန်ဖြင့် သူ့မျက်လုံးအစုံ အ ရောင်လက်လာသည်ကို တွေ့ရ၏။

"ကျွန်တော် တစ်ယောက်ထဲတဲ့လား . . စဝ်"

"တစ်ယောက်တည်းမို့ စိုင်းနာမည်ကို ပြောတာပေါ့၊ ဒီက ကိစ္စမပြီးရင် ကိုယ်တစ်ယောက်ထဲ ဆက်လုပ်ဖို့ပြော တယ်"

"ဒါဆိုရင်တော့ ဒွဲတို့ပြဿနာထဲမှာ ကျွန်တော် ပါနိုင် တော့မှာ မဟုတ်ဘူး၊ အခုကိစ္စမှာ စဝ်အတွက် အဖော်တစ် ယောက်ရှိဖို့လိုတယ်နော်၊ မွေးကြီးရဲ့အလုပ်တွေပြီးသွားရင် သူ့ကိုခေါ်ပေါ့"





"ရပါတယ် . . ကိုယ့်အတွက် ဘာမှမစဉ်းစားနဲ့ စိုင်း လုပ်စရာရှိတာ လုပ်၊ ဒွဲတို့ကိစ္စက ကိုယ့်ကို မလွှမ်းမိုးနိုင်တော့ ပါဘူး"

စိုင်းနွတ်က တစ်စုံတစ်ရာ ဆက်မပြောတော့ဘဲ ကား ကိုဂရုတစိုက် ထိန်းသိမ်းမောင်းနှင်သည်။ စဝ်ရန်နိုင်က သူ ရှေ့ဆက်လှမ်းရမည့် ခြေလှမ်းများအတွက် စိတ်ကူးထဲတွင် စီအစဉ် ချနေမိလေ၏။

၏


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံ အသံဗလံများကြောင့် အိပ်ပျော်နေရာမှ ဖျတ်ခနဲလန့်နိုးသည်။ လန့်နိုးလျှင်နိုးခြင်း ဖွဲ အိပ်ရာပေါ်တွင် ငေါက်ခနဲ ထထိုင်လိုက်သည်။ အိမ်အပေါ်ထပ်သို့တိုင် ပျံ့လွင့်လာသော အသံဗလံများကို နားစွင့်သည်။

အောင်ခက်၏ဒေါသတကြီး အော်ဟစ်ပြောဆိုနေသံကို ကြားရသည်။ ဖွဲ ခုတင်ပေါ်မှဆင်းလိုက်၏။ တစ်ချက်သန်းဝေကာ ခါးဆန့်အညောင်းဖြေပြီး အခန်းထဲမှလျှောက်ကာ အောက်ထပ်သို့ဆင်းခဲ့သည်။





"ငါ မင်းကို နောက်တစ်ခါ ပါးစပ်နဲ့မပြောတော့ပါဘူး"

"အခုကော ပါးစပ်က ပြောလို့လား၊ ဒီမှာ ဖူးရောင်နေတာတောင် မင်းက နောက်တစ်ခါဆို ပါးစပ်နဲ့မပြောတော့ဘူး လုပ်နေသေးတယ်"

"အဲဒီအစ်ပွါယ်က နောက်တစ်ခါဆိုရင် အသေပဲလို့ပြောတာ၊ အခု မင်းကိုထိုးတာ ပါးစပ်နဲ့ပြောသလောက်ပဲရှိတယ် . . သဘောပေါက်ရဲ့လား ထွန်းမောင်"

ထွန်းမောင်က အောင်ခက်အား တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမပြု၊ ဖူးရောင်ညိုမဲစပြုနေသော သူ့မေးရိုးကို လက်ဖြင့် ပွတ်သပ်နေသည်။

"ငါက ငါတို့အားလုံးအတွက် ထွက်ပေါက်ရမယ့် အလုပ်ကြီးတစ်ခုကို လုပ်ဖို့ စီစဉ်ထားတယ်၊ အဲဒီ အစီအစဉ်ချောချောမောမောပြီးဖို့အတွက် ပြင်ဆင်စရာတွေ ပြင်ဆင်ပေးတယ်၊ နောက်နှစ်ရက်ဆိုရင် ငါတို့အလုပ်စရတော့မယ့်အချိန်မှာ မင်းက အရက်အိုးထဲ နစ်နေတာ၊ ငါတို့လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကွင်းစွပ်နေတာနဲ့ အတူတူပဲ"

ထွန်းမောင်က ခေါင်းငိုက်ချပြီး အောင်ခက်၏ စကားကို နားထောင်သည်။ အောင်ခက်က ထွန်းမောင် မ တုန်မလှုပ်နေသည်ဟု ထင်ပြီး ပို၍ဒေါသဖြစ်လာသည်။ သူက ထွန်းမောင်၏အနားသို့ ဖျပ်ခနဲတိုးကပ်သွား၏။

"မင်းက ငါပြောတာကို ဂရုမစိုက်ဘူးပေါ့ . . ဟုတ်လား . . ထွန်းမောင်"

ထွန်းမောင်က ခေါင်းမထောင်နိုင်အောင် မှုးယစ်နေသည့်ကြားမှ အောင်ခက်အား မော့်ကြည့်လိုက်သည်။

"မင်းကို ငါ . . ဘာပြောနေလို့လဲ အောင်ခက်"

"ဘာမှ မပြောလို့ ငါကပြောနေတာ၊ ငါ စိုးရိမ်သော ကရောက်နေသလောက် မင်းက မတုန်မလှုပ်နဲ့ ငါကွာ စိတ် မရှည်ချင်တော့ဘူး"

အောင်ခက်က ထွန်းမောင်၏အင်္ကျီရင်ဘတ်စကို လှမ်းဆွဲသည်။ အနားတွင်ရှိနေသော ဖြူဖြူက အောင်ခက် ၏လက်ကို လှမ်းပုတ်ထုတ်လိုက်၏။





"ဒါ . . ဘာလုပ်တာလဲ ဖြူဖြူ"

"လက်လွန်ခြေလွန်တွေ ဖြစ်မှာစိုးလို့ ဝင်တားတာ လေ . . သူက သူ့အပြစ်သူသိလို့ ငြိမ်နေပြီပဲဟာ . . ကို အောင်ခက်အနေနဲ့ သူ့ကို ကိုယ်ထိလက်ရောက် မလုပ်သင့် တော့ပါဘူး"

"မင်းက ငါ့ကို ဆရာဝင်လုပ်နေတာလား ဖြူဖြူ ငါ့ကို ဆရာမလုပ်ခင် မင်းကိုယ်မင်း ဆင်ခြင်လိုက်ဦး . . တစ်နေ့ တစ်နေ့ ဘိန်းပဲမှိန်းနေတဲ့ မင်းကို ငါ မကျေနပ်ဘူး"

"အဲဒါ . . ကျွန်မကိစ္စပဲ၊ ရှင်နဲ့ဘာဆိုင်လို့လဲ . . ရှင်နဲ့ဘာဆိုင်လို့လဲ . . ရှင် မကျေနပ်ရင်လည်း သေလိုက်"

"ဘာကွ . . တောက် . . ငါလုပ်လိုက်ရ"

"လုပ်လေ . . ကျွန်မကို ထိရဲရင် ထိကြည့်စမ်း၊ ကျွန်မက ရှင့်ကို ကျေနပ်နေတယ်များ ထင်နေသလား၊ ရှင် မကျုပ်ကိုင်လို့ ကျွန်မ အခုကိစ္စမှာ ပါလာရတာ၊ နို့မဟုတ် ရင်တော့ ရှင်နဲ့လက်တွဲဖို့ဆိုတာ ဝေးသေးတယ်"

"မင်းက ပြောလေ ကဲလေပါလား . . တယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ငါ . ."

အောင်ခက်က ဖြူဖြူ့အား ရိုက်တော့မည့်ဟန် လက်ကိုမြှောက်လိုက်သည်။

"ကိုအောင်ခက် . . ခင်ဗျား ဖြူဖြူ့ကို မထိနဲ့"

အော်ဟစ်ပြောဆိုရင်း ဖွဲ့က လှေခါးထစ်များကို ခုန်ကျော်ပြီး အောက်သို့ပြေးဆင်းသည်။ အောင်ခက်မှာ တစ်မယောက်ပြီးတစ်ယောက် သူ့ကို အာခံနေသည်ဟု တွေးထင်ပြီး ပို၍ဒေါသဖြစ်လာသည်။ သူက ဖြူဖြူ၏ပခုံးကို ဆတ်ခနဲခပ်ကြမ်းကြမ်း လှမ်းကိုင်ဆုပ်ညှစ်လိုက်၏။

"မင်းက ဘာကောင်မို့ . . ငါ့ကို အမိန့်ပေးနေတာလဲ ထိတယ်ကွာ . . ထိတော့ မင်း ဘာလုပ်မလဲ"

ဖွဲ့က နေရာမှ ရိပ်ခနဲခုန်ထွက်သည်။ ကြမ်းပြင်ပေါ်သို့ခြေပြန်အကျတွင် ညာခြေဖြင့် အောင်ခက်၏အောက်ပိုင်းကို သိမ်းရိုက်သည်။ ဖွဲ့၏လှုပ်ရှားမှုက မြန်သလို သူ့ကန်ချက်ကလည်း အားပါသည်။

ပြင်းထန်သော ကန်ချက်ကြောင့် အောင်ခက် ကြမ်း





ပြင်ပေါ်သို့ ဝုန်းခနဲပစ်ကျသည်။ သူက နာကျင်သွားသည်ကို ဂရုမစိုက်ဘဲ ခါးကြားမှ သေနတ်ကို လျှပ်တစ်ပြက်ဟုတ်ယူကာ ဖွဲ့အား ထိုးချိန်လိုက်သည်။

"မင်း ငါ့ကို စမ်းတာလား ဖွဲ့"

ဖွဲ့က အေးစက်စူးရှသော မျက်လုံးအစုံဖြင့် အောင်ခက်အားကြည့်သည်။ ရင်ဆိုင်ရဲဟန် တင်းမာပြတ်သားဟန်ကို သူ့မျက်နှာတွင် ထင်ထင်ရှားရှား ပေါ်နေသည်။

"ခင်ဗျားကို ကျွန်တော် မစမ်းပါဘူး၊ စမ်းစရာအကြောင်းလည်း မရှိဘူး . . ခင်ဗျားက ဖြူဖြူ့ကို ထိခိုက်ဟာရင် ကျွန်တော် သည်းမခံနိုင်ဘူး ကိုအောင်ခက် . . ခင်ဗျားဟာ ကျွန်တော်တို့ငါးယောက်မှာ ခေါင်းဆောင်ပါ၊ ခေါင်းဆောင်တစ်ယောက်ဟာ ကိုယ့်နောက်လိုက်တွေကို အကြောင်းမဲ့ မညှင်းဆဲသင့်ဘူး၊ အကြောင်းမဲ့ အနိုင်မကျင့်ဘူး . . ကျွန်တော်တို့ဟာ ခင်ဗျားရဲ့နောက်လိုက်တွေဖြစ် အလုပ်အတူ လုပ်မယ့်လူတွေ ခင်ဗျားရဲ့အစမ်းသပ်ခံတွေ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အောင်ခက်၏မျက်နှာပေါ်မှ ဒေါသအရိပ်အယောင်များ တဖြည်းဖြည်းလျော့ပါးလာသည်။ ဓွဲအား စူးစိုက်ကြည့်နေသည့် သူ့မျက်လုံးအစုံတွင် ဒေါသအရိပ်အယောင်များမရှိတော့သော်လည်း ထိုမျက်လုံးတွင် ကောက်ကျစ်စဉ်းလဲဟန်များ မသိမသာ ပေါ်နေသည်။

"ဆောရီးကွာ . . ထွန်းမောင် တစ်ချိန်လုံးမူးနေတာတွေ့တော့ ငါအရမ်းဒေါသ ဖြစ်သွားမိတယ်၊ ငါတို့အလုပ်က အသက်နဲ့ရင်းပြီး လုပ်ရမယ့်အလုပ်၊ ဒီအလုပ်ကို လုပ်မယ့်သူက မူးနေမယ်၊ အရက်နာကျပြီး မရှင်မလန်းဖြစ်နေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး စွန့်စားနိုင်တော့မှာလဲ အဲဒီသောကနဲ့ ငါက မင်းတို့အပေါ်ပါ ဒေါသဖြစ်သွားပါတယ်၊ ပြန်စဉ်းစားမိတော့လည်း ငါအခုလောက်ထိ ဒေါသမဖြစ်သင့်ဘူးဆိုတာ ဆင်ချင်မိပါတယ်"

"ကျွန်တော်က မမှားတဲ့အတွက် ခင်ဗျားကို ([illegible]) တောင်းပန်နိုင်ဘူး ကိုအောင်ခက် . . အဲဒီအတွက် ခွင့်လွှတ်ပါ"





အောင်ခက်က ရယ်မောလိုက်ပြီး ဓွဲ၏ပခုံးကို လက်ဖြင့်လှမ်းပုတ်သည်။

"အေးပါကွာ . . အေးပါ . . အပြစ်ရှိတဲ့ငါကပဲ မင်းကို တောင်းပန်ပါတယ်၊ ကျေနပ်ပါ ဟုတ်လား"

"ရပါတယ် ကျွန်တော်တို့က ရန်သူတွေမှ မဟုတ်[illegible]ဲ တစ်ယောက်ယောက်က မှားသွားပြီး အဲဒီအမှားကို [illegible]မှားမှန်းသိတာ၊ အမှားအတွက် တောင်းပန်လာတာကို [illegible]ကျေနပ်ရမှာပေါ့၊ အခုလို မှားပါတယ်လို့ပြောပြီး တောင်း[illegible]န်တဲ့အတွက် ကိုအောင်ခက်ဟာ ခေါင်းဆောင်စိတ်ရှိတယ် [illegible]ေါင်းဆောင်ပီသတယ်ဆိုတာ သိသာပေါ်လွင်နေပါတယ်"

အောင်ခက်က ဓွဲ၏ပြောစကားကို သဘောကျဟန်[illegible]ားရပါးရ ရယ်မောလိုက်သည်။ သူရယ်လိုက်သဖြင့် စော[illegible]ပိုင်းက တင်းမာနေခဲ့သည်များ ပျက်ပြယ်ပျောက်လွင့်[illegible]ားလေသည်။ ဓွဲနှင့်ဖြူဖြူတို့ ပြုံးလာသည်။

မူးယစ်ပြီး ခေါင်းမထူနိုင်ဖြစ်နေသော ထွန်း[illegible]င်က ရယ်သည်။ ခပ် ဝေးဝေးတွင်ထိုင်ကာ စောစောပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကအဖြစ်တွေကို ကိုယ်နှင့်မဆိုင်သလို နေနေသော စိုးပင် ပြုံးရယ်လာသည်။

"ကောင်းတယ်ကွာ . . မင်းတို့တစ်တွေ ဒေါသနဲ့ အမုန်းစိတ် မမွေးဘဲနေတာ တကယ် ဝမ်းသာဖို့ကောင်းပါ တယ် . . ဒီလိုစိတ်ဓာတ်ရှိနေကြတဲ့နောက် ငါတို့ရဲ့စွန့်စား ခန်း အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်မှာ သေချာပါတယ်"

အောင်ခက်သည် စိတ်အပြောင်းအလဲ မြန်သူဟု သူ ၏အပြောအဆို အမူအရာတို့ကိုကြည့်ရင်း ဇွဲက စိတ်ထဲမှ မှတ်ချက်ချမိသည်။ အောင်ခက်နှင့်ပတ်သက်လျှင် သတိ ထားနိုင်မှ တန်ကာကျမည်ဟု သူစဉ်းစားမိ၏။

"ဟေ့ကောင် . . စိုး ငါတို့နဲ့ခပ်ဝေးဝေးမှာ သွား ထိုင်မနေနဲ့ . . စားစရာတစ်ခုခု စီစဉ်ပြီး ဒီမှာလာထိုင်၊ ငါတို့ လုပ်ရမယ့် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး တိုင်ပင်ကြ မယ်"

စိုး အရင်ထိုင်နေရာမှထပြီး မီးဖိုခန်းဘက်သို့ ထွက် သွားသည်။ တစ်ခဏအကြာတွင် လက်ဖက်သုပ်တစ်ပန်း





ကန် ရေနွေးကြမ်းတစ်အိုး လာချပေးသည်။

"လာ . . စိုး မင်းလည်း လာထိုင်၊ ငါတို့စားရင်း သောက်ရင်း ငါတို့လုပ်ရမယ့်ကိစ္စကို တိုင်ပင်ကြတာပေါ့ ငါက ငါစီစဉ်ထားတာကို ပြောပြမယ်၊ မင်းတို့က ဟာကွက် ရှိရင်ထောက်ပြ၊ လိုအပ်တာရှိရင် ဖြည့်စွက်ဖို့ အကြံပေးကြ၊ တစ်ယောက်ထဲ တစ်ခေါင်းထဲက စဉ်းစားတာထက် လူလေး ယောက်ငါးခြောက်ယောက်က ဝိုင်းစဉ်းစားတာ ပိုပြီးပြည့် စုံနိုင်တယ်၊ ငါတို့ တိုင်ပင်ကြရအောင် အားလုံးရှေ့ကို တိုး ခဲ့ကြကွာ"

"ဒီည . . ငါနဲ့ဇွဲ ပထမဆုံးစပြီးလှုပ်ရှားမယ်၊ ဒီ ကုန်းထိပ်ကအိမ်ရှေ့မှာ ကားတစ်စီး ရပ်ထားတာတွေ့တယ် မဟုတ်လား၊ အဲဒီကားကို ဒီညခိုးရမယ်၊ ကားသော့အတု ကို စိုးက လုပ်ပေးထားတယ်၊ ပထမဆုံး ကားကို ဂီယာ ဖြုတ်ပြီး ကုန်းပေါ်ကနေ လိမ့်ချမယ်၊ အောက်လမ်းပေါ်ကို ရောက်တဲ့အခါ ဇွဲက ကားကိုမောင်းယူသွားပြီး မြို့အထွက် ချုံတောထဲမှာ ဝှက်ထား . . အဲဒီနေရာကို မနေ့က မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



စိုးသွားကြည့်ထားတယ် မဟုတ်လား ဖွဲ့"

ဖွဲ့က ခေါင်းညိတ်ပြသည်။

"ကျွန်တော်တို့ သေသေချာချာ ကြည့်ထားပါတယ် ကိုအောင်ခက်"

"မင်း ကားမောင်းထွက်သွားတဲ့အခါ ငါ ဂျစ်ကားနဲ့ နောက်ကလိုက်မယ်၊ ခိုးထားတဲ့ကားကို ဝှက်ပြီးရင် ဂျစ်ကားနဲ့ပြန်လာကြတာပေါ့ . . ဟုတ်ပြီလား ဖွဲ့"

ဖွဲ့က ခေါင်းညိတ်ပြပြန်သည်။

"သတ်မှတ်ရက်ကျရင် ငါတို့တစ်တွေ မနက်သုံးနာရီ ဒီကနေထွက်မယ်၊ ကားဝှက်ထားတဲ့နေရာ ရောက်ရင် ဖြူဖြူ့ကို ချထားခဲ့မယ်၊ ဖြူဖြူ အဲဒီကားပေါ်ကနေ အသင့်စောင့် . . ဦးနေရော်တို့ ကားထွက်လာတာနဲ့ မင်း သူတို့ ကားနောက်ကနေလိုက်၊ လမ်းထက်ဝက်လောက်ကျရင် သူတို့ကားကို ကျော်တက်၊ မင်းက ကားကိုခပ်ကြမ်းကြမ်း မောင်းပြရမယ်နော် . . ဖြူဖြူ"

"ဟုတ်ကဲ့"





"ဦးနေရော်တို့က သိပ်အဝေးကြီးပြတ်ကျန်ခဲ့အောင်လည်း မမောင်းနဲ့၊ သူတို့က မင်းကို သတိထားမိအောင်လည်းလုပ်"

"သူတို့ သတိထားမိအောင် လုပ်တဲ့သဘောက ဘာအဓိပ္ပါယ်လဲ ကိုအောင်ခက်"

"ငါဆက်ပြောမယ် . . သေသေချာချာ နားထောင် ဦးနေရော်ဟာ ဒီကနေအဆင်းမှာ ဆုတောင်းပြည့်စေတီကို ဝင်ဖူးတတ်တယ်၊ သူတို့ကားရပ်ပြီး စေတီပေါ်တက်တဲ့အချိန်မှာ ဖြူဖြူက ကားကို ရေနုတ်မြောင်း အောက်ဘက်ချောင်းထဲ မောင်းချ၊ လူကတော့ ကားပေါ်ကနေ ခုန်ဆင်းပြီး ဒဏ်ရာရထားတဲ့ပုံနဲ့ လမ်းလယ်ခေါင်မှာ လဲနေရမယ်၊ ငါလောက်ထိ ရှင်းတယ်နော်"

"ဟုတ်ကဲ့"

"ဦးနေရော် ဆုတောင်းပြည့်စေတီကနေ ဆင်းလာတဲ့အခါမှာ မင်းကို တွေ့သွားလိမ့်မယ်။ သူကိုယ်တိုင်ဖြစ်ဖြစ် သူ့ဒရိုင်ဘာဖြစ်ဖြစ် ဆင်းကြည့်လိမ့်မယ်၊ အဲဒီလူကို



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက အပိုင်ကိုင်ရမယ်၊ ဖြူဖြူက နိုင်ပုံမပေါ်ရင် ထွန်း မောင်က တာဝန်ယူရမယ်၊ မင်းနေရာယူရမှာက ရေနုတ် မြောင်းအပေါ် တောင်ကုန်းလေးမှာပဲ၊ တောင်ကုန်းပေါ်မှာ သစ်ပင်ကြီးကြီးတွေ ရှိတဲ့အတွက် အကာအကွယ် ကောင်း တယ်''

''အဲဒီအချိန်မှာ စိုးက စေတီအထက်ဘက်မှာ လှဲ ဖို့ အသင့်ပြင်ထားတဲ့ သစ်ပင်ရဲ့ဆိုင်းကြိုးတွေကိုဖြတ် မယ်၊ သစ်ပင်ကြီး လမ်းပေါ် ကန့်လန့်ဖြတ်လဲကျနေရင် ဦးနေရော်တို့ကားနောက်က တစ်ခြားကားတစ်စီးစီး ပါလာ ရင် တားဖို့ပဲ''

စိုးက သူလုပ်ရမည့်အလုပ်နှင့် ပတ်သက်ပြီး နား လည်သဘောပေါက်ဟန် ခေါင်းညိတ်ပြသည်။

''တံတားပေါ်မှာ လဲကျနေတဲ့ ဖြူဖြူ့ကိုကြည့်ဖို့ ကားပေါ်က တစ်ယောက်ဆင်းရင် နောက်တစ်ယောက် ကားပေါ်မှာ ကျန်ခဲ့လိမ့်မယ်။ အဲဒီလူကို ငါကပဲ တာဝန်ယူ မယ်၊ မင်းတို့သုံးယောက် ကိုယ်လုပ်ရမယ့်အလုပ်နဲ့ ပတ်





သက်ပြီး မရှင်းရင်မေးပါ''

စိုးက မေးခွန်းထုတ်တော့မည့်ဟန် ပါးစပ်ပြင်သည်။ သူက တစ်စုံတစ်ရာ မေးမြန်းမည်ပြုပြီးမှ မမေးတော့ဘဲ နှုတ်ပိတ်နေလိုက်သည်။

''မင်းတို့တစ်ယောက်စီ လုပ်ရမယ့်အလုပ်ကို သိ တယ်နော်၊ အခုဆက်ပြီး ဖွဲ့အနေနဲ့ ဘာလုပ်ရမလဲဆိုတာ ပြောမယ်''

ဖွဲ့က စကားထဲတွင် သူ့နာမည်ပါလာသဖြင့် အောင် ခက်အား ဖျတ်ခနဲမော့ကြည့်သည်။ သူ့အမူအရာက သူလုပ် ရမည့်အလုပ်ကို စိတ်ဝင်စားနေဟန်မျိုးရှိသည်။

''ဖွဲ့က ကားမောင်းရမယ်၊ ငါတို့အားလုံးကို တံ တားဖြူပေါ်ရောက်တာနဲ့ ကားပေါ်ကချပေးပြီးရင် ကားကို တံတားတောင်ဘက်က ချုံတွေကြားထဲ မောင်းသွင်းပြီး ဝှက်ပြီး ချက်ချင်းပြန်ထွက်နိုင်အောင် ပြင်ထား . . ဟုတ် ပြီလား''

''ဟုတ်ကဲ့ . . စီစဉ်ထားတဲ့အတိုင်း မမှားအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လုပ်ပါ့မယ်''

"အစီအစဉ်ကတော့ ဒီအတိုင်းပဲ၊ ငါတို့အတွက် ပြဿနာဖြစ်နိုင်တာက ဦးနေရော်ပဲ၊ ဒီလူက တိုက်ခိုက်ရေး သမားကောင်းတစ်ယောက် သိပ်လျင်တယ်၊ သိပ်ပါးနပ်တယ် . . သူ့ကို အပိုင်မကိုင်နိုင်ရင်တော့ ငါတို့ကိစ္စ အောင်မြင်ဖို့မလွယ်ဘူး၊ အပိုင်ကိုင်ဖို့အတွက်က ဖြူဖြူ လျင်ဖို့ ပါးနပ်ဖို့ လိုတယ်''

"သူ့ကိုအပိုင်ကိုင်ရမယ်ဆိုတာက ဘယ်လိုလုပ်ရမှာလဲ သတ်ပြစ်ရမှာလား၊ အဲဒါဆိုရင်တော့ ကျွန်မ မလုပ်နိုင်ဘူး''

"ဟာ . . အဓိပ္ပါယ် မရှိလိုက်တာ၊ သူ့ကို ဘာဖြစ်လို့သတ်ရမှာလဲ . . ငါတို့လုပ်ရမယ့် အလုပ်က သူ့ကိုသတ်ဖို့ မဟုတ်ဘူး၊ သူ့ပစ္စည်းတွေရဖို့ပဲ''

"နောက်ကြောင်းအေးအောင် အဲဒီလူကို ရှင်းပစ်တာ ပိုကောင်းမယ် ထင်တယ်''

ထွန်းမောင်က ဝင်ပြောလိုက်သည်။ သူ့စကားအဆုံး





တွင် အောင်ခက်က ခေါင်းဆတ်ခါလိုက်၏။

"မင်းက အားအားရှိ လူသတ်ချင်နေပါလား ထွန်းမောင်၊ ဦးနေရော်ကို သတ်လို့မဖြစ်ဘူး၊ သတိလစ်မေ့မြောသွားရုံလောက်ပဲ လုပ်ရမယ်၊ ငါတို့က လုယက်မှုပဲ ကျူးလွန်မှာ လူသတ်မှုကျူးလွန်လို့မဖြစ်ဘူး . . အဲဒါဆိုရင် ပြဿနာ သိပ်ကြီးသွားလိမ့်မယ်''

ထွန်းမောင်က ဖြူဖြူအား နီရဲနေသော မျက်လုံးအစုံဖြင့် တစ်ချက်ကြည့်ပြီး ခြောက်ကပ်ကပ်နိုင်သောအသံဖြင့် ရယ်သည်။

"ငါကလည်း ပြဿနာကြီးမှာကို ကြောက်ပါတယ် ဒါပေမယ့် ဖြူဖြူက ဦးနေရော်အတွက် သိပ်စိုးရိမ်နေတာကိုတော့ သဘောမကျဘူး၊ သူနဲ့ ဦးနေရော် ပတ်သက်ဆက်ဆံမှု ရှိလိမ့်မယ် ထင်တယ်''

ဖြူဖြူက ထွန်းမောင်အား မျက်နှာထားတင်းတင်းနှင့်ကြည့်သည်။ သူမ၏မျက်လုံးအစုံမှာ ပြတ်သားရဲရင့်ဟန်ဖြင့် စူးရှအရောင်လက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေရော်က ကျွန်မ သူငယ်ချင်းရဲ့အဖေ ပြီးတော့ ကျွန်မအသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှင် . . အဲဒါကြောင့် သူ့ကို မထိခိုက်စေချင်တာ . . ရှင်းတယ်နော် ကိုထွန်းမောင်"

အရက်ခိုးတွေဝေနေသော ထွန်းမောင်၏မျက်နှာမှာ လှောင်ပြုံးလေးတစ်ခု ထင်လာသည်။

"အစက ဒီစကားမျိုးကို မင်းဘာဖြစ်လို့ မပြောခဲ့တာလဲ"

"အို . . ဘာဖြစ်လို့ မပြောရမှာလဲ၊ ကိုအောင်ခက်ကို ဒီအကြောင်းတွေ ကျွန်မ သေသေချာချာ ပြောပြထားပါတယ်"

"ဟုတ်တယ် . . ထွန်းမောင် ဖြူဖြူက အဲဒီအကြောင်းကို ငါ့ကိုပြောပြထားတယ်၊ သူ့ကြောင့်ပဲ ဦးနေရော်နဲ့ပတ်သက်လို့ ငါ မသိသေးတာတွေ သိလာရတာပေါ့"

ထွန်းမောင်က ကျေနပ်ပုံမရ၊ သို့သော် သူက ဖြူဖြူအား စွပ်စွဲသည့်အတိုင်း မဟုတ်ကြောင်း လက်ခံလိုက်ရသည်။





"မင်းတို့ ဘာမေးမလဲ . . ဘာအကြံပေးမလဲ၊ ပြောကြပါ"

ဖွဲတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းခါလိုက်ကြသည်။ အောင်ခက်က ပြုံးပြီး ခေါင်းကဆတ်ဆတ် ညိတ်နေလေ၏။

"ငါ အားလုံးကို တစ်ခုပြောမယ်၊ အခုကိစ္စမှာ ခြေလွန်လက်လွန် မဖြစ်ပါစေနဲ့ အဲဒါကို သတိထားပါ"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

မိုးသစ်ပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖြူ . . အနီ . . အဝါ . . ပန်းနုရောင် နှင်းဆီပန်းများသည် တဖွားဖွားနှင့်ကျနေသော ရေမှုံရေစက်များအောက်တွင် လှပရွှင်မြူးစွာ ယိမ်းကနေသည်။

လတ်ဆတ်သော နှင်းဆီပန်းရနံ့ လေထဲတွင် လွင့်ပါနေ၏။

စဝ်ရန်နိုင်သည် တစ်ဖက်တစ်ချက်တွင် အိုးဖြင့်စိုက်ထားသည့် နှင်းဆီပန်းများ ဝိုင်းရံနေသည့် ကွန်ကရီခင်းလမ်းအတိုင်းလျှောက်ပြီး ခြံဝင်းထဲသို့ဝင်သည်။





နှင်းဆီပန်းခင်းကို ရေပိုက်ဖြင့်ရွှဲရွှဲစိုအောင် ရေလောင်းနေသော ဥယျာဉ်မှူးကြီးကို ဖြတ်ကျော်ပြီး ပန်းခင်းအဆုံးတွင်ရှိသော တစ်ထပ်တိုက်ပုလေးဆီသို့ လျှောက်ခဲ့သည်။ တိုက်ပုလေးရှေ့တွင် သဘာဝအတိုင်း ပေါက်နေသော မြက်ခင်းစိမ်းစိမ်းတစ်ခင်းရှိသည်။

မြက်ရိတ်စက်ဖြင့် ရိတ်ထားသဖြင့် မြက်ခင်းပြင်မှာ ညီညာလှပနေ၏။ မြက်ခင်းပေါ်တွင် ရောင်စုံထီးကြီးတစ်ချောင်း စိုက်ထူထားလျက်ရှိပြီး ထီးရိပ်တွင် ကျောက်ဖြူစားပွဲနှင့် စားပွဲကိုဝိုင်းရံထားသော ကျောက်ဖြူသားထိုင်ခုံများ ခင်းထားသည်ကို တွေ့ရ၏။

ကျောက်ဖြူသားထိုင်ခုံတစ်လုံးတွင် ချောမောလှပ၊ တည်ငြိမ်ရင့်ကျက်ခြင်း၊ နုနယ်သိမ်မွေ့ခြင်း၊ ဝင်းပချို့ခြင်းတို့ကို ပိုင်ဆိုင်ထားသည့် မိန်းမပျိုတစ်ယောက်ထိုင်နေသည်။ ထိုမိန်းမပျိုမှာ စဝ်ရန်နိုင်၏ အသက်မကသူ သမုန္ဒယ်ပင်ဖြစ်သည်။

သမုန္ဒယ်သည် ကျောက်ဖြူသားထိုင်ခုံတွင် ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထူထူကြီးတစ်အုပ်ကို စိတ်ဝင်တစား ဖတ်ရှုနေသည်။ စဝ်ရန်နိုင်က ခြေသံမကြားအောင် ခြေဖွနင်းပြီး သမုနွယ် ရှေ့တွင် ရပ်လိုက်သည်။

"နွယ်"

တိုးမှေ့ချိုသာသော ခေါ်သံက စာထဲတွင် စိတ်ဝင်စားနေသော သမုနွယ်အား ကိုင်လှုပ်သကဲ့သို့ ရှိသွားသည်။ သမုနွယ်သည် စာဖတ်နေရာမှ ဖျတ်ခနဲ မော့ကြည့်လာ၏။

စူးရှတောက်ပသော အညိုရောင်မျက်လုံးများတွင် အပြောင်းအလဲများစွာတို့ တစ်ပြိုင်နက်တည်း ပေါ်လာသည်။ ထိုမျက်လုံးများက ပထမအံ့အားသင့်သွားသည်။

ထို့နောက် အသက်ဝင်ချိုမြလာသည်။ ချိုမြခြင်းတွေ ပို၍အားကောင်းလာစေရန် မျက်လုံးညိုတို့ တဖြည်းဖြည်းပြုံးလာ၏။

"မောင်"

စဝ်ရန်နိုင် သမုနွယ်၏ရှေ့တည့်တည့်တွင် ရပ်ရာက ပြည့်ဝအိစက်သော ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်





ကိုင်လိုက်လေသည်။

"နွယ် နေကောင်းတယ်နော်"

သမုနွယ်က ခေါင်းကိုညင်သာစွာ ညိတ်ပြသည်။ သူမ၏မျက်နှာတွင် ထင်ဟပ်နေသည့် ချိုမြခြင်းတို့ လျော့ပါးသွားသည် မရှိ၊ ပို၍သာ တိုးလာနေ၏။

"မောင် မျက်စိလည် လမ်းမှားပြီး ရောက်လာတာလားဟင်"

စကားနာထိုးတော့မည်ဟု စိတ်ထဲက သိလိုက်သည်။ အပြုံးမပျက်ပင် သမုနွယ်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

ပခုံးကိုကိုင်ထားရာမှ ဖြေလွှတ်လိုက်ရသည့် လက်နှစ်ဖက်က သမုနွယ်၏ ဖယောင်းသွယ် လက်ကလေးများပေါ်သို့ ရောက်သွားသည်။

"လူက တာဝန်တွေ ပိနေလို့ မရောက်ပေမယ့် စိတ်ကတော့ နွယ့်ဆီကို အမြဲရောက်ပါတယ်၊ ကိုယ့်ကို အဲဒီအကြည့်မျိုးနဲ့ မယုံသလို ကြည့်မနေပါနဲ့ နွယ်.. ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကို နားနဲ့ကပ်ပြီး နားထောင်ကြည့်၊ ဘာအသံထွက်နေမယ် ထင်သလဲ''

သမုနွယ်၏ စင်ယော်တောင်မျက်လုံးလေးနှစ်ဖက် မြှင့်တက်သွားသည်။ ဖူးဖူးထနေသော ပန်းနုသွေးနှုတ်ခမ်းလေးမှာ မသိမသာဖွင့်ဟပြီး ပြုံးသွားသည်။

''ရင်ခုန်သံကို ရင်ဘတ်နားကပ်ပြီး နားထောင်ရမယ် ဟုတ်လား''

စဝ်ရန်နိုင်က ခေါင်းညိတ်ပြသည်။

''အဲသလို နားထောင်စရာတောင် မလိုပါဘူး၊ ရန်နိုင်ရဲ့ . . ယူ့ရင်ခုန်သံတွေ နွယ် . . နွယ်လို့ အော်မြည်နေတာ ဒီကနေတောင် ကြားရပါတယ်''

သမုနွယ်၏အပြောကြောင့် စဝ်ရန်နိုင် အားရပါးရရယ်လိုက်သည်။ ရယ်ရင်းမှ ဆုပ်ကိုင်ထားသည့် သမုနွယ်၏လက်ကလေးနှစ်ဖက်ကို ဆွဲယူ၏။ ပြုံးနေသည့်ကြားက သမုနွယ် မျက်မှောင်လေး မသိမသာ ကြုံ့သွားသည်။

''မန္တလေးတက္ကသိုလ်ကို ရောက်နေတဲ့ နွယ့်ဆီကို





လာဖို့ဆိုတာ ကိုယ့်လို တာဝန်တွေပိနေတဲ့ လူတစ်ယောက်အတွက် တော်တော်ခက်ခဲပါတယ် နွယ်၊ အခု ဒီကိုလာတာ နွယ် ရှိနေမှန်း သိလို့လာတာ မဟုတ်ပါဘူး၊ နွယ့်ကိုလွမ်းလို့ နွယ်ပျော်ခဲ့တဲ့ ကိုယ်တို့နေရာဟောင်းလေးကို လာကြည့်တာပါ''

သမုနွယ်က ကြည်ကြည်နူးနူး ခံစားလိုက်ရဟန်မျက်လုံးနှစ်ဖက်ကို မှေးစင်းပြီး တသိမ့်သိမ့်ရယ်သည်။

''ရန်နိုင် . . ငချွဲလေး . . စကားကတော့ တကယ်တတ်တယ်၊ နွယ့်ရင်ထဲမှာ ကြည်နူးသွားအောင် ပြောတတ်တဲ့ ဒီအပြောလေးတွေကြောင့်လည်း နွယ့်မှာ ယူနဲ့တွေ့ရင် အရည်ပျော်သွားတာ ထင်ပါရဲ့''

''အရည်ပျော်တာက ကိုယ့်ကိုချစ်လို့ မဟုတ်ဘူးပေါ့ . . နော်''

မူဟန်နွဲ့ဟန်နှင့် သမုနွယ်က မျက်နှာထားလေးကို တင်းလိုက်သည်။ တမင်တင်းထားသည့် သူမ၏မျက်နှာမှာ ပေါင်ကျန်နေသော အပြုံးကြောင့် ချိုမြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော် . . ရန်စကား မပြောနဲ့သိလား၊ နွယ်ကပဲ ရောက်လေရာက မောင့်ကိုဆက်သွယ်နေရတာ၊ မောင်က နွယ့်ကို ဆက်သွယ်တယ်ရှိလို့လား၊ အခု မန္တလေးတက္ကသိုလ်ကို ရောက်နေတာ နှစ်နှစ်ရှိပြီ . . နွယ့်ဆီကို ဘယ်နှစ်ခါလာဖူးလို့လဲ"

"ရန်ကုန်မှာတုံးက နွယ့်ဆီကို ကိုယ် နေ့တိုင်း ရောက်ပါတယ်နော်"

"ဒါကတော့ မောင်ရယ် . . တစ်မြို့ထဲနေတာ ရောက်ရမှာပေါ့ . . ဟော ကြည့်စမ်း . . မောင့်ကိုစကားပြောချင်တာနဲ့ ဧည့်ခံရမယ့်တာဝန်တွေကို မေ့သွားတယ်လာ . . မောင် အိမ်ထဲကိုဝင်ရအောင်"

"ဟုတ်တယ်နော် . . ဒီနေရာက မလွတ်လပ် မလုံခြုံဘူး"

မျက်စောင်းချိုချိုလှလှလေး စဝ်ရန်နိုင်ထံသို့ လွှင့်ဝဲရောက်လာသည်။ စဝ်ရန်နိုင်က သမုနွယ်၏လက်တစ်ဖက်ကို ဆုပ်ကိုင်ထားရင်း နေရာမှထလိုက်သည်။





"နွယ် . . ရန်ကုန်ကို ဘယ်တုံးက ရောက်တာလဲ"

"မနေ့ကပဲ ရောက်တယ် . . ဒီမနက် ဌာနကကိစ္စလေးတွေ လုပ်ပြီးသွားလို့ အိမ်ပြန်နားနေတာ . . တကယ်လို့ မောင်သာ မနက်စောစောကလာရင် နွယ်နဲ့တွေ့မှာမဟုတ်ဘူး"

သမုနွယ်၏စကားအဆုံးတွင် စဝ်ရန်နိုင် ရယ်လိုက်သည်။ လက်ဖဝါးနုနုလေးတစ်ဖက်ကို ညင်သာဖွဖွ ဆုပ်ကိုင်ထားရာက တစ်စက်ကလေးမှ အခွင့်အရေး မယူဘဲ အိမ်ထဲသို့ဝင်သည်။

"ဒီအိမ်ကို ကိုယ် ဘယ်တုံးကများ မနက်စောစောလာဖူးလို့လဲ နွယ်ရဲ့၊ တက္ကသိုလ်ဆရာမကြီးနွယ် အိမ်ပြန်မယ့်အချိန်ကိုမှန်းပြီး လာနေကျပဲဟာ၊ အခုလည်း နွယ်ရှိနေမယ်လို့ မထင်ပေမယ့် နွယ်ရှိနေတတ်တဲ့ အိမ်ပြန်ချိန်ကိုပဲ ရွေးပြီးလာမိတယ်လေ"

သမုနွယ်က ကြည်နူးစွာရယ်ရင်း စဝ်ရန်နိုင်အားပခုံးဖြင့်တိုက်သည်။ နွေးထွေးနူးညံ့သော အထိအတွေ့က



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်၏နှလုံးသားကို တုန်ရီလှုပ်ရှားသွားစေ၏။ သမုနွယ်၏ လက်ဖဝါးနုနုထွေးထွေးလေးကို ကိုင်ရင်း သမုနွယ်ထံမှ လွင့်ပျံပေါ်ထွက်နေသည့် ကိုယ်သင်းရနံ့ကို ရှူရှိုက်ရင်း အိမ်အတွင်းဘက် ထမင်းစားခန်းသို့ ဝင်လိုက်လေသည်။

"နွယ် . . ဒီမှာ ဘယ်နှစ်ရက်လောက် ကြာမှာလဲ ဟင်"

"သုံးရက်ပါပဲ . . ဌာနက ကိစ္စပြီးတာနဲ့ မန္တလေးကိုပြန်ရမှာ"

"ဒါဆိုရင် ကိုယ်တို့ မန္တလေးကျမှပဲ ထပ်တွေ့ရတော့မှာပေါ့"

စဝ်ရန်နိုင်၏စကားကို သမုနွယ် နားလည်သဘောပေါက်ဟန်မရှိ။ သူမက စဝ်ရန်နိုင်အား မေးခွန်းထုတ်ဟန်ဖြင့် မျက်မှောင်လေး မသိမသာ ကြုံ့ပြီးကြည့်သည်။

"ကိုယ် မနက်ဖြန် မန္တလေးကို သွားရမယ် နွယ်၊ မန္တလေးကို တာဝန်နဲ့ရောက်နေတဲ့ မွေးကြီးက ကိုယ့်ကိစ္စတွေကို ခရီးသွားဟန်လွှဲ လိုက်လုပ်ပေးနေတာ သွားပြီး လွှဲ





ပြောင်းယူရမယ်"

"ဒီအစီပွဲါယ်က မောင် မန္တလေးမှာ တာဝန်နဲ့ နေရမယ်လို့ ဆိုတာလား"

"နေရမှာ မဟုတ်ဘူး . . မန္တလေးကို တာဝန်နဲ့သွားရမှာ"

"ဒါဆိုရင်တော့ မောင် နွယ့်ဆီကို ဘယ်လာနိုင်တော့မလဲ"

စဝ်ရန်နိုင် နှန်းကြီးသုပ်နေသော သမုနွယ်အား ကြည့်ရင်း ပြုံးလိုက်သည်။

"ကိုယ် . . နွယ့်ဆီကို လာဖြစ်အောင် လာမှာပါ၊ ဒါထက် နွယ် . . ဦးလေးနန္ဒတို့ဆီကို ရောက်သေးသလား"

"ရန်ကုန်ကို မလာခင် ဆယ်ရက်လောက်က ရောက်တယ် . . သူတို့ ကျန်းကျန်းမာမာပါပဲ၊ ဟိုလေ . . လူကျန်းဟာပေမယ့် စိတ်တော့ မကျန်းမာရှာဘူး"

"ဘာဖြစ်လို့လဲဟင် နွယ်"

"ဖွဲ့ကြောင့်လေ . . ဖွဲ့က အိမ်မှာမနေဘဲ လျှောက်



www.burmeseclassic.com

www.burmeseclassic.com

သွားနေတယ်၊ ခုတလော ခြေလှမ်းတွေ ပျက်နေတယ်တဲ့ နွယ်ရောက်တော့ ခွဲကို မတွေ့ရပါဘူး . . နေဦး . . မောင့်ကို နွယ်မေးဦးမယ် . . မောင် မန္တလေးကိုသွားမှာ ခွဲကိစ္စလား"

"သူ့ကိစ္စပါတယ် . . ဒါပေမယ့် သူ့ကိစ္စသက်သက်တော့ မဟုတ်ဘူး၊ တစ်ခြားကိစ္စတွေလည်း ပါပါတယ်"

"ခွဲက မိန်းကလေးတစ်ယောက်နဲ့ တွဲနေတယ်တဲ့ ဦးလေးနန္ဒတို့ပြောပြတဲ့ ပုံသဏ္ဍာန်အတိုင်းဆိုရင် ခွဲတွဲနေတာ နွယ့်ညီမဝမ်းကွဲ ဖြူဖြူ ဖြစ်လိမ့်မယ်"

"ဖြူဖြူ . . ဟုတ်လား၊ နာမည်က လှသားပဲ"

"နာမည်တင် မကဘူး . . လူလည်းလှတယ်၊ ဒါပေမယ့် ကောင်မလေးက တစ်ခုခုမှားနေပုံရတယ်"

သမုနွယ်က စကားပြောရင်း စဝ်ရန်နိုင်ရှေ့တွင် နန်းကြီးသုပ်တစ်ပန်းကန်ကို ချပေးသည်။

"မှားနေတယ် . . ဟုတ်လား နွယ် . . ဘာမှားတာလဲဟင်"





သမုနွယ်၏မျက်နှာတွင် မှိုင်းညို့ဟန်များ ရိပ်ခနဲထင်သွားသည်။ သူမသည် စဝ်ရန်နိုင်အား တခဏမျှလှမ်းကြည့်သည်။ သူမ၏အကြည့်တွင် ထူးခြားသည့် အရိပ်အယောင်တွေ ပေါ်ထွက်နေ၏။

"ပြောဦးလေ . . နွယ် . . ကောင်မလေးက ဘာဖြစ်နေတာလဲ"

သမုနွယ် သက်ပြင်းချလိုက်သည်။

". . . . . လို့ထင်ရတယ် ရန်နိုင်"

" . . . . ဟုတ်လား"

သမုနွယ် ခေါင်းညိတ်လိုက်သည်။ စဝ်ရန်နိုင်က နန်းကြီးသုပ်စားမည့်ဆဲဆဲ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ကောင်မလေးက ခွဲလိုပဲ အိမ်ကနေ ထွက်ပြေးနေတဲ့ အိမ်ပြေးမလေးလား"

"ဟုတ်တယ် . . မောင်"

စဝ်ရန်နိုင်၏ခေါင်းထဲတွင် မေးခွန်းတွေ တစ်ခုပြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပေါ်နေသည်။ သူက ထိုမေးခွန်းများကို စိတ်ကူးနှင့် ပြန်ဖြေနေမိ၏။

"အင်း . . ဒီအတိုင်းဆိုရင်တော့ ဟုတ်ပါပြီ"

စဝ်ရန်နိုင်နှုတ်မှ လွတ်ခနဲ ထွက်သွားသည့်စကားကြောင့် သမုန္ဒယ်က စဝ်ရန်နိုင်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ဘာလဲဟင် . . မောင် ဘာတွေပြောနေတာလဲ"

"ခွဲ . . ကိစ္စပါ"

"အင်းလေ . . ခွဲကိစ္စမှန်း သိပါတယ်၊ ဒါဆိုရင်တော့ ဟုတ်ပါပြီဆိုတာက ဘာကိုပြောတာလဲ"

စဝ်ရန်နိုင်က သမုန္ဒယ်မျက်နှာကို ခပ်စူးစူးတစ်ချက် ကြည့်လိုက်သည်။ ပြစ်မျိုးမဲ့မထင် ချောမောလှပသော သမုန္ဒယ်၏မျက်နှာတွင် ရိုးသားဟန်အပြည့် ရှိနေသည်ကို တွေ့ရ၏။ သူ့အား အကြိမ်ပေါင်းများစွာ အကူအညီပေးခဲ့ဖူးသော သမုန္ဒယ်သည် ယခုတစ်ကြိမ်တွင်လည်း ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်မိ၏။





"ခွဲဟာ . . ဒုစရိုက်မှုတွေ ကျူးလွန်နေတယ်လို့ ယူဆရတယ် . . နွယ်"

"ဟင် . . ဟုတ်ရဲ့လား ရန်နိုင်"

"ဟုတ်ပါတယ် . . လောလောဆယ်တော့ လိမ်လည်မှုတွေလောက်ပဲ ကျူးလွန်ထားတာ၊ အဲဒီကနေတစ်ဆင့်တက်ပြီး ရာဇဝတ်မှုကြီးကြီးမားမားတစ်ခုကို ကျူးလွန်လိမ့်မယ်လို့ ယူဆရတာပဲ . . အဲဒီအတွက် ကိုယ် သူတို့ကို လိုက်ရှာရမယ် နွယ်"

သမုန္ဒယ်က နန်းကြီးသုပ်တစ်ပန်းကန်နှင့် စဝ်ရန်နိုင်၏ရှေ့တွင် ဝင်ထိုင်သည်။ စဝ်ရန်နိုင်က သမုန္ဒယ်၏လက်ရာ နန်းကြီးသုပ်ကို ဖြည်းညင်းစွာ စားသည်။

"ဒီကလေးတွေ တော်တော်ဆိုးတာပဲ . . နွယ်လည်း အလုပ်ကိစ္စပြီးရင် မန္တလေးပြန်ရောက်ရင် တစ်ဖက်တစ်လမ်းကနေ စုံစမ်းပေးပါ့မယ်"

"နွယ်က ကိုယ့်ကို ကူညီမယ်ပေါ့"

"ကူညီနေကျလေ . . မောင်ရဲ့၊ အခုကိစ္စက ခွဲတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်နေတာဆိုတော့ ပိုပြီးကူညီရမှာပေါ့"

တက္ကသိုလ်ဆရာမဖြစ်သော ချစ်သူ သမုဒ္ဒယ်၏ အလှငြိမ်ငြိမ် အလှအေးအေးကို မြတ်နိုးစွာ ကြည့်နေဖြစ်သည်။ စဝ်ရန်နိုင်၏အကြည့်စူးစူးကြောင့် သမုဒ္ဒယ်မှာ အနေရခက်ဟန် မျက်လွှာချလိုက်လေသည်။

"လူကို ဘာဖြစ်လို့ ဒါလောက်ကြည့်နေရတာလဲ မနေတတ်တော့ဘူး သိလား"

"ဆရာကမ ခါတိုင်းထက်တောင် ပိုပြီးလှလာလို့ မကြည့်ရ မနေနိုင် မငေးရ မနေနိုင်တာနဲ့ ကြည့်နေ . . ငေးနေမိတာပါ"

ချိုမြသော မျက်စောင်းလေးတစ်ချက် စဝ်ရန်နိုင်ထံ လွင့်ဝဲရောက်ရှိလာသည်။ စဝ်ရန်နိုင်က မျက်စောင်းချိုချိုလေးကို နှစ်သက်စွာခံယူရင်း အားရပါးရပြုံးလိုက်သည်။

"သိပ်မပိုနဲ့ သိလား . . ရန်နိုင် ကွယ်ရင်မေ့ တွေ့တော့ သေအောင်ချွဲတဲ့လူတွေအကြောင်း နွယ် ကောင်းကောင်းသိတယ်"





စဝ်ရန်နိုင်၏ပြောဟန် စဝ်ရန်နိုင်၏စကားသံတို့ကြောင့် သမုဒ္ဒယ်ရယ်သည်။ စဝ်ရန်နိုင်ကလည်း သမုဒ္ဒယ်နှင့်အတူလိုက်ရယ်လေသည်။

မှတ်ချက်။ ။ စဝ်ရန်နိုင်နှင့် သမုဒ္ဒယ်တို့၏ မေတ္တာဇာတ်လမ်းကို ဇော်ထက်အောင်ရေးသားခဲ့ပြီးသော 'အနီနှစ်လုံးပျောက်မြမြစ်ဝှမ်းမှ ချစ်သူတို့တွင်' ရှာဖွေဖတ်ရှုကြပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးနေသည် အညာအတာ ကင်းမဲ့စွာပူနေသည်။ တောက်ပပူလောင်သော နေရောင်ခြည်က မြစ်ဆိပ်တစ်ခုလုံးပေါ်သို့ လွှမ်းမိုးဖုံးအုပ်ထား၏။

မြစ်ဘက်သို့ မျက်နှာမူထားသော ပြည်ပွဲရုံရှေ့တွင် စဝ်ရန်နိုင်က ကားကို ထိုးရပ်လိုက်သည်။ ကားရပ်လျှင်ရပ်ချင်း ကားပေါ်မှဆင်းပြီး ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည့် စားကုန်များဖြင့်ပြီးသော ပွဲရုံအဆောက်အဦးအတွင်းသို့ တစ်ချက်လှမ်းကြည့်သည်။





ဆန်အိတ်များကို စစ်ဆေးနေသော အရပ်ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွှေးကားကားနှင့် လူကြီးတစ်ယောက်ကို အလုပ်သမားများကြားတွင် မားမားမတ်မတ်ရပ်နေလျက်တွေ့ရသည်။

စဝ်ရန်နိုင် ကားပေါ်မှဆင်းပြီး ပွဲရုံအတွင်းသို့ဝင်လိုက်သည်။ ကြက်သွန်အိတ်များဘေးမှ ဖြတ်လျှောက်ကာ ဆန်အိတ်တွေ ရွှေ့ပြောင်းစီထပ် လုပ်ကိုင်နေသော နှုတ်ခမ်းမွှေးကားကားနှင့် လူကြီးအနီးသို့ အရောက်တွင် ခပ်သွက်သွက် လှမ်းလာသည့် ခြေလှမ်းများကို ရပ်လိုက်သည်။

"ဦးလေး . . နန္ဒ . . "

စဝ်ရန်နိုင်က တရင်းတနှီး ခေါ်လိုက်စဉ် . . နှုတ်ခမ်းမွှေးကားကားနှင့် ခန့်ငြားသော ဥပတိရုပ်ပိုင်ရှင် . . ဦးနန္ဒက ဖြေးညှင်းစွာ လှည့်ကြည့်လိုက်သည်။ စဝ်ရန်နိုင်အားတွေ့မြင်လိုက်သည့်အခါ . . သူ့မျက်နှာမှာ အပြုံးတွေ ဝေသွားလေသည်။

"ဟော . . ရန်နိုင် . . မင်းဘယ်တုန်းက ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတာလဲ . . ”

“ကျွန်တော် အခုဘဲ . . ရောက်တာ . . မန္တလေးကို ရောက်ရောက်ခြင်း . . ဦးလေးဆီကို ဝင်လာတာ . . ”

ဦးနန္ဒက စဝ်ရန်နိုင်၏ ပခုံးတစ်ဖက်ကို လှမ်းကိုင်လိုက်သည်။ ပြီးပွဲရုံရှေ့ပိုင်းကျကျတွင်ရှိသော သူ၏စားပွဲကျယ်ကြီးရှိရာသို့ ခေါ်ခဲ့သည်။

“ငါ မင်းကိုမျှော်နေတာကွ . . လာ . . ငါစားပွဲမှာ ထိုင်ရအောင် . . မင်း ထမင်းစားပြီးပြီလား . . ရန်နိုင် . . ”

“စားပြီးပြီ . . ဦးလေး . . ဒါထက် . . ဒေါ်လေး ကော . . ”

“အိမ်ထဲမှာ ရှိမှာပေါ့ . . တစ်နေ့တစ်နေ့ သူ့သားအတွက် ဘုရားရှိခိုး ဆုတောင်းတဲ့ အလုပ်ဘဲ လုပ်နေတာ . . ပုတီးစိပ်ရင်စိပ် . . မစိပ်ရင် ဘုရားရှိခိုးနေလိမ့်မယ် . . ”

ဦးနန္ဒက စဝ်ရန်နိုင်အား စားပွဲရှေ့ရှိ ကုလားထိုင်တွင်ထိုင်ရန် လက်ဟန်ပြပြီး သူကစားပွဲနောက်ရှိ ထိုင်ခုံမြင့်မြင့်တွင် ဝင်ထိုင်လိုက်သည်။





“ဟိုကောင့်သတင်း . . ဘာတွေကြားသေးလဲ ရန်နိုင် . . ”

“ကြားရတာတော့ အများကြီးဘဲ . . သူအခု ဒီဘက်ကိုရောက်နေတယ် . . သူက ဒုစရိုက်မှုတွေနဲ့ပေါင်းပြီး ဒုစရိုက်မှုတွေ ကျူးလွန်နေတာ . . သေချာသလောက်ဘဲ”

စဝ်ရန်နိုင်က စားပွဲပေါ်ရှိ ဓါတ်ဗူးထဲမှ ရေနွေးကြမ်းတစ်ပန်းကန်ငှဲ့ သောက်ရင်းနှင့်ပြောသည်။စဝ်ရန်နိုင်၏စကားကိုအကြားတွင် ဦးနန္ဒ၏ မျက်နှာတည်ကြည် တင်းမာသွားသည်။

“အဓိပ္ပာယ် မရှိလိုက်တာကွာ . . နန္ဒရဲ့သားက ဒုစရိုက်မှုတွေ ကျူးလွန်ရတယ်လို့ . . ဒါဖြစ်သင့်သလား ရန်နိုင် . . မင်းပြောစမ်းပါ ; . ငါက သူ့ကို မဝတဝကျွေးထားလို့ . . မပြည့်မစုံ မလုံမလောက်နဲ့ထားလို့လား . . ငါအခုလို ပင်ပန်းတကြီးရှာဖွေနေတာ . . သူ့အတွက်ပါ . . ငါ့မှာ ရှိသမျှအားလုံး သူပိုင်ဆိုင်ရမှာချည်းဘဲ . . သူ့အတွက် ရွှေဆိုရွှေ ငွေဆိုငွေ . . လိုသမျှရနေတဲ့ကြားက ဒုစရိုက်အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တွေ လုပ်နေတယ်ဆိုတာ . . တမင်သက်သက် . . ငါ့ကို အရွဲ့တိုက်နေတာ . . သိက္ခာကျအောင်လုပ်နေတာကလွဲလို့ တစ်ခြားဘာမှ မဖြစ်နိုင်ဘူး"

စဝ်ရန်နိုင် သက်ပြင်းချလိုက်သည်။ သူ့မျက်လုံးအစုံက ဦးနန္ဒအား စူးစူးစိုက်စိုက်ကြည့်နေလျက် ရှိ၏။

"ကျွန်တော် ဦးလေးကို တစ်ခုပြောချင်တယ်"

"တစ်ခု . . ပြောချင်တယ် ဟုတ်လား၊ တစ်ခုမဟုတ်ဘူး . . ကြိုက်သလောက်ပြော၊ မင်း အခုလို စကားစလိုက်ပုံက ငါ့ကိုတိုက်ခိုက် ပြောမယ်ဆိုတော့မယ့်သဘောလို့ ငါနားလည်တယ် ဟုတ်တ်ရဲ့လား ရန်နိုင်"

စဝ်ရန်နိုင် အသာအယာပြုံးသည်။ စီးကရက်တ . . . လိပ် မီးညှိဖွာရှိုက်ရင်း အလိုမကျဟန် မျက်နှာကြီးညိုနေသော ဦးနန္ဒကို ကြည့်သည်။

"တိုက်ခိုက်တယ်ဆိုတဲ့စကားကို မသုံးပါနဲ့ ဦးလေး၊ အဲဒီလို ထင်လည်း မထင်ပါနဲ့၊ ကျွန်တော်က ဦးလေး သတိမထားမိတဲ့ ချို့ယွင်းချက်တွေကို ထောက်ပြချင်တာ၊ ပြသ . . .





နာတစ်ခုလုံးရဲ့ အခြေခံကို ဦးလေးသိအောင် ထုတ်ပြချင်တာပါ"

"ကဲ . . ဘာလဲပြော . . ငါက မင်းရဲ့ဦးလေးအရင်းနော် . . ရန်နိုင်၊ မင်းက မင်းဒေါ်လေးဘက်ကလိုက်ပြီး ပြောတာမျိုးတော့ မလုပ်နဲ့"

ဦးနန္ဒက စကားပြောရင်းမှ သူ့နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်လိုက်သည်။ စဝ်ရန်နိုင်က ဦးနန္ဒကိုကြည့်ပြီး ပြုံးသည်။

"ကျွန်တော် ဦးလေးဘက်လည်း မလိုက်ဘူး၊ ဒေါ်လေးဘက်လည်း မလိုက်ဘူး၊ မပြောမဖြစ်တဲ့စကားကို ပြောမှာပါ"

"မင်းပြောမယ့်စကားကို ငါ့စိတ်ထဲက သိနေတယ် ရန်နိုင် . . မင်းပြောမယ့်စကားဟာ ငါ့ကို အပြစ်တင်တဲ့စကားကလွဲပြီး တစ်ခြားစကား မဖြစ်နိုင်ဘူး . . ငါပြောတာ ဟုတ်တ်ရဲ့လား"

စဝ်ရန်နိုင်က ခေါင်းမညိတ်၊ ခေါင်းမခါဘဲ ဦးနန္ဒ



www.burmeseclassic.com

www.burmeseclassic.com



အားကြည့်ရင်းမှ ပြုံးသည်။

"ကျွန်တော် ပြောမယ့်စကားက အပြစ်တင်တဲ့ စကား မဟုတ်ပါဘူး ဦးလေး . . ဦးလေးက အပြစ်တင်စကားလို့ ထင်ရင်လည်း အပြစ်တင်စကားအဖြစ်နဲ့ပဲ နားထောင်ပေးပါ"

"မင်းက ပြောချင်နေမှတော့ နားမထောင်လို့ ရမလားကွ . . ကဲ . . ပြောပါ ရန်နိုင်"

"စိတ်မရှိပါနဲ့ ဦးလေး . . ဇွဲ အခုလိုဖြစ်နေရတာ ဦးလေးနဲ့ ဒေါ်လေးတို့ကြောင့်လို့ ကျွန်တော် ပြောချင်တယ်၊ ဦးလေးက သားမယား ကောင်းစားရေးအတွက် အလုပ်ထဲမှာ စိတ်ကိုနှစ်ထားတယ်၊ လိုအပ်တဲ့ ပိုက်ဆံရှာပေးပြီးရင် တာဝန်ကျေပြီလို့ ယူဆကြတယ်၊ ဦးလေး အဲသလို ယူဆတဲ့အထဲမှာ ပါနေတယ်၊ ဇွဲဟာ လိုချင်တဲ့ငွေကြေးလုံလောက်ရုံမဟုတ်ဘူး . . ပိုလျှံအောင် ရနေပေမယ့် မိဘတွေရဲ့ဂရုစိုက်ကြင်နာမှုကို မရဘူး၊ ပျော်ရွှင်တဲ့မိသားစုဘဝကို မရဘူး၊ အဲဒါတွေဟာ သူ့ကို အဆိုးဘက်ရောက်အောင် တွန်းပို့ေ





တာတွေပဲ၊ ဦးလေးနဲ့ ဒေါ်လေးတို့ မကြာခဏ ပြဿနာ တက်နေတာတွေဟာ ဇွဲအတွက် စိတ်ညစ်စရာ ဖြစ်နေတာ အမှန်ပဲ"

"မင်းပြောတဲ့အဓိပ္ပါယ်က ဇွဲ အခုလိုဖြစ်တာဟာ ငါ့ကြောင့် . . ငါက သူ့ကိုကြင်နာမှုမပေးလို့ မေတ္တာမပေးလို့ မိသားစု ပျော်ရွှင်မှုရှိအောင် မလုပ်လို့ပေါ့ . . ဟုတ်လား"

"အားမနာတမ်းပြောရရင်တော့ ဟုတ်တယ် ဦးလေး၊ ဒေါ်လေးကျတော့လည်း ဇွဲကို အလိုလိုက်တာ တော်တော်လွန်တယ်၊ ဦးလေး မသိအောင် လိုချင်သမျှ ဖြည့်ဆည်းပေးတာ သူလုပ်သမျှကို အကာအကွယ်ပေးတာ သူ့အပြစ်တွေကို ဖုံးကွယ်ပေးတာတွေဟာ အဆိုးဘက်ကို တွန်းပို့နေတာတွေပဲ"

"အဲဒါတော့ ဟုတ်တယ်ကွာ . . မင်း ဒေါ်လေးက ဒီကောင့်ကို အရမ်းအလိုလိုက်တယ်၊ အဲဒါကြောင့် ဒီကောင် ပျက်စီးနေတာ"

"ဦးလေးကလည်း ဒေါ်လေးရဲ့အပြစ်ကိုတော့ မြင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ့်ချို့ယွင်းချက်ကိုတော့ ကိုယ် မမြင်ပါလား"

"မင်း ငါ့အပေါ်စွဲချက်တင်တာတွေဟာ အပြစ်မှ မဟုတ်ဘဲ ရန်နိုင်ရဲ့၊ ငါက သူတို့ဘဝတင့်တယ်ရေး ပြည့်စုံရေးအတွက် စီးပွားရှာနေတာလေ"

"အဲဒီ စီးပွားအရှာလွန်တာဟာ ချို့ယွင်းချက်ကြီး တစ်ခုပေါ့ ဦးလေးရဲ့၊ ဒီချို့ယွင်းချက်ကြီးကို ဦးလေးမြင် အောင်ကြည့် .. အတ္တကိုဖယ်ပြီး စဉ်းစားဆင်ချင်ကြည့်ရင် ဦးလေး မြင်လာပါလိမ့်မယ်"

"ကောင်းပါပြီ .. ကောင်းပါပြီ .. မင်းပြောသလို ငါလုပ်ကြည့်ပါ့မယ်၊ လောလောဆယ် ဓွဲနဲ့ပတ်သက်ပြီး ဘာလုပ်ရမလဲဆိုတာ တိုင်ပင်ရအောင် အိမ်ထဲမှာ မင်း ဒေါ် လေးရှိတယ် .. သွားတွေ့လိုက်ကွာ"

"ဦးလေးကော .. မလိုက်ဘူးလား"

"ငါက ဘာလုပ်ဖို့လဲ .. မင်းနဲ့ မင်းဒေါ်လေးတိုင် ပင်ရင် မပြီးဘူးလား၊ ဒီမှာ စောင့်မယ့်လူ မရှိဘူးကွ၊ အရောင်းအဝယ်ကိစ္စ အလုပ်သမားတွေနဲ့ ပြီးတာမှ မဟုတ် ဘဲ"





"ဦးလေးရဲ့ပိုက်ဆံအံဆွဲကို စိတ်မချလို့ မဟုတ် လား၊ စိတ်မချရင် ပိတ်ခဲ့ဗျာ .. ဦးငွေလို လူဟောင်းကြီး တွေရှိနေတဲ့ဟာ ပွဲရုံကို စိတ်မချစရာ အကြောင်းမရှိပါဘူး ဗျို့ .. ဦးငွေ .. ဒီကိုလာဗျာ .. ကျွန်တော် ဦးလေးနဲ့တိုင် ပင်စရာရှိလို့ ခင်ဗျား ပွဲရုံကို ကြည့်ထားပါ"

ဆန်အိတ်များကို နေရာချနေသော ဦးငွေက အလုပ် သမားများကို တစ်စုံတစ်ရာ ပြောခဲ့ပြီး စဝ်ရန်နိုင်တို့ရှိရာ သို့ လျှောက်လာသည်။

"ပွဲရုံကိုကြည့်ပေးထားပါ .. ဦးငွေ .. ဒီမှာ ဦးလေး က နောက်ပိုင်းစိတ်မချလို့တဲ့ .. အိမ်ထဲကိုတောင် မလိုက် ဘူး"

ဦးငွေက ကွမ်းစားလွန်းသဖြင့် မဲချိတ်နေသော သွားများပေါ်အောင် ရယ်လိုက်သည်။

"ရပါတယ် .. မောင်ရန်နိုင်ရဲ့ .. ခါတိုင်းလည်း ဆရာ သွားရင် ကျုပ်က ပွဲရုံတာဝန်ကို ယူနေကျဘဲဟာ"

စဝ်ရန်နိုင်က ဘယ်လိုလဲဆိုသည့် သဘောနှင့် ဦးနှ



www.burmeseclassic.com

www.burmeseclassic.com



အား လှမ်းကြည့်သည်။ ဦးနန္ဒက မျက်မှောင်ကြုံ့ထားရင်း နှုတ်ခမ်းမွှေးကိုလက်ဖြင့်သပ်ရင်း ထိုင်နေရာမှထသည်။

"မင်းကွာ . . တော်တော်ပွေတဲ့ကောင် . . မင်းကြောင့် မင်းဒေါ်လေးရဲ့ မည်တွန်တောက်တီးသံကို နားထောင်ရဦးမယ်"

. . . .

ကျုံရှင်းစာပွဲရုံတွင် စားသောက်သူများဖြင့် ပြည့်နေသည်။ စဝ်ရန်နိုင်နှင့် နှုတ်ခမ်းမွှေးဘရှင်တို့ ဆိုင်ထဲသို့ဝင်လိုက်စဉ် ညှော်ကြိုမိန်းကလေးတစ်ယောက်က ကြိုဆိုသည်။

"အနောက်ဖက်က စားပွဲ အားနေပါတယ်ရှင်၊ အစ်ကိုကြီးတို့ သီးသန့်ခန်းမှာ စားသောက်ချင်ရင်လည်း အခန်းအားရှိပါတယ်"

"သီးသန့်ခန်းကိုပဲ ပို့ပေးကွာ . . မင်းတို့ ဖောက်သယ်ကြီး ငွေရရောက်လာရင် ငါတို့ဆီကိုပို့ပေး . . ရန်ကုန်က နှုတ်ခမ်းမွှေးဘရှင် ရောက်နေတယ်ပြောလိုက်"

"ဦးငွေရကို စောစောက တွေ့လိုက်ပါတယ်၊ ကျွန်မ





သူ့ကိုရှာပေးပါ့မယ်၊ အစ်ကိုကြီးတို့ သီးသန့်ခန်းကိုကြွပါ"

မိန်းကလေးက စဝ်ရန်နိုင်တို့အား လမ်းပြခေါ်သည်။ ...ရှုမှ လှုပ်လိုလှုပ်လဲ့နှင့် လျှောက်သွားပြီး ပန်းရောင်ခန်းစီး ...ျထားသော အခန်းတစ်ခန်းသို့ပို့သည်။

သီးသန့်ခန်းတွင် စဝ်ရန်နိုင်တို့ ထိုင်မိသည်နှင့် စား ...ထိုးမိန်းကလေးတစ်ယောက် ရောက်လာသည်။ ညှော်ကြို ...န်းကလေးနှင့် ဝတ်စားပုံ တစ်ထေရာထဲဖြစ်၏။ နှုတ်ခမ်း ...မွှေးဘရှင်က မိန်းကလေးအား စားသောက်ဖွယ်ရာများ မှာ ...သည်။ မိန်းကလေးက စာရွက်တစ်ရွက်တွင် ရေးမှတ်ပြီး ...ထွက်သွား၏။

"မွှေးကြီး . . ခင်ဗျားလူက စိတ်ချရပါတယ်နော်"

"ငွေရကို ပြောတာလား . . သူ့ကို ကိုယ်ကယ်ထား ...တာ၊ ကိုယ့်အပေါ် ဘယ်တော့မှ မကောင်းမကြံဘူး၊ အခု ...ိစ္စကလည်း သိပ်ကြီးကျယ်တဲ့ကိစ္စမှ မဟုတ်တာ . . စိတ် ...ပူစရာ မရှိပါဘူး"

အပြင်ဘက်မှ ချောင်းဟန့်သံကို ...



www.burmeseclassic.com

www.burmeseclassic.com



အား လှမ်းကြည့်သည်။ ဦးနန္ဒက မျက်မှောင်ကြုံ့ထားရင်း နှုတ်ခမ်းမွှေးကိုလက်ဖြင့်သပ်ရင်း ထိုင်နေရာမှထသည်။

"မင်းကွာ . . တော်တော်ပွေတဲ့ကောင် . . မင်းကြောင့် မင်းဒေါ်လေးရဲ့ မည်တွန်တောက်တီးသံကို နားထောင်ရဦးမယ်"

. . . .

ကျုံရှင်းစာပွဲရုံတွင် စားသောက်သူများဖြင့် ပြည့်နေသည်။ စဝ်ရန်နိုင်နှင့် နှုတ်ခမ်းမွှေးဘဲရှင်တို့ ဆိုင်ထဲသို့ဝင်လိုက်စဉ် ညှော်ကြိုမိန်းကလေးတစ်ယောက်က ကြိုဆိုသည်။

"အနောက်ဖက်က စားပွဲ အားနေပါတယ်ရှင်၊ အစ်ကိုကြီးတို့ သီးသန့်ခန်းမှာ စားသောက်ချင်ရင်လည်း အခန်းအားရှိပါတယ်"

"သီးသန့်ခန်းကိုပဲ ပို့ပေးကွာ . . မင်းတို့ ဖောက်သယ်ကြီး ငွေရရောက်လာရင် ငါတို့ဆီကိုပို့ပေး . . ရန်ကုန်က နှုတ်ခမ်းမွှေးဘဲရှင် ရောက်နေတယ်ပြောလိုက်"

"ဦးငွေရကို စောစောက တွေ့လိုက်ပါတယ်၊ ကျွန်မ





သူ့ကိုရှာပေးပါ့မယ်၊ အစ်ကိုကြီးတို့ သီးသန့်ခန်းကိုကြွပါ"

မိန်းကလေးက စဝ်ရန်နိုင်တို့အား လမ်းပြခေါ်သည်။ ရှေ့မှ လှုပ်လီလှုပ်လဲ့နှင့် လျှောက်သွားပြီး ပန်းရောင်ခန်းစီး ချထားသော အခန်းတစ်ခန်းသို့ပို့သည်။

သီးသန့်ခန်းတွင် စဝ်ရန်နိုင်တို့ ထိုင်မိသည်နှင့် စားပွဲထိုးမိန်းကလေးတစ်ယောက် ရောက်လာသည်။ ညှော်ကြိုမိန်းကလေးနှင့် ဝတ်စားပုံ တစ်ထေရာထဲဖြစ်၏။ နှုတ်ခမ်းမွှေးဘဲရှင်က မိန်းကလေးအား စားသောက်ဖွယ်ရာများ မှာသည်။ မိန်းကလေးက စာရွက်တစ်ရွက်တွင် ရေးမှတ်ပြီး ထွက်သွား၏။

"မွှေးကြီး . . ခင်ဗျားလူက စိတ်ချရပါတယ်နော်"

"ငွေရကို ပြောတာလား . . သူ့ကို ကိုယ်ကယ်ထားတာ၊ ကိုယ့်အပေါ် ဘယ်တော့မှ မကောင်းမကြံဘူး၊ အခုကိစ္စကလည်း သိပ်ကြီးကျယ်တဲ့ကိစ္စမှ မဟုတ်တာ . . စိတ်ပူစရာ မရှိပါဘူး"

အပြင်ဘက်မှ ချောင်းဟန့်သံကိုကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ကိုင်းကိုင်းနှင့် လူမမာပုံပေါက်နေသည့် လူတစ်ယောက် သီးသန့်ခန်းထဲသို့ ဝင်လာသည်။ ထိုသူက မငံ့မရဲနိုင်အောင်သော အမူအရာနှင့် စဝ်ရန်နိုင်တို့ရှေ့တွင် ရပ်လိုက်သည်။

"လာ . . ထိုင် ငွေရ . . ဟောဒါ ငါ့ပါတနာ စဝ်ရန်နိုင် . . ငါတို့သိချင်တာလေးတွေ မင်းပြောပြနိုင်မယ်ထင်လို့ ခေါ်လိုက်တာ"

လူမမာပုံပေါက်နေသော ငွေရက ဖြူဖွေးစင်ကြယ်သော သွားများပေါ်အောင် ပြုံးရယ်လိုက်သည်။

"သိချင်တာရှိရင် ငွေရ ကိုမေး . . ပြေးကြည့်တာထက် မှန်မယ်ဆိုတဲ့ စကားရှိပါတယ် ဆရာ . . သိချင်တာကို မေးပါ . . ကျွန်တော် လက်လှမ်းမမီတဲ့ ကိစ္စမျိုးဆိုရင်တော့ မတတ်နိုင်ဘူးနော် ဆရာ"

"မင်းသိလောက်တဲ့ကိစ္စမို့ ငါက မင်းကိုခေါ်လိုက်တာ ငွေရ . . မင်း အောင်ခက်ကို သိတယ်မဟုတ်လား။ သူက ထွန်းမောင်၊ စိုးတို့နဲ့အတူ ဒီဘက်ကို ခရီးထွက်လာ





တယ်လို့ ကြားတယ်"

ငွေရက စဝ်ရန်နိုင်တို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ သူ့အမူအရာအရ နှုတ်ခမ်းမွှေးဘရှင်ကို အလွန်အမင်း ရိုသေလေးစားဟန် ပေါ်နေသည်။

"သူတို့ တလောက ရောက်လာတယ် ဆရာ . . သူတို့နဲ့အတူ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်လည်း ပါတယ် . . သူတို့ ပြင်ဦးလွင်တက်သွားကြတယ်၊ သူတို့ကို ကြည့်ရတာ ခရီးဝေးသွားမယ့်ပုံမျိုးပေါ်နေတယ်၊ သူတို့နဲ့ ဘာကိစ္စရှိလို့လဲ ဆရာ"

"မင်းက ဘာဖြစ်လို့ မေးခွန်းထုတ်ရတာလဲ"

ငွေရက တောင်းပန်ဟန်ဖြင့် နှုတ်ခမ်းမွှေးဘရှင်အား ကြည့်သည်။

"စိတ်မဆိုးပါနဲ့ ဆရာ . . ကျွန်တော်က ဆရာတို့ကို ကူညီချင်တဲ့စိတ်နဲ့မေးတာပါ၊ တစ်ခြားရည်ရွယ်ချက် မရှိပါဘူး"

နှုတ်ခမ်းမွှေးဘရှင်က မျက်နှာထားတည်တည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်သည်။

"သူတို့အခု ဘယ်မှာလဲဆိုတာ မင်းသိသလား"

"လားရှိုးဘက်ကို တက်သွားတယ် ထင်ရတာပဲ ဆရာတို့ တိတိကျကျသိချင်ရင် တစ်ရက်နှစ်ရက် အချိန်ပေးပါ . . ကျွန်တော် အတိအကျ စုံစမ်းပေးပါမယ်"

"အေး . . စုံစမ်းထားကွာ၊ တစ်ခုတော့ ရှိတယ်နော် ငါတို့က လိုက်စုံစမ်းနေတဲ့အကြောင်း အောင်ခက်တို့ကို မသိပါစေနဲ့"

"စိတ်ချပါ ဆရာ . . သူတို့ အရိပ်အမြွက်တောင် မသိစေရပါဘူး"

စားသောက်ဖွယ်ရာများ ရောက်လာသဖြင့် စကားပြတ်သွားသည်။ စားပွဲထိုးမလေးက စဝ်ရန်နိုင်တို့အတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်တည်ခင်းပေး၏။

"ကျေးဇူးတင်တယ် . . ညီမလေး . . ရော့ မင်းအတွက် မုန့်ဖိုးယူ . . အစ်ကိုတို့လိုရင် ခေါ်လိုက်မယ် . . ဟုတ်လား"





"ဟုတ်ကဲ့ . . လိုရင် ဟောဒီခလုတ်လေး နှိပ်လိုက်ပါနော်"

မိန်းကလေးက မီးခလုတ်များအောက်နားရှိ လူခေါ်ခေါင်းလောင်းခလုတ်ကို ညွှန်ပြပြောဆိုပြီး သီးသန့်ခန်းမှ ထွက်သွားသည်။

"ငွေရ . . မင်းလည်း ဝင်စားကွာ"

"ဟာ . . နေပါစေ ဆရာ၊ ကျွန်တော် မစားတော့ပါဘူး . . အခုပဲ ညစာစားပြီးသွားပါပြီ"

"ဒါဆိုရင်လည်း အချိုရည်သောက်"

"ဟုတ်ကဲ့ . . ဆရာ . . ဟုတ်ကဲ့"

စဝ်ရန်နိုင်က ငွေရ၏ရှေ့တွင် စီးကရက်ဘူးချပေးပြီး ညစာဝင်စားသည်။ ငွေရက ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိလိုက်၏။

"ကျွန်တော် ဆရာတို့ကို အသိပေးချင်တာတစ်ခု ရှိတယ်"

"ဟုတ်လား ပြောပါဦး ဘာအသိပေးချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ခက်အကြောင်းပါ . . သူနဲ့ကျွန်တော် အလုပ်လုပ်ဖူးပါတယ်၊ သူက တော်ရုံကိစ္စမျိုးကို တစ်ယောက်ထဲ လုပ်ကိုင်တတ်တယ်၊ အဖော်အပေါင်းတွေနဲ့ဆိုရင်တော့ အလုပ်ကြီးကြီးကို လုပ်မယ်လို့ထင်တယ် . . သူ့အဖွဲ့ထဲမှာ စိုးပါလာတဲ့နောက် မီးခံသေတ္တာဖွင့်တာတို့ သော့တုလုပ်ပြီး ဖောက်ထွင်းတာတို့ ဖြစ်နိုင်ပါတယ်"

"အင်း . . မင်းထင်တဲ့အတိုင်းဖြစ်ဖို့ များပါတယ် သူတို့အတူ မိန်းကလေးတစ်ယောက် ပါလာတယ်ဆိုတော့ အဲဒီမိန်းကလေး အကြောင်းကိုလည်း ငါသိချင်တယ် ရော့ ဟောဒီမှာ ငါ့လိပ်စာနဲ့ဖုန်းနံပါတ် . . တစ်ခုခုထူးရင် ငါ့ကို ဆက်သွယ် . . ဟုတ်ပြီလား၊ ငါနဲ့မတွေ့ရင်လည်း အဲဒီ လိပ်စာမှာ စဝ်ရန်နိုင် ရှိနေလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ . . ကျွန်တော် အမြန်ဆုံးသတင်းရအောင် စုံစမ်းပြီး ဆက်သွယ်ပါ့မယ်"

ငွေရက အချိုရည်ပုလင်းကို လှမ်းကိုင်သည်။ စဝ်ရန်နိုင်တို့က အစားအသောက်ကို အာရုံပြုပြီးစားလေ၏။



အခန်း (၁၀)



www.burmeseclassic.com

www.burmeseclassic.com



ခွဲက ဖြူဖြူ၏လက်ကို ခပ်တင်းတင်း ဖျစ်ညစ်ဆုပ်ကိုင်လိုက်သည်။ သူ၏နှုတ်ခမ်းအစုံတွင် အားပေးသည့်ဟန်ပေါ်လွင်နေသော အပြုံးတစ်ပြုံး ပေါ်လာသည်။

ခွဲ၏လက်ဖဝါးမှ နွေးထွေးသောအင်အားများ ကိုယ်အတွင်းသို့ စီးဝင်လာသလို ဖြူဖြူ့စိတ်မှာ ထင်မိသည်။ ခွဲ၏အပြုံးကြည်ကြည်ဘို့က အင်အားများစွာကို ပေးနေသကဲ့သို့ရှိသည်။

"သတိထားနော် . . ဖြူ . . ဒီတစ်ခါ ဖြူတစ်





ယောက်ထဲ စွန့်စားရမှာ . . သတိမလစ်စေနဲ့"

"ခွဲက ဖြူနဲ့အဝေးကြီးမှာ ရောက်နေမှာမို့ မဟုတ်တာ ဒါကို တစ်ယောက်ထဲလို့ မပြောနိုင်ပါဘူး"

"ဟုတ်ပါတယ်လေ . . လုပ်ရမယ့်အလုပ်က ဖြူနိုင်နင်းတဲ့အလုပ် . . ကျွမ်းကျင်တဲ့အလုပ်ပဲဟာ . . အန္တရာယ်မရှိနိုင်ဘူးဆိုတာ ကိုယ်သိပါတယ် . . ဒါပေမယ့် သတိလစ်သွားရင်တော့ အန္တရာယ်ရှိလာနိုင်တယ်၊ အဲဒါကြောင့် သတိထားဖို့ပြောတာ"

ဖြူဖြူက ခွဲအားပြုံးလျက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဒီနယ်မြေမှာ ဖြူ ဘာမှမဖြစ်နိုင်ဘူး၊ ကိုယ်လုပ်ရမယ့်အလုပ်ကို စိတ်ဖြောင့်ဖြောင့်နဲ့သာလုပ်"

ခွဲက ဆုပ်ကိုင်ထားသည့် ဖြူဖြူ့လက်ကို လွှတ်လိုက်သည်။ ဖြူဖြူ ကားပေါ်မှဆင်းသည်။ ခွဲအား လှည့်မကြည့်ဘဲ လက်ပြရင်း ကင်းစေတီဘက်သို့ ထွက်သွားသည်။

အစီအစဉ်အရ ဖြူဖြူ ကင်းစေတီအနီးတွင် ဝှ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဂျစ်ကားကို မောင်းယူလာမည်မှန်း သိသည်။ ယခုလို နံနက်စောစောမှာ ဖြူဖြူ့အား လူသူကင်းပြတ်ရာတွင် တစ်ယောက်ထဲ ထားခဲ့ရမှာကို စိတ်မဖြောင့်နိုင်ရှိနေ၏။

"ဘာလုပ်နေတာလဲ ဇွဲ . . သွားကြမယ်လေ၊ ဖြူဖြူက သူ့အလုပ်ကို သူနိုင်နိုင်နင်းနင်းလုပ်နိုင်မယ့် မိန်းကလေးပါကွာ . . သူ့အတွက် စိတ်ပူမနေပါနဲ့"

ဇွဲက အောင်ခက်အား တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောထွက်တော့ဘဲ စက်မသတ်ဘဲ ရပ်ထားသည့်ကားကို မောင်းထွက်သည်။

ဇွဲက ကားကိုခပ်ကြမ်းကြမ်းမောင်းထွက်သဖြင့် ကားပေါ်တွင်ထိုင်လိုက်လာသော အောင်ခက်တို့တစ်တွေ ယိမ်းယိုင်သွားကြသည်။ အောင်ခက်က ယိုင်သွားသည့် ကိုယ်ကိုထိန်းမတ်ပြီး ဇွဲအား မကျေမနပ်နှင့် ကြည့်လိုက်သည်။

"ဘယ်လိုလုပ်တာလဲ . . ဖြည်းဖြည်းမောင်းပါကွ"





ဇွဲ၏နှုတ်ခမ်းထောင့်စွန်း ဆတ်ခနဲတွန့်သွားသည်။ သူက ချက်ချင်းပင် ကားအရှိန်ကို လျှော့ချလိုက်၏။ လမ်းက တစ်ဆစ်ချိုးကွေ့ကို ညင်သာစွာချိုးကွေ့လိုက်ပြီး ပုံမှန် အသွားနှုန်းထက် နှေးကွေးစွာ ဆက်မောင်းသည်။

"ဒါ . . ဘာလုပ်တာလဲ ဇွဲ"

ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြောလိုက်သည့် အောင်ခက်၏အသံတွင် မကျေမနပ်ဟန်တွေ ပါနေသည်။ ဇွဲက အောင်ခက်ကို မျက်လုံးထောင့်ကပ်ပြီးကြည့်သည်။

"ဘာလဲ ကိုအောင်ခက် . . ခင်ဗျား ဘာကိုပြောနေတာလဲ"

"ဘာကိုပြောရမလဲ . . ကားမောင်းတာကိုပြောနေတာပေါ့ . . မြန်တော့လည်း မတရား၊ နှေးတော့လည်း လိပ်လိုပဲ ဒီအသွားနှုန်းမျိုးနဲ့ သွားနေရင် မင်းအဘကား ငါတို့ကို ကျော်သွားလိမ့်မယ်"

"မြန်မြန်မောင်းတော့လည်း ခင်ဗျားက ဟန့်တယ် ခု ဖြည်းဖြည်းမောင်းတော့လည်း ခင်ဗျားက မကြိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘယ်လိုလုပ်မောင်းရမလဲ . . ပြောပါဦး''

''တော်ပြီ ခွဲ . . မင်း ငါ့ကိုအရွဲ့တိုက်နေတာ ငါသိတယ် . . သတ်မှတ်ထားတဲ့ပွိုင့်ကို အချိန်မီရောက်အောင် ကားပြိုင်ပွဲဝင်သလို မမောင်းနဲ့ . . လိပ်က အဘလို့ခေါ်ရလောက်တဲ့နှုန်းနဲ့လည်း မမောင်းနဲ့''

ခွဲ အသာအယာပြုံးသည်။ တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ လီဗာကို ဖိနင်းလိုက်၏။ ခပ်နှေးနှေး ခပ်မြန်မြန်သွားနေသည့်ကား လျင်မြန်စွာပြေးသည်။

အောင်ခက်ထံမှ အပြစ်ဖွဲ့ပြောဆိုသံကို မကြားရတော့ . . ခွဲက အဆင်းလမ်းအတိုင်း ကားကို ညင်သာစွာ ထိန်းသိမ်းမောင်းနှင်သည်။ ကားစက်သံက ညက်ညောလွန်းသဖြင့် ကတ္တရာလမ်းနှင့် ကားဘီးထိတွေ့သံ ကားစက်သံကိုကျော်၍ ပေါ်ထွက်နေသည်။

ယခုအချိန်ဆိုလျှင် ဖြူဖြူတစ်ယောက် ကင်းစေတီအနီးတွင် ဂုက်ထားသော ကားပေါ်၌ငြိမ်သက်စွာထိုင်ရင်း ဦးနေရော်တို့အား မြို့ပြင်သို့ထွက်အလာကို စောင့်နေလိမ့်





မည်ဟု ခွဲတွေးမိသည့် ကြောင့်ကျစိတ်ကြောင့် သူ၏အကြောအချဉ်များ တောင့်တင်းနေသည်ကို ကားမောင်းနေရင်းမှ ခွဲ သတိပြုမိသည်။ သူက စိတ်ကိုလျှော့ပြီး နေသာထိုင်သာရှိအောင် ကြိုးစားသည်။

ကင်းဦးကို လွန်သည်နှင့် ကားလမ်းက အကွေ့အရစ်တွေပိုများလာသည်။ တစ်ခါတစ်ရံတွင် တစ်တောင်ဆစ်ချိုးကွေ့ကို ဘွားခနဲတွေ့ရတတ်သည်။ ထိုအခါမျိုးတွင် ခွဲ၏ခြေလက်တို့ လျင်မြန်တိကျစွာ လှုပ်ရှားပြီး ကားကို ညင်သာစွာ ချိုးကွေ့သည်။ စိတ်အာရုံထွေပြား၍ မဖြစ်သည့်အခြေအနေမို့ ခွဲက လှုပ်ရှားနေသည့် သူ့စိတ်ကို ငြိမ်သည်ထက်ငြိမ်အောင် ထိန်းသည်။

အောင်ခက်သည် ကားရှေ့ခန်းတွင် ထိုင်လိုက်ရင်းမှ ခွဲကို မျက်ခြည်မပြတ်ကြည့်သည်။ ခွဲက ကားကို ဂရုတစိုက် ထိန်းသိမ်းမောင်းနှင်နေသည်ကို သတိထားမိမှ စိတ်အေးသလိုရှိ၏။ သူက အတင်းအကျပ် ထိန်းချုပ်ထားရသောစိတ်ကို ဖြေလျှော့လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



မကြာခင် သူ့ဘဝအတွက် ကြီးမားသော အပြောင်းအလဲတစ်ရပ်နှင့် တွေ့ရတော့မည်ဆိုသည့်အတွေး ခေါင်းထဲသို့ဝင်လာသည်။ ပင်ပန်းဆင်းရဲခြင်းကြီးစွာ လှုပ်ရှားခဲ့ရသည့်အဖြစ်များ မကြာခင် အိပ်မက်ပမာ ပျောက်ကွယ်သွားတော့မှာ ဖြစ်သည်။

ခေါင်းထဲသို့ ထိုးဖောက်ဝင်ရောက်လာသည့် အတွေးများကြောင့် အောင်ခက်၏စိတ်တွင် အကျေနပ်ကြီး ကျေနပ်နေမိသည်။

စွန့်စားခန်းများ ပြီးဆုံးသွားသည့်နောက် သူတို့၏ စွန့်စားမှုကြောင့် ရလာသည့် အသီးအပွင့်များကို တွဲဖော်တွဲဖက်အားလုံး မျှဝေခံစားမည်။

ရသင့်ရထိုက်သည်များ ခွဲဝေပြီးနောက် အားလုံးကို အပြုံးဖြင့်နှုတ်ဆက်ကာ လမ်းခွဲမည်။ သူ့ဇာတိအညာကျေးလက်တွင် မိသားစုဘဝလေးတစ်ခုကို သွားရောက်တည်ထောင်မည်ဟုတွေးရင်း အောင်ခက်၏မျက်နှာမှာ အပြုံးရိပ်တွေ ထင်လာသည်။





အောင်ခက်တစ်ယောက် အတွေးနှင့်သူကျေနပ်နေသလို ထွန်းမောင်မှာလည်း သူ့အတွေးနှင့် သူ ကျေနပ်နေသည်။ ရတနာတွေထုခွဲပြီး ဝေစုရသည့်နောက်တွင် လုပ်ရမည့်အလုပ်တွေကို စိတ်ကူးထဲတွင် အစီအစဉ်ချနေသည်။

ငွေပေါပေါများများရှိလျှင် ပျော်ပျော်ကြီးနေနိုင်သည့်နေရာများစွာကို ထွန်းမောင်သိသည်။ သူရောက်ချင်လျက်နှင့် မရောက်ဖြစ်ခဲ့ရသည့်နေရာ . . သူသွားချင်လျက်နှင့် မသွားခဲ့ရသည့် နေရာတို့ကို ပျော်ပျော်ကြီးသွားမည်။ သူ လုပ်ချင်လျက်နှင့် မရခဲ့သည်တို့ကို ပျော်ပျော်ကြီးလုပ်ကိုင် ပျော်ပျော်ကြီး ရယူမည်ဟု သူစဉ်းစားသည်။

ထွန်းမောင် ပျော်ပျော်ကြီး စဉ်းစားရင်းမှ ကားမောင်းနေသော ဖွဲ့နှင့် ကားရှေ့ခန်းတွင် ထိုင်လိုက်လာသော အောင်ခက်တို့ထံ အကြည့်ရောက်သွားသည်။ အပျော်ရိပ်ဝင်နေသော သူ့မျက်လုံးအစုံတွင် အေးစက်တင်းမာဟန်များ ထင်လာသည်။

အောင်ခက်နှင့် ဖွဲ့တို့ကိုကြည့်ရင်း မုန်းတီးစိတ်တို့



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလာသည်။ အောင်ခက်က ဘဝတူချင်းဖြစ်ပါလျက် သူ့အပေါ် ရင့်ရင့်သီးသီး ပြောဆိုဆက်ဆံခဲ့သည်ကို မေ့၍ မရ။ ခံပြင်းနာကျင်သော ဝေဒနာ ရင်မှာလှုပ်ရှားလာဆဲတွင် စိုး၏သက်ပြင်းချသံကို ကြားရသည်။

စိုး၏မျက်နှာတွင် စိုးရွံ့ထိတ်လန့်ဟန်များ ယှက်သန်းနေသည်။ လမ်းဘေးရှုခင်းကိုကြည့်နေသော်လည်း သူ့မျက်လုံးအစုံက ရှုခင်းတို့ကို မြင်ပုံမရ။

"ကြောက်နေပြီလား စိုး"

ထွန်းမောင်က ခပ်တိုးတိုးမေးသည်။ စိုးက မကျေမနပ်ဖြစ်သွားဟန်နှင့် ထွန်းမောင်အား မျက်လုံးကြီးပြူးပြီး ကြည့်သည်။ ပြီးနောက် မျက်နှာကို ပြန်လွှဲလိုက်သည်။

ထွန်းမောင်သည် စိုးကိုကြည့်ရင်း အသံတိတ်ရယ်သည်။ ရယ်နေရင်း ကားအရှိန်လျော့သွားသဖြင့် အရယ်ရပ်ကာ ပတ်ဝန်းကျင်ကို အာရုံရောက်သွားရလသည်။

"ရှေ့နားရောက်ရင် ကားကိုရပ်လိုက်ပါ ဖွဲ"

အောင်ခက်၏အသံကို ကြားရသည်။ ဖွဲက ကာ၊





မောင်းနေရင်းမှ ခေါင်းကိုညင်သာစွာ ညိတ်ပြလိုက်၏။ တစ်ဆက်တည်းပင် ကားကိုတုန့်ခနဲ ထိုးရပ်လိုက်သည်။

"စိုး . . ဆင်းတော့ မင်းလုပ်ရမယ့်အလုပ်က လမ်းဘေးမှာရှိတဲ့ ဒီသစ်ပင်ကြီးကို လမ်းပေါ်လဲကျအောင် ဆိုင်းထားတဲ့ကြိုးတွေ ဖြတ်ချရုံပဲဆိုပြီး ပေါ့ပေါ့ဆဆ မလုပ်နဲ့ ဦးနေရော်တို့ကား စေတီကနေ ပြန်ထွက်ပြီး ရှေ့ကကွေ့ကိုလွန်မှ မင်းလုပ်ရမယ့်အလုပ်ကို စလုပ် . . ဆိုင်းထားတဲ့ ကြိုးတွေကို ဖြတ်ချ"

အောင်ခက်က အောက်ခြေပြတ်လုဆဲဆဲခုတ်ပြီး ကြိုးများဖြင့် ဆိုင်းထားသော လမ်းဘေးရှိသစ်ပင်ကြီးကို ...န်ပြရင်းပြောသည်။ စိုးက ခေါင်းညိတ်ပြရင်း စိုးရိမ်စိတ် ...ဖွ ထင်နေသော မျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကို ကြည့် ...သည်။

"ဦးနေရော်တို့ကား အောက်ကွေ့ကို မလွန်မချင်း ...မှမလုပ်ဘဲ ငြိမ်ငြိမ်နေ . . သစ်ပင်လဲ့ချတဲ့အသံက ...ကျယ်ကြီးပေါ်လာမှာ . . အဲဒီအသံ ကားစက်သံနဲ့ရော



www.burmeseclassic.com

www.burmeseclassic.com



သွားမှ ဦးနေရော်တို့ သတိမထားမိမှာ . . သူတို့ကား အောက်ကွေ့ရောက်နေပြီဆိုတော့လည်း သစ်ပင်လှဲတဲ့အသံ ကို သိပ်အကျယ်ကြီး ကြားရမှာ မဟုတ်ဘူး၊ ပြီးရင် မင်း အောက်ဘက်ကိုပြေးဆင်းလာခဲ့''

စိုးက ပင့်သက်တစ်ချက်ရှိုက်ပြီး ခေါင်းညိတ်လိုက် သည်။ သူက ကြောင်တောင်တောင်နိုင်သော အမူအရာနှင့် ကားပေါ်မှဆင်းမည်ပြုသည်။ အောင်ခက်မှာ စိုးအားကြည့် ရင်း မျက်မှောင်ကြုံ့လိုက်၏။

''ဟေ့ကောင် စိုး''

''ဟင် . . ဘာလဲ .. အောင်ခက်''

''ငါပြောတာတွေကို မင်း သေသေချာချာ မှတ်ထား ရဲ့လား . . တစ်ချက်မှားတာနဲ့ ပြဿနာတက်မှာနော် . . မှားလို့မဖြစ်ဘူး''

''အေးပါ . . ငါသိပါတယ်''

''ဒါဆို မင်းလုပ်ရမယ့်အလုပ်ကို ပြန်ပြောပြစမ်း''

''မင်းကလည်း ငါ့ကို ကလေးလေးများ မှတ်နေ





သလား ငါသိပါတယ် . . သစ်ပင်အောက်တည့်တည့်ကို ဦးနေရော်တို့ ကားရောက်တာနဲ့ အချိန်ကိုက်ပြီး ဆိုင်းထား တဲ့ကြိုးတွေ ဖြတ်ချလိုက်မယ်''

''ဟာ . . ဟေ့ကောင် . . ဟ''

စိုးက အောင်ခက်၏မျက်နှာကို စေ့စေ့ကြည့်ပြီး အားရပါးရရယ်ကာ ကားပေါ်မှဆင်းသည်။

''ငါပြောတာ ဟုတ်တယ် မဟုတ်လား . . သွားပြီ ဟေ့ . . ဟား . . ဟား . . ဟား''

အောင်ခက်သည် ရယ်မောပြီး လမ်းဘေးကုန်း စောင်း တောင်ပေါ်သို့ပြေးတက်သွားသည့် စိုးအား ကြည့် သည်။ သူမကျေမနပ်နှင့် တစ်စုံတစ်ရာ ပြောမည်အပြုတွင် ဖွဲက ကားကိုဂီယာထိုးပြီး မောင်းထွက်လိုက်သည်။

အေးမြသော နံနက်ခင်းလေပြည် ကားအတွင်းသို့ တိုးဝင်နေသည်။ လေကို တိုးဖြတ်နေသော ကားအရှိန် ကြောင့် တိုးဝင်လာသည့်လေက ပြင်းထန်နေသည်။ ထို့အ တူ အအေးကလည်း ကြမ်းတမ်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှ အရှိန်နှင့် ပြေးဆင်းလာသည့်ဂျစ်ကား ဆုတောင်းပြည့်စေတီအနီးသို့ ရောက်လာသည်။ ဆုတောင်းပြည့်စေတီကို ဖြတ်ကျော်ခဲ့စဉ် မတ်စောက်သော အဆင်းလမ်းကို ဘွားခနဲတွေ့ရသည်။ အဆင်းလမ်းအဆုံး တစ်ဆစ်ချိုးကွေ့တွင် တံတားဖြူလေးတစ်ခုရှိနေသည်။ ဇွဲက တံတားဖြူဘေးတွင် ကားကိုထိုးရပ်လိုက်၏။

"ငါတို့ ကားပေါ်ကဆင်းမယ် . . ထွန်းမောင်"

အောင်ခက် ကားပေါ်မှဆင်းသည်။ မရှေးမနှောင်းပင် ထွန်းမောင်လည်း ကားပေါ်မှဆင်းသည်။ အောင်ခက်က ကားကိုပတ်လျှောက်ပြီး ကားမောင်းသူ နေရာတွင်ရှိနေသောဇွဲ၏ ဘေးတွင်လာရပ်သည်။

"ဇွဲ . . မင်း ဘာဆက်လုပ်ရမလဲဆိုတာ သိတယ်နော်"

ဇွဲက ခေါင်းညိတ်ပြသည်။

"သိပါတယ် . . ကျွန်တော်ကို ဒီနေရာကို တစ်ခါလာ လေ့ကျင့်ထားပြီးပြီ . . အမှားအယွင်းမရှိအောင်





ကိုယ့်အလုပ်ကို ကိုယ် လုပ်နိုင်ပါတယ်"

"ဒါဆိုရင်လည်း ပြီးရော . . မင်းသွားတော့"

ဇွဲက ကားကိုမောင်းထွက်သွားသည်။ ဇွဲမောင်းသွားသည့်ဂျစ်ကား ဒုတိယကွေ့ချိုးကို ချိုးကွေ့လိုက်သည့်ဘက်ကြည့်ပြီးနောက် ထွန်းမောင်ဘက်သို့ လှည့်သည်။

"သံတူရွှင်းတို့ ဓားတို့ကို အဆင်သင့်လုပ်ထားရဲ့လား ထွန်းမောင်"

"မနေ့ကတည်းက လာထားတာ ရှေ့ကချုံအကွယ်မှာ ရှိတယ်"

"ဒါဆိုရင် တောင်ကုန်းပေါ်က ကျောက်တုံးအကွယ်မှာ နေရာယူဖို့သွားတော့ . . နောက်မိနစ်နှစ်ဆယ်လောက်ဆို သူတို့ရောက်လာကြတော့မှာ . . ကိုယ့်တာဝန် ကိုယ်သိနော် . . ထွန်းမောင်"

"အေးပါ"

ထွန်းမောင်က တိုတိုပြတ်ပြတ်ပြောပြီး တယောနှင့်တူသော သေတ္တာအနက်ကလေးကိုဆွဲပြီး ကုန်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းပေါ်သို့တက်သည်။ လမ်း၏အပေါ်တည့်တည့်ရှိ ကျောက်တုံးတစ်တုံးအကွယ်သို့ဝင်ကာ သေတ္တာရှည်ရှည် လေးကို ဖွင့်သည်။

သေတ္တာထဲတွင် တစ်ပိုင်းစီဖြုတ်ထားသော သေနတ်တစ်လက်ရှိသည်။ ထွန်းမောင်က ဖြုတ်ထားသော ရိုင်ဖယ်အပိုင်းအစများကို သူ့နေရာနှင့်သူ အံကျအောင် တပ် ဆင်သည်။ တခဏအတွင်းမှာပင် အဝေးကြည့်မှန်ပြောင်း အပိုတပ်ထားသည့် ရိုင်ဖယ်တစ်လက် လက်ထဲသို့ရောက် လာသည်။ ထွန်းမောင်က ကျောက်တုံးအကွယ်တွင် မှောက် ပြီး အပိုမှန်ပြောင်းဖြင့် ပစ်ကွင်းရှာသည်။

တံတားဖြူအောက် ကွေ့အနီးတွင် ဂျစ်ကားကို ရပ် ထားလိုက်ပြီး အောင်ခက်ရှိရာ တံတားဖြူအနီးသို့ က လမ်းအတိုင်း လျှောက်လာနေသော ဇွဲကို မှန်ပြောင်းဖြင့် နီးနီးကပ်ကပ် မြင်ရသည်။

အောင်ခက်နှင့် ဇွဲတို့ တံတားဖြူအနီးမှာ တွေ့ သည်။ အောင်ခက်က ဇွဲကို တစ်စုံတစ်ရာပြောပြီး သေန





တစ်လက်ထုတ်ပေးကာ တံတားအပေါ်ဘက် တောင်ကုန်း ပေါ်သို့ နှစ်ယောက်အတူတက်ကာ ချုံကွယ်တစ်ခုသို့ဝင် သွားသည်။

ထွန်းမောင်က အဝေးကြည့်မှန်ပြောင်းဖြင့် ဆု တောင်းပြည့်စေတီဘက်သို့ကြည့်သည်။ ထိုမှတဆင့် အ ထက်ဘက်တွင် သစ်ပင်ဆိုင်းကြီးဖြတ်ချရန် စောင့်နေသော စိုးရှိရာ နေရာဘက်သို့ကြည့်သည်။

ချုံအကွယ်မှနေ၍ အဆင်းလမ်းအပေါ်ဘက်သို့ ငေးမျှော်ကြည့်ရှုနေသော စိုးကို တွေ့ရသည်။ စိုး၏မျက်နှာ တွင် စိုးရိမ်ကြောင့်ကျဟန်များ ယှက်သန်းနေသည်ကို တွေ့ ရ၏။

ထွန်းမောင် သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြီး သူ့ဂျာကင်အိတ်ထဲမှ ပုလင်းပြားလေးကိုထုတ်ယူကာ အဖုံးဖွင့်သည်။ ပုလင်းပြားလေးထဲမှ ပျံ့လွင့်ပေါ်ထွက်နေ သည့် ယမကာနံ့က သူ့တစ်ကိုယ်လုံးကို တဆတ်ဆတ် တုန်ကာ ကြက်သီးမွေးညှင်းထသွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်က ပုလင်းပြားလေးထဲမှ အရက်ကို တစ်ငုံသောက်သည်။ ပြင်းရှသောအရက်က သူ့တစ်ကိုယ်လုံးကို နွေးထွေးသွားစေ၏။ သူက ပုလင်းပြားလေးကို ဘေးတွင်ချပြီး ကားလမ်းတူရူသို့ ကြည့်သည်။

နက်ပြောင်သော ကတ္တရာလမ်းတစ်လျှောက်တွင် အသွားအလာမရှိ ရှင်းလင်းနေသည်။ မကြာခင် ရှင်းလင်းတိတ်ဆိတ်နေသောလမ်းတွင် ပြင်းထန်သော မုန်တိုင်းတစ်ခုကျရောက်တော့မည်ဟု တွေးရင်း အရက်ပုလင်းပြားလေးဆီသို့ လက်လှမ်းလိုက်လေသည်။



အခန်း (၁၁)



www.burmeseclassic.com

www.burmeseclassic.com


ကားစက်သံကို သဲ့သဲ့ကြားရသည်။

စိုး ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။ လမ်းတစ်လျှောက်တွင် မည်သည့်ကားကိုမှ မတွေ့ရ။ စိုးက သူ၏အကြည့်ကို ရွှေ့ဖယ်ခြင်းမပြုဘဲ လမ်းတစ်လျှောက်သို့ စူးစိုက်ထား၏။

ကြားနေရသည့် ကားစက်သံ တဖြည်းဖြည်း ကျယ်လာသည်။ တစ်ခဏအကြာတွင် မြင်ကွင်းထဲသို့ ဝင်လာသော ပါဂျဲရိုကားတစ်စီးကို တွေ့ရသည်။



ကားက တောင်ပေါ်မှ လျင်မြန်စွာ ပြေးဆင်းလာသည်။ စိုးမှာ လှုပ်ရှားရန်မဆိုနှင့် အသက်ရှူရန်ပင် မေ့လျော့သွားပြီး တဖြည်းဖြည်း နီးလာသည့်ကားကို စူးစိုက်ကြည့်နေသည်။

သူကြည့်နေဆဲမှာပင် ပါဂျဲရိုကား ဆုတောင်းပြည့်စေတီတည်ရှိရာ ကုန်းမြင့်အောက်တည့်တည့်တွင် ရပ်လိုက်သည်။

ကားရပ်သွားသည်နှင့် ကားပေါ်မှ ဦးနေရော်ဆင်းလာသည်။ သူသည် ကားမောင်းသူနေရာတွင် ထိုင်နေသောသူငယ်အား တစ်ချက်လှမ်းကြည့်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း ဆုတောင်းပြည့်စေတီရှိရာ ကုန်းမြင့်ပေါ်သို့ လှမ်းမှန်မှန် လှမ်းလျက် တက်သွားသည်။

ဦးနေရော်၏လှုပ်ရှားမှုကို မြင်ရုံနှင့် သူသည် တည်ငြိမ်ပြတ်သားသော စိတ်ထားရှိသူ ကိုယ့်ကိုကိုယ် ယုံကြည်မှုပြည့်ရှိသူဟု သိသာနေသည်။


www.burmeseclassic.com

www.burmeseclassic.com

စိုးက သူ့အနီးတွင်ရှိသော သစ်ပင်ဆိုင်းကြီးကို လက်ဖြင့်စမ်းကြည့်သည်။ သူ့အကြည့်က ဆုတောင်းပြည့်စေတီရှိရာ ကုန်းမြင့်ပေါ်သို့တက်သွားသော ဦးနေရော်အား တစ်လှည့် ကားပေါ်တွင်ကျန်ခဲ့သော မာဒင်အားတစ်လှည့် ကြည့်နေသည်။

ဦးနေရော် ဆုတောင်းပြည့်စေတီပေါ်မှ အဆင်းတွ ဖြူဖြူတစ်ယောက် ချိန်သားကိုက်လာရမည် ဖြစ်သည်။ သော် ယခုအချိန်ထိ ဖြူဖြူမောင်းလာသည့် ကားအရိပ်မျ မမြင်ရသည့်အခါ စိတ်ထဲတွင် ထိတ်ခနဲဖြစ်ကာ စိုးရိမ် သွား၏။

စိုး စိုးရိမ်စိတ်ဝင်နေဆဲမှာပင် ကားတစ်စီး၏ သံကိုကြားရသည်။ တစ်ခဏအကြာ၌ ခပ်ကြမ်းကြမ်းမော လာသည့် ကားတစ်စီး၏စက်သံကို ကြားရသည်။ မောင်းလာသူကို ထင်ထင်ရှားရှား မမြင်ရသော်လည်း ဖြူမှလွဲ၍ တစ်ခြားသူ မဖြစ်နိုင်ဟု တွေးမိလိုက်သည်။

ဖြူဖြူက ကားကို ခပ်ကြမ်းကြမ်းမောင်း





ဆုတောင်းပြည့်စေတီကုန်းမှ ဆင်းလာသည်။ သူက ခပ်ကြမ်းကြမ်းမောင်းသွားသည့်ကားကို ကြည့်ရင်း ခေါင်းဆတ်ခါသည်။ ထို့နောက် သူက သူ့ကားရပ်ထားရာသို့ လျှောက်ခဲ့ပြီး ကားပေါ်သို့လှမ်းတက်သည်။

တံတားဖြူလေးအား လှမ်းမြင်ရစဉ်တွင် ဖြူဖြူက သူမောင်းလာသည့်ကားကို အရှိန်လျှော့သည်။ တံတားဖြူနှင့်နီးလာချိန်တွင် သူ့ဘေးတွင် ချထားသည့် ရေသန့်ဘူးကို လှမ်းယူပြီး ရင်ဘတ်ပေါ်သို့ လောင်းချသည်။

ရေသန့်ဘူးထဲမှသွေးတွေ ဖြူဖြူ့အင်္ကျီအဖြူပေါ်သို့ ကျရောက်စွန်းပေသည်။ ဖြူဖြူက ရေသန့်ဘူးကို လမ်းဘေးလျှိုထဲသို့ပစ်ချသည်။ တစ်ဆက်တည်းပင် ကားကို ဂီယာပြောင်းကာ အရှိန်သတ်ပြီး ကားဦးကို တံတားအုတ်ခုံဆီသို့ ဦးတည်ပေးလိုက်သည်။

ဂျစ်ကားက တံတားအုတ်ဘောင်ဖြူဖြူဆီသို့ တန်းဟန်းမတ်မတ် ပြေးဝင်သည်။ ဖြူဖြူက စတီယာခုံဘောင် ပုထွက်ပြီး ကိုယ်ကို လမ်းပေါ်သို့လှိမ့်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်လျှော့နေပြီဖြစ်သည့်ကားက တံတားအုတ်ဘောင်ကို ဝုန်းခနဲဝင်တိုက်သည်။ ထိုအချိန်မှာပင် ဖြူဖြူမှာ လမ်းပေါ်သို့ အရှိန်နှင့်ကျသည်။

သူ၏ကိုယ်မှာ မျှော်မှန်းထားသလို မြက်ခင်းပေါ်သို့မရောက်ဘဲ ကတ္တရာလမ်းပေါ်သို့ တစောင်းကျပြီး ကျလာသည့်အရှိန်ကြောင့် တင်ပါးတစ်ခြမ်း အောင့်သွားသည်။

သူမက နေရာမှထရန် ကြိုးစားရင်း လဲကျသွားသည့်ဟန်ဖြင့် လမ်းပေါ်တွင် မျက်နှာအပ်လိုက်လေသည်။

တံတားနှင့်အနီးဆုံးဖြစ်သော ဇွဲနှင့် အောင်ခက်တို့က ဖြူဖြူ၏စွန့်စားခန်းကို အနီးကပ်တွေ့မြင်လိုက်ရ၏။ ဖြူဖြူလမ်းပေါ်သို့ မျက်နှာအပ်လျက် ကျသွားသည်ကို မြင်ပြီး ဇွဲက နေရာမှထရပ်မည်ပြုသည်။

သတိထားနေပုံရသော အောင်ခက်က ဇွဲ၏ပခုံးကို လှမ်းကိုင်ဖိနှိပ်လိုက်မှ ဇွဲမှာ မထနိုင်တော့ဘဲရှိသွား၏။

"ငြိမ်ငြိမ်နေစမ်း . . ဇွဲ . . ဟိုမှာ ဦးနေရော်ရဲ့ကား





လာနေပြီတွေ့လား"

အောင်ခက်၏စကားကို ကြားသည်နှင့် ဇွဲက တံတားဖြူဆီသို့ ဦးတည်နေသည့်လမ်းအတိုင်း လှမ်းမျှော်ကြည့်သည်။ အဆင်းလမ်းအတိုင်း လျင်မြန်စွာ ပြေးလာနေသော ပါဂျဲရိုကားကို တွေ့လိုက်ရ၏။

"ဖြူဖြူက တကယ်တော်တယ် . . အသက်နဲ့ကိုရင်းပြီး စွန့်စားတာပဲ"

ဇွဲက အောင်ခက်ကို မကျေမနပ်နှင့် လှမ်းကြည့်လိုက်သည်။

"ဖြူတစ်ခုခု ဖြစ်သွားရင် တရားခံက ခင်ဗျားပဲ၊ ခင်ဗျားကို ကျွန်တော် တစ်သက်ကျေမှာ မဟုတ်ဘူး"

"မကျေမနပ်ဖြစ်ရင်လည်း နောက်မှဖြစ်၊ လောလောဆယ် အလုပ်ကို စိတ်ဝင်စား . . ဟိုမှာ ဦးနေရော်ရဲ့ကားရပ်သွားပြီ၊ ကားပေါ်က တစ်ယောက်ယောက်ဆင်းကြည့်လိုက်မယ် . . အေး တစ်ယောက်ယောက်လို့ပြောပေမယ့် တကယ်ဆင်းတာက ဦးနေရော်ကိုယ်တိုင်ဖြစ်ဖို့များ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

အောင်ခက် မျှော်လင့်သည့်အတိုင်း ဦးနေရော် ကားပေါ်မှဆင်းလာသည်။ သူက အေးဆေးတည်ငြိမ်သော အမူအရာနှင့် တံတားအောက်ဘက် ချိုင့်ထဲသို့ကျသွားသည့် ဂျစ်ကားကိုတစ်လှည့် လမ်းပေါ်တွင် ခွေခွေလေး လဲနေသော ဖြူဖြူ့ကိုတစ်လှည့် ကြည့်သည်။

ဦးနေရော်၏လက်ထဲတွင် သေနတ်တစ်လက်ကိုင်ထားသည်ကိုမြင်ရသဖြင့် အောင်ခက် ရင်ထိတ်သွားသည်။ သူက အကွယ်မှဖျတ်ခနဲ ထွက်သည်။ အကွယ်မှထွက်ရင်း သူ့မျက်လုံးအစုံက ကားပေါ်တွင် ထိုင်နေသော မာဒင်ထံ သို့ ရောက်သွား၏။

မာဒင်က အောင်ခက်အား သေနတ်ဖြင့်ထိုးချိန်သည်။ အောင်ခက်မှာ ဦးနေရော်အား ဂရုမစိုက်ဘဲ မာဒင်ကို သူ့လက်ထဲမှ သေနတ်ဖြင့် လှမ်းပစ်သည်။

သေနတ်သံနှစ်ချက် တစ်ပြိုင်နက်တည်းလိုလို ပေါ်လာသည်။ မာဒင် ကားစက်ပေါ် မှောက်ကျသွားသည်။





အောင်ခက်မှာလည်း မြင်းတစ်ကောင်၏အကန်ခံလိုက်ရသည့်ပမာ နောက်သို့လှန်ကျသွားသည်။

သေနတ်သံက လမ်းပေါ်တွင်ရောက်နေသော ဦးနေရော်အား သတိပေးလိုက်သလို ရှိသည်။ ဦးနေရော်က ဖျတ်ခနဲလမ်းဘေးသို့ မှောက်ချလိုက်သည်။

သူမှောက်ချလိုက်စဉ်မှာပင် ထွန်းမောင်၏သေနတ်မီးပွင့်သွားပြီး သေနတ်ကျည်ဆန် ဦးနေရော်ကိုယ်ထဲသို့ ဝင်သွားဟန် လမ်းပေါ်သို့ လှန်ကျသွားသည်။

အဖြစ်အပျက်တွေက တစ်ခုနှင့်တစ်ခု ဆက်ပြီးဖြစ်သွားခဲ့သဖြင့် သေနတ်တပြင်ပြင်လုပ်နေသော ဓွဲ့မှာ ကျည်တစ်တောင့်မှ မပစ်လိုက်ရ။ သူက သေနတ်ကိုင်ထားလျက် ဖြူဖြူ့ထံသို့ ပြေးဝင်သည်။

ဓွဲ့ရောက်သွားချိန်တွင် ဖြူဖြူနေရာမှ ထလာသည်။ သူက ရင်ဘတ်ကိုလက်ဖြင့် ဖိထားသော အောင်ခက်အား တစ်ချက်လှမ်းကြည့်သည်။

''ကိုအောင်ခက် ထိသွားသလား''



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"တောင့်ထားနော် . . ကျွန်မ ရှင့်ကိုပတ်တီးစည်း ပေးမယ်"

"ရတယ် . . ငါ့အတွက် စိတ်မပူပါနဲ့. ထွန်းမောင် ဟိုကားပေါ်က ရတနာသေတ္တာကို သွားယူ . . ခွဲက ကားကို ဝှက်ထားတဲ့နေရာအရောက် မောင်းယူသွားပြီး ကားချင်း လဲလာခဲ့"

အပေါ်ဘက်မှ သစ်ပင်တစ်ပင် လဲပြိုသံကိုကြား သည်။ ခွဲနှင့် ထွန်းမောင်တို့သည် ပါဂျဲရိုကားဆီသို့ ပြေး သွား၏။ ဖြူဖြူက လမ်းဘေးတွင် လဲကျနေသော ဦး ရော်ကို တစ်ချက်ကြည့်ပြီး ပါဂျဲရိုကားရှိရာသို့ ပြေးလိုက် သည်။

ထွန်းမောင်က ကားရှေ့ခန်းတွင်ရှိသော ရတနာ သေတ္တာကိုယူသည်။ ခွဲက မာဒင်အားတစ်ဖက်သို့ တွန်း ပြီး ကားပေါ်သို့တက်သည်။ ဖြူဖြူက ကားနောက်ခန်း ရှိနေသော ခရီးဆောင်အိတ်ကို လှမ်းဆွဲသည်။





"ဖြူဖြူ ဘာလုပ်မလို့လဲ"

"အိတ်ထဲက ပုဆိုးတစ်ထည်ထုတ်ပေး . . ပတ်တီး လုပ်ရအောင်"

ခွဲက ခရီးဆောင်အိတ်ကို နောက်ပြန်လှမ်းယူပြီး ဖွင့်ကာ အတွင်းမှ ပုဆိုးတစ်ထည်ထုတ်ပေးသည်။ ဖြူဖြူ သည် ပုဆိုးကို ဆုတ်ဖြဲရင်း အောင်ခက်ထံသို့ပြေးထွက် သွား၏။ ခွဲက ကားကိုစက်နှိုးပြီး မောင်းထွက်လိုက်သည်။

"ကိုအောင်ခက် . . အင်္ကျီချွတ်လိုက်"

"ဟာ . . ရပါတယ်"

"ချွတ်ပါ . . သွေးတွေ အရမ်းထွက်နေတယ်"

အောင်ခက်က သူ့ကိုယ်ပေါ်မှ ဂျာကင်နှင့် ရှပ်အင်္ကျီ တို့ကို ချွတ်ပေးလိုက်သည်။ ဖြူဖြူ ဖြဲဆုတ်ထားသည့် ပု ဆိုးစဖြင့် အောင်ခက်ရင်ဘတ်ပေါ်မှ ဒဏ်ရာကို ပတ်တီး စည်းပေးလိုက်၏။ ထိုအချိန်မှာပင် သစ်ပင်လှဲချပြီး ပြေး လာသည့် စိုး အနားသို့ရောက်လာသည်။

"ကိုစိုး . . ကိုအောင်ခက်ကို အင်္ကျီပြန်ဝတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက် . . ကျွန်မ ဦးနေရော်ကို ကြည့်မယ်''

ဖြူဖြူက အောင်ခက်ကို စိုးလက်သို့အပ်ပြီး ဦးနေရော်ထံသို့ ချဉ်းကပ်သည်။ လမ်းပေါ်တွင် မှောက်ကျနေသော ဦးနေရော်အား စစ်ဆေးကြည့်ရှုသည်။ နားထင်အထက်နားတွင် ရှပ်မှန်ထားသည့် ဒဏ်ရာတစ်ချက်ကို တွေ့ရ၏။ သွေးအထွက်မများသဖြင့် ဒဏ်ရာပြင်းထန်ခြင်း မရှိကြောင်း သိလိုက်သည်။

သူက ဆုတ်ဖြဲထားသော လက်ကျန်ပုဆိုးစဖြင့် ဦးနေရော်၏ခေါင်းကို စည်းနှောင်ပေးသည်။ လမ်းပေါ်ကျနေသည့် ခေါင်းတစ်ဖက်တွင် ဖူးရောင်နေသည့် ဘုတစ်ခုကို စမ်းမိသဖြင့် ဦးနေရော်မှာ ဒဏ်ရာကြောင့်မဟုတ်ဘဲ ကတ္တရာလမ်းနှင့် ခေါင်းဆောင့်မိပြီး သတိလစ်မေ့မြောနေခြင်းဟု နားလည်လိုက်သည်။

''ဟော့ . . ဖြူဖြူ . . ဘာလုပ်နေတာလဲ၊ အဲဒီအလောင်းကို မြောင်းထဲဆွဲချလိုက်''

ဖြူဖြူ အံကြိတ်လိုက်သည်။ သတိလစ်မေ့မြော





နေသော ဦးနေရော်အား ပခုံးနှစ်ဖက်မှ မကာဆွဲပြီး လမ်းဘေးကျောက်တုံးကြီးတစ်တုံးနောက်တွင် မှီလျက်ထိုင်ပေးထားလိုက်သည်။

''ဖြူဖြူ . . ဟေ့ဖြူဖြူ''

''လာပြီ . . ကိုအောင်ခက်''

ဖြူဖြူက ကျောက်တုံးအကွယ်မှ ပြေးထွက်လိုက်သည်။ သူ့ရင်ထဲတွင် တင်းကျပ်ဆို့နင့်နေလျက်ရှိပြီး ခြေလှမ်းတွေကလည်း နေးကွေးနေလေ၏။

''မင်း . . ဘာလုပ်တာလဲ ဖြူဖြူ''

''ရှင်''

ဖြူဖြူက မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့လျက် ဝေဒနာခံစားနေရသည့်ကြားမှ ဒေါသတကြီးမေးနေသော အောင်ခက်ကို အံ့အားတသင့် ကြည့်လိုက်သည်။

''မင်း . . ဟိုလူ့ကို ဘာဖြစ်လို့ ပတ်တီးစည်းပေးရတာလဲ''

''သက်တောင့်သက်သာ ရှိအောင်ပေါ့ . . သူက



www.burmeseclassic.com

www.burmeseclassic.com



သတိတောင်လစ်နေပြီ''

''သူ့ဒဏ်ရာကို ငါမကြည့်လိုက်ရဘူး''

''ခေါင်းကိုထိတာ မျှော်လင့်ချက်မရှိဘူး ထင်တာပဲ''

''သက်တောင့်သက်သာ ရှိအောင်ပေါ့ . . သူက သတိတောင်လစ်နေပြီ''

''သူ့ဒဏ်ရာကို ငါမကြည့်လိုက်ရဘူး''

''ခေါင်းကိုထိတာ မျှော်လင့်ချက်မရှိဘူး ထင်တယ်''

အောင်ခက်က ချောင်းတစ်ချက်ဆိုးသည်။ ချောင်းဆိုးရင်း သွေးများကို ဖွီခနဲထွေးထုတ်လိုက်၏။

''ဟော့ကောင် . . ထွန်းမောင်''

''ကျွန်တော် ဒီမှာပါ''

''မင်းက ငါ့အနား မလာဘူး ပေးစမ်း ရတနာသေတ္တာ၊ မင်း ဦးနေရော်ကို ဘယ်နေရာထိအောင် ပစ်လိုက်တာလဲ''





''ပစ်တာက ရင်ဘတ် . . သူမှောက်ချတာနဲ့ ခေါင်းကို ထိသွားတယ် . . တစ်ချက်ထဲနဲ့ ငြိမ်သွားတယ်''

အောင်ခက်၏မျက်နှာတွင် ကျေနပ်သွားဟန် ရိပ်ခနဲပေါ်လာသည်။ သူက ရင်ဘတ်ကိုလက်ဖြင့် ဖိရင်း အောင်ခက်ကို လှမ်းကြည့်သည်။ တံကားဖြူဆီသို့ အပြေးလာနေသော ဂျစ်ကားကို တွေ့ရ၏။

ခွဲက ကားကို တံတားဖြူ အနီးသို့ရောက်အောင်မောင်းလာပြီး ရှေ့တိုးနောက်ဆုတ် လုပ်ကာ မန္တလေးဘက်သို့ ဦးပြန်လှည့်သည်။ ထိုအချိန်မှာပင် အောင်ခက်တို့တစ်တွေ ဂျစ်ကားအနီးသို့ ရောက်လာသည်။

''ခွဲ . . ဒီသေတ္တာကို အံဝှက်ထဲထည့်သိမ်းထား''

ခွဲက သေတ္တာကိုယူပြီး ထိုင်ခုံဘက်တွင် ပြုလုပ်ထားသည့် အံဝှက်ထဲသို့ထည့်သည်။ ထွန်းမောင်နှင့် စိုးတို့က အောင်ခက်အား ကားပေါ်သို့တွဲတင်သည်။

''မင်းတို့နှစ်ယောက် ငါ့ဘေးမှာနေ . . ဖြူဖြူရှေ့ကစီး''



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်နှင့် စိုးတို့က အောင်ခက်၏ဘေးတစ်ဖက်တစ်ချက်တွင် ထိုင်လိုက်ကြသည်။ ဖြူဖြူသည် နောက်ဆုံးမှ ကားပေါ်သို့လှမ်းတက်၏။

"သွားမယ် . . ဖွဲ"

ဖွဲက အောင်ခက်အား လှမ်းကြည့်သည်။ ရင်ဘတ်မှဒဏ်ရာ သွေးတိတ်ဟန်ရှိသော်လည်း အင်္ကျီရင်ဘတ်တစ်ခုလုံးမှာ သွေးတွေရွှဲနေသည်ကို တွေ့ရ၏။

"ကိုအောင်ခက် . . ခင်ဗျား . . ဒဏ်ရာ"

"ဒဏ်ရာက အရေးမကြီးဘူး . . ဒီနေရာနဲ့ဝေးဖို့က အရေးကြီးတယ် . စိုး မင်းလှဲချခဲ့တဲ့ သစ်ပင်လမ်းပိတ်ပြီးသားဖြစ်ရဲ့လား"

"ဖြစ်ပါတယ် . . ကားသွားလို့ရအောင် ဒီသစ်ပင်ကို ရှင်းရင် အနည်းဆုံး တစ်နာရီတော့ ကြာလိမ့်မယ်"

"တစ်နာရီဆိုတော့ ငါတို့ ဒီစက်ကွင်းနဲ့ဝေးတဲ့နေရာကို ရောက်ပါပြီ . . ဟော့ ဖွဲ . . သွားမယ်လေ မင်း ဘာကြည့်နေတာလဲ"





ဖွဲက ကားကို ဂီယာထိုးပြီး မောင်းထွက်လိုက်သည်။ စက်မှုစုံမှထုတ်သော ထီလာဂျစ်သည် ညက်ညောလျင်မြန်စွာဖြင့် အဆင်းလမ်းအတိုင်း ပြေးဆင်းသည်။

အောင်ခက်က ရှပ်အင်္ကျီအပေါ်မှ ထပ်ဝတ်ထားသော သားရေဂျာကင်ဇစ်ကို ဆွဲတင်ပြီး ထိုင်ခုံနောက်မှီတွင် ခေါင်းတင်ကာ မှီလိုက်သည်။

ရင်ဘတ်ထဲတွင် စူးရှနာကျင်သော ဝေဒနာကို အံကြိတ်တင်းခံနေစဉ် ကားရှေ့ခန်းမှ ရှိုက်သံသဲ့သဲ့ကို ကြားပြီး ခေါင်းထောင်သွားသည်။

"ဘာဖြစ်တာလဲ . . ဖြူဖြူ . . မဟုတ်လား၊ ဖြူဖြူ မင်း ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး"

"မင်းငိုနေတာ မဟုတ်လား . . ငါရှိုက်သံကိုကြားလိုက်တယ်"

"ဟို . . ဟို . . ကျွန်မစိတ်တွေ သိပ်လှုပ်ရှားသွားလို့ပါ . . ကျွန်မ သိပ်ကြောက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . မကြောက်နဲ့တော့၊ ကြောက်စရာကောင်းတဲ့ကိစ္စတွေ ပြီးသွားလို့ ငါတို့ အားကျွတ် . . ကျွတ်"

"အောင်ခက် ငြိမ်ငြိမ်နေ စကားမပြောနဲ့ . . တို့အားလုံး ကိုယ့်ကာဝန် ကိုယ်သိတယ်၊ စိတ်လျှော့ပြီး နားနေလိုက်"

အောင်ခက် ငြိမ်သွားမှ ဖွဲက သူ့ဘေးတွင်ရှိနေသော ဖြူဖြူအားလှမ်းကြည့်သည်။ ဖြူဖြူ့မျက်လုံးအစုံတွင် မျက်ရည်တွေကိုတွေ့ရ၏။

တော်ရုံကိစ္စတွင် မျက်နှာမပျက်တတ်သော ငို ကြွေးခြင်းကို အရှုံးပေးခြင်းဟု သဘောထားတတ်သော ဖြူဖြူငိုနေခြင်းအတွက် နားမလည်နိုင် ဖြစ်သွားသည်။

ယခုနေတွင် ဖြူဖြူက မေးခွန်းထုတ်၍လည်း အဖြေမှန်ရမှာ မဟုတ်မှန်း ဖွဲသိသည်။ ထို့ကြောင့် သူက မမေးတော့ဘဲ ဖြူဖြူ့လက်တစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ် ပြီးအားပေးသည်။





ဖြူဖြူက နားလည်ဟန်ဖြင့် မျက်ရည်တွေကို သုတ်လိုက်၏။

ဖြူဖြူသည် လျှို့ဝှက်ချက်တစ်ခုကို သူမသိအောင် ထိန်းသိမ်းထားပုံရသည်ဟု ဖွဲတွေးမိသည်။ မျက်ရည်သုတ်လိုက်သော်လည်း ကြေကွဲဟန်များ ပေါ်နေသော ဖြူဖြူ့မျက်နှာက သူ့အတွေးကို ထောက်ခံနေပဟန်သကဲ့သို့ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

ဆူ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေညောင်ပင်ကို လွန်ခဲ့ပြီး ကျောက်လှည်းဘီးကို ကျော်ခဲ့ကာ လီရှောအထက်ရွာကိုပင် လှမ်းမြင်နေရပြီ။

"လီရှောရွာကိုရောက်ရင် စားစရာ ဆင်းဝယ်ပါ ဖွဲ၊ ဒီရွာမှာ ပေါင်းတင်းရတယ် . . ပေါင်းတင်းနဲ့ ကြက်သား ကြော်ဆို မနက်စာပြီးတယ်"

ကားနောက်ခန်းမှ အောင်ခက်အသံကိုကြားရသည်။ ဖွဲက ခေါင်းညိတ်ပြရင်း စီးကရက်ဘူးကို ထုတ်လိုက်၏။ ဘူးထဲမှ လက်ကျန်စီးကရက်ကို မီးညှိဖွာရှိုက်ရင်း ကားကို





အရှိန်လျှော့မောင်းသည်။

လီရှောရွာသို့အရောက်တွင် စားသောက်ဆိုင်တစ်ဆိုင်နှင့် မနီးမဝေးတွင် ကားကိုရပ်ပြီး ဖွဲ ကားပေါ်မှဆင်းသည်။ စားသောက်ဆိုင်သို့ဝင်ကာ ပေါင်းတင်းခေါ် ကောက်ညှင်းကျည်တောက်နှင့် ကြက်သားကြော်ဝယ်သည်။ ဆေးလိပ်ကုန်နေသည်ကို သတိရပြီး စီးကရက်တစ်ဘူးပါ ဝယ်သည်။

စားသောက်ဖွယ်ရာများကိုဝယ်နေရင်း ဆိုင်တွင် စားသောက်သူတစ်ယောက်မှ မရှိသည်ကို သတိပြုမိသည်။ ဆိုင်ရှင်က သူ့အား အကဲခတ်သလိုကြည့်နေသည်ကို သတိပြုမိသည်။

စားသောက်ဖွယ်ရာများ ဝယ်ခြမ်းပြီးနောက် ဖွဲက ကားရပ်ထားရာသို့ ပြန်လာသည်။ ဝယ်လာသည့် စားသောက်ဖွယ်ရာများကို ဖြူဖြူ့လက်ထဲ ထည့်ကာ ကားမောင်းထွက်ခဲ့၏"

"ကျွန်တော် အစားအသောက် ဆင်းဝယ်မိတာ[illegible]ား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီထင်တယ် . . ကိုအောင်ခက်”

ခွဲက အစီခံထိလုနီးပါး တိုသွားသည့်စီးကရက်ကို လွှင့်ပစ်ရင်းမှ ပြောသည်။ သူ့စကားကြောင့် အောင်ခက် မျက်မှောင်ကြုံ့သွားပြီး . . .

“ဆိုင်ထဲမှာ လူတစ်ယောက်မှ မရှိဘူး”

“ဟေ့ . . ဆိုင်ထဲမှာ လူမရှိတာနဲ့ စားစရာဆင်းဝယ်တာ ဘာဖြစ်လို့ မှားရမှာလဲ”

“ဟာဗျာ . . ခင်ဗျားကလည်း ဒါတောင် မစဉ်းစားမိဘူးလား . . ဆိုင်ထဲမှာ လူမရှိတာ အတက်အဆင်း ကားတစ်စီးမှ မရှိသေးတဲ့သဘောပေါ့ . . မိုးကုတ်ကနေ ပထမဆုံးဆင်းလာတဲ့ကားဟာ ကျွန်တော်တို့ကားဆိုတာ ကြေညာသလိုဖြစ်သွားတယ် . . ပြီးတော့ ဆိုင်ရှင် ကျွန်တော်တို့ပုံသဏ္ဌာန်ကိုလည်း မှတ်မှတ်သားသား ဖြစ်သွားနိုင်တယ်လေ”

အောင်ခက်ထံမှ သက်ပြင်းချသံကို ကြားရသည်။

“တွေးပူမနေနဲ့တော့ . . ခွဲ ဖြစ်သမျှအကြောင်းလို့ပဲ





သဘောထားလိုက်၊ ဒဏ်ရာကြောင့် ငါ့ခေါင်းလည်း သိပ်အသုံးမဝင်တော့ဘူး . . တကယ်ဆို အဲဒါကို ငါအစောကြီးကတည်းက စဉ်းစားမိရမှာ . . အေးလေ . . ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ”

“မင်းတို့ကလည်း အစိုးရိမ်ကြီးနေလိုက်တာ အမယ်အိုကြီးတွေ ကျနေတာပဲ၊ မရှောင်နိုင်လို့ဖြစ်တဲ့ကိစ္စ တွေးပူမနေနဲ့ . . ကဲ ဖြူဖြူ ငါတို့အတွက် စားစရာတွေပေး တစ်မနက်လုံးပြင်းပြင်းထန်ထန် လှုပ်ရှားထားရတာ ဆာလှပြီ’

ထွန်းမောင်က ဘာကိုမှ အရေးမထားသည့်ဟန်ဖြင့် ပြောသည်။ သူ့စကားကြောင့် ခွဲစိတ်ထဲတွင် မျက်ခနဲဖြစ်သွား၏။ သို့သော် သူက တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ ကားကိုသာ ဂရုတစိုက်မောင်းသည်။

ဖြူဖြူက ထွန်းမောင်တို့အတွက် ပေါင်းတင်းနှင့် ကြက်သားကြော်များပေးသည်။ သူနှင့်ခွဲအတွက် ချန်ထားသည့်အထဲမှ ပေါင်းတင်းတစ်ခုကို နွှာပြီးချိုးဖဲ့၍ ခွဲအား ပေးသည်။

“ဗိုက်ဆာနေတာတော့ အမှန်ပဲ . . လမ်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဖို့ အခွင့်အရေး ရရှင်မှရမှာဆိုတော့ စားထားလိုက်တာ ကောင်းတယ် ဖြူလည်းစားမယ်''

ခွေးက ကားမောင်းနေရင်းမှ ပေါင်းတင်းနှင့်ကြက်ကြော်ကိုစားသည်။ ဖြူဖြူက ခွေးစားနိုင်အောင် လုပ်ကိုင်ပေးပြီးမှ သူ့အတွက်ကျန်သည့် စားစရာများကိုစားသည်။

နွယ်ရုံသို့အရောက်တွင် လမ်းဘေးရေအိုးစင်မှ ရေဆင်းခပ်ပြီးသောက်သည်။ ထွန်းမောင်က သူ့အင်္ကျီအိတ်ထဲမှ ဘရန်ဒီပုလင်းကိုထုတ်ပြီး မော့သည်။ ဒဏ်ရာရထားသော အောင်ခက်ကိုလည်းတိုက်သည်။

နွယ်ရုံကိုလွန်ခဲ့ပြီးနောက် အောင်ခက်၏အခြေအနေမှာ ပိုဆိုးလာသလိုရှိသည်။ သူ့နှုတ်မှ ညည်းသံသဲ့သဲ့ပေါ်ထွက်နေသည်ကို ကြားရ၏။

''နွယ်ရုံနဲ့ ရှောက်ချိုပင်ကြားမှာ စမ်းချောင်းလေးတစ်ခုရှိတယ်၊ အဲဒီကျရင် ကိုအောင်ခက်ဒဏ်ရာကို ရေဆေးပြီး ပတ်တီးအသစ်လဲပေးရင် ကောင်းမယ်''

ဖြူဖြူက ညည်းနေသော အောင်ခက်အား လှမ်းကြည့်





ရင်းမှ ပြောသည်။

"ကားကို လမ်းဘေးမှာ ထင်ထင်ရှားရှားကြီး ရပ်ပြီး လုပ်ကိုင်လို့ ဘယ်ဖြစ်မလဲ ဖြူဖြူရဲ့"

ထွန်းမောင်က ဘရန်ဒီပုလင်းပြားလေးကို လက်ထဲတွင် လှည့်ပတ်ရင်းမှ ပြောသည်။

"ကားကို လမ်းဘေးမှာ မဟုတ်ပါဘူး၊ စမ်းချောင်းနားမှာ အတွင်းဘက်ကို ဝင်လို့ရတဲ့နေရာ ရှိတယ် . . အတွင်းနက်ကျကျကိုဝင်ပြီး လုပ်စရာရှိတာ လုပ်ကြတာပေါ့"

"မင်းက လမ်းတွေဘာတွေ သိနေပါလား . . သိတယ်ဆိုလည်းလုပ်လေ . . ခွေးကိုလမ်းပြပေးလိုက်"

အောင်ခက်က စိစဉ်ညွှန်ကြားခြင်း မပြုနိုင်သည့်အချိန်တွင် ထွန်းမောင်က နေရာဝင်ယူပြီး စီစဉ်သည်။ ဖြူဖြူသည် ထွန်းမောင်၏စကားကို မကြားဟန်ပြုကာ စမ်းချောင်းနားသို့အရောက်တွင် ခွေးအားအတွင်းသို့ဝင်ရန် လမ်းပြသည်။

ခွေးက ကားလမ်းပေါ်မှဖဲ့ဆင်းပြီး တောတန်းအတွင်းသို့ ကားကိုမောင်းဝင်ခဲ့သည်။ ကားလမ်းပေါ်မှ လှမ်းကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်သည့်နေရာကို အရောက်တွင် ကားကိုရပ်လိုက်သည်။

"ဘာလဲဟင် . . ဘာဖြစ်လို့လဲ"

ဒဏ်ရာကြောင့် မှိန်းနေသည့် အောင်ခက်က ကားရပ်လိုက်သည်နှင့် လန့်ဖျပ်သွားပြီး မေးသည်။

"ကိုအောင်ခက်ကို ပတ်တီးစည်းပေးလို့ ဒီနေရာက လုံခြုံတယ်၊ ဒဏ်ရာကို သေသေချာချာ ဆေးကြောသန့်စင်ပြီး ပတ်တီးအသစ်စည်းလိုက်ရင် ကိုအောင်ခက် အခံရဆိုးတော့မှာ မဟုတ်ဘူး"

အောင်ခက်က ကားပေါ်မှ နေရာပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။

"ပတ်တီးလဲရုံ မဟုတ်ဘူး . . ငါ့ကိုယ်ထဲ ဝင်နေတဲ့ ကျည်ဆန်ကိုထုတ်မှ ဖြစ်မယ် . . စိုး . . ထင်းရှာပြီး မီးမွှေး၊ ထွန်းမောင် မင်းက ငါ့ကိုယ်ထဲမှာရှိနေတဲ့ ကျည်ဆန်ကို ထုတ်ပေး"

ခွဲနှင့် ဖြူဖြူတို့ ကားပေါ်မှဆင်းလိုက်သည်။ သူတို့နှင့် မရှေးမနှောင်း ထွန်းမောင်နှင့် စိုးတို့ ကားပေါ်မှဆင်းပြီး





အောင်ခက်အား ပွေ့ချီပြီး အောက်သို့ချသည်။ ခွဲက ကားနောက်ခန်းရှိ ကူရှင်တစ်ခုကိုယူပြီး အောင်ခက် လှဲအိပ်နိုင်ရန် ခင်းပေးလိုက်သည်။

စိုးက အနီးအနားတွင်ရှိသော ထင်းအခြောက်များကို လိုက်ရှာပြီး မီးမွှေးသည်။ ခွဲက တောတန်းအတွင်းရှိ စမ်းချောင်းဘက်သို့ ထွက်ခဲ့သည်။ စမ်းချောင်းဆီသို့အရောက်တွင် အဝတ်အစားချွတ်ပြီး ရေထဲသို့ဆင်းလိုက်၏။ အေးမြသော စမ်းချောင်းရေအလျင်က စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေသည်ကိုကို ပြေလျော့သွားစေသည်။

သူသည် ရေကူးရင်း တွေကြုံခဲ့ရသည်တို့ကို ပြန်လည်စဉ်းစားသည်။ အဖြစ်အပျက်တစ်ခုပြီးတစ်ခု သူ့အာရုံမှာ ပေါ်လာ၏။ အစီအစဉ်ကျကျနန လုပ်ခဲ့သည့်အတိုင်း အစစအရာရာ စင်းလုံးချောဖြစ်မလာခဲ့။ အောင်ခက်တစ်ယောက် ဒဏ်ရာကြီးကြီးမားမား ရလာခဲ့သည်။

ခွဲက ရေထဲတွင် ကြာကြာမနေဘဲ ကုန်းပေါ်သို့ပြန်တက်ခဲ့သည်။ ထိုအချိန်တွင် ထွန်းမောင်တို့မှာ မီးမွှေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်ခက်၏ဒဏ်ရာမှ ကျည်ထိပ်ဖူးကို ခွဲထုတ်ရန် ပြင်ဆင်နေလေသည်။

"ဖြူဖြူ အောင်ခက်ကို အရက်နည်းနည်းတိုက်လိုက်စမ်းပါ . . ဒါမှ သူခံနိုင်မယ်"

ထွန်းမောင်က ဂေါ်ရခါးဓားကောက်ကို မီးကင်ရင်းမှ ပြောသည်။ ဖြူဖြူက အရက်ပုလင်းပြားလေးကိုယူပြီး အောင်ခက်အားတိုက်သည်။

"ခွဲ . . ဒီကိုလာ . . သူ့လက်ကို ဘေးဖက်ကနေကိုင်ထား၊ ဖြူဖြူ့ဒဏ်ရာပေါ်ကို အရက်နည်းနည်းလောင်းချလိုက်မယ်"

ဖြူဖြူက ထွန်းမောင်ခိုင်းသည့်အတိုင်း လုပ်သည်။ ခွဲနှင့် စိုးတို့က အောင်ခက်တစ်ဖက်တစ်ချက်တွင် နေရာယူပြီး လက်မောင်းတစ်ဖက်စီကို ချုပ်ကိုင်ထားလိုက်၏။ ထွန်းမောင်က ဂေါ်ရခါးဓားဖြင့် ဒဏ်ရာကိုခွဲသည်။

ဒဏ်ရာမှ သွေးတွေစီးကျလာသည်။ ဖြူဖြူက စီးကျလာသည့်သွေးများကို အဝတ်စတစ်ခုဖြင့် သုတ်ပေးသည်။





"အား . . ကျွတ်ကျွတ် . . ဟောကောင် ဖြည်းဖြည်း"

ကျည်ဆန်ထိပ်ဖူးကို ကလော်ပြီးအထုတ်တွင် ညည်းညူသံနှင့်အတူ အောင်ခက်၏ကိုယ် တဆတ်ဆတ်တုန်သွားသည်။

"အား"

"ငြိမ်ငြိမ်နေ အောင်ခက် . . ကျည်ဆန်ထိပ်ဖူး ထွက်လာပြီ"

"အေးပါကွာ . . အေးပါ"

အောင်ခက်က မောသံကြီးဖြင့် ပြောသည်။ ထွန်းမောင်သည် ဓားဦးဖြင့် အသားထဲစိုက်ဝင်နေသော ကျည်ဆန်ထိပ်ဖူးကို ကလော်ထုတ်လိုက်သည်။

"အား . . သေပါပြီ"

"ပြီးပြီကွ . . ဒီမှာတွေ့လား . . ကျည်ဖူးပဲ"

ထွန်းမောင်က အရက်ပုလင်းကို ဆွဲယူပြီး အောင်ခက်၏ဒဏ်ရာပေါ်သို့လောင်းချသည်။ သူကိုယ်တိုင်ကလည်း ပုလင်းထဲမှ အရက်ကို မော့သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက ပုဆိုးစကို ဆုတ်ဖြဲပြီး အောင်ခက်၏ဒဏ်ရာတွင် စည်းနှောင်သည်။ ဒဏ်ရာမှသွေးတွေ အဆက်မပြတ်ထွက်နေသဖြင့် ပုဆိုးစ ဝတ်ခဏအတွင်း စိုရွှဲသွား၏။

"သွေးတွေ အရမ်းထွက်နေတယ်"

"ဒီအတိုင်းစည်းလို့ မရဘူး . . အဝတ်စကို ဒဏ်ရာအပေါက်ထဲ ထိုးထည့်"

ဖြူဖြူက စိုးလှမ်းပေးသော ပုဆိုးတစ်ထည်ကို ဆုတ်သည်။ အဝတ်စတစ်စကို အောင်ခက်၏သေနတ်ဒဏ်ရာအပေါက်ထဲသို့ ထိုးထည့်ပြီး အပေါ်မှ အရက်လောင်းချကာ ပတ်တီးစည်းပေးသည်။

ဖြူဖြူက ထွန်းမောင်အား ဖျတ်ခနဲလှမ်းကြည့်ပြီး တခဏအတွင်း သွေးတွေရွှဲရွှဲစိုသွားသည့် ပတ်တီးစကို ပြ သည်။ ထွန်းမောင်က အောင်ခက်၏မျက်နှာကို စိုးရိမ်ဟန်ဖြင့် ကြည့်လိုက်၏။

"ထွန်း . . ထွန်းမောင်"

"ငြိမ်ငြိမ်လေးနေ . . အောင်ခက် စကားမပြောနဲ့





ခဏနေရင် မင်းဒဏ်ရာ သက်သာလာလိမ့်မယ်"

"ငါ . . ငါ . . ငါ"

အောင်ခက်၏ဒဏ်ရာမှ ထွက်နေသည့် သွေးတွေက မတိတ်။ တခဏအတွင်းမှာပင် ပတ်တီးစည်းထားသည့် ပုဆိုးစ အောင်ခက်ဘက်သို့တိုင် စီးကျအိုင်ထွန်းလာသည်။ သွေးတွေအဆက်မပြတ် ထွက်နေသည်နှင့်အမျှ အောင်ခက်၏ မျက်နှာမှာ တဖြည်းဖြည်းဖြူဖျော့လာသည်။

"ဖွဲ . . ဖွဲ . . ဖွဲ"

"ကျွန်တော် ရှိပါတယ် . . ကိုအောင်ခက် စကားမပြောနဲ့ဗျာ"

"ငါ . . ငါ . . ငါ စိတ် . . စိတ်"

အောင်ခက် ဇက်ကျိုးကျသွားသည်။

"အောင်ခက် . . အောင်ခက် . . အောင်ခက်"

ထွန်းမောင်က ငြိမ်ကျသွားသည့် အောင်ခက်၏ ကိုယ်ကို ကိုင်လှုပ်သည်။ အောင်ခက်၏လက်တစ်ဖက်ကို ကိုင်ထားသည့် စိုးမှာ ထိတ်လန့်တုန်လှုပ်သွားဟန်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဝိုင်းကြီးများဖြင့် အောင်ခက်အား ကြည့်နေသည်။

ဇွဲသည် အောင်ခက်၏မျက်နှာကို လှမ်းကြည့်ပြီးနောက် ထွန်းမောင်၏ပခုံးကို အသာအယာပုတ်လိုက်သည်။ ထွန်းမောင်က မေးခွန်းထုတ်ဟန်ဖြင့် ဇွဲကိုကြည့်လာ၏။

"သူ အသက်မရှိတော့ဘူး"

"ဘာ"

"သူသေသွားပြီဗျ"

ထွန်းမောင်၏မျက်နှာတွင် ထိတ်လန့်တုန်လှုပ်ဟန်များ ဖျပ်ခနဲထင်သွားသည်။ သူက အောင်ခက်၏ကိုယ်ကို လက်ဖြင့်စမ်းသည်။ အသက်ရှူသံကို နားထောင်သည်။ ပြီးမှ ခေါင်းကိုခပ်လေးလေးကြီး ခါလိုက်သည်။

"သူ . . သူ တကယ် သေသွားပြီလားဟင်"

စိုး၏တုန်တုန်ရီရီမေးလိုက်သံကို ကြားရသည်။ ဇွဲက ခေါင်းကိုညိတ်ပြလိုက်၏။ ခေါင်းညိတ်ရင်း အောင်ခက်၏နောက်ဆုံးပြောသွားသည့် စကားကို စဉ်းစားသည်။

"သူသေသွားပြီဆိုတော့ ဒီအတိုင်း ထားခဲ့လို့မဖြစ်





ဘူး . . မြေမြှုပ်ရမယ် . . စိုး ကားပေါ်မှာ ပေါက်တူးရှိတယ် . . သွားယူခဲ့"

စိုးနေရာမှ ထထွက်သွားသည်။ ထိတ်လန့်တုန်လှုပ်ခြင်းကြောင့် သူ့တစ်ကိုယ်လုံး ယိမ်းယိုင်နေသည်ကို တွေ့ရ၏။ သူက ကားပေါ်ရှိ နှစ်မျိုးသုံးပေါက်တူးကို ယူလာခဲ့သည်။ ထွန်းမောင်က မြေပျော့သည့်နေရာကိုရှာပြီး ပေါက်တူးဖြင့် တွင်းတူးသည်။

ဇွဲက အောင်ခက်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ဂျာကင်အိတ်ကို နှိုက်ကြည့်သည်။ အိတ်ထဲမှ ပိုက်ဆံအိတ်၊ ကားလိုင်စင်တို့ ထွက်လာသည်။ အတွင်းအိတ်တွင် စာအိတ်တစ်အိတ် ရှိနေသည်ကို တွေ့ရသဖြင့် နှိုက်ယူဆွဲထုတ်လိုက်သည်။

စာအိတ်အတွင်း၌ ဓာတ်ပုံနဂ္ဂတစ်များကို ထည့်ထားသည်။ ဇွဲက ပုံတွေကိုကြည့်ပြီး မီးပုံထဲသို့ ပစ်ထည့်လိုက်သည်။

"မင်း ဘာလုပ်နေတာလဲ ဇွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ခက် သိမ်းထားတဲ့ ကျွန်တော်တို့ပုံ နဂ္ဂ တစ်တွေကို ဖျက်ဆီးပစ်လိုက်တာပါ"

ထွန်းမောင် ဆတ်ခနဲဖြစ်သွားသည်။ တွင်းတူးနေရာမှ ဆတ်ခနဲလှမ်းကြည့်လာသည်။

"မင်းက တစ်ခါထဲ အပြတ်လုပ်နေပြီပေါ့ . . ဟုတ်လား"

"ကိုယ့်အတွက် အန္တရာယ်ကိုရှင်းတာလေဗျာ . . ဒါကတော့ လုပ်ရမှာပေါ့ . . ခင်ဗျား ခဏနားလိုက်၊ ကျွန်တော် တွင်းဆက်တူးမယ်"

ထွန်းမောင်က သူ့လက်ထဲမှ ပေါက်တူးကို ဇွဲအား လှမ်းပေးသည်။ ဇွဲက ထွန်းမောင်တူးထားသည့် နေရာတွင် တွင်းတစ်တွင်းဖြစ်လာအောင် ဆက်တူးသည်။ တခဏအကြာတွင် တွင်းမတိမ်မနက်တစ်ခုကို တူးမိသွား၏။

"ဒါလောက်ဆိုရင်တော့ သူ့ကိုမြှုပ်လို့ရပြီ တွင်းအပေါ်ကနေ ချောင်းစပ်က ကျောက်တုံးတွေသယ်လာပြီး ထပ်ဖို့တာပေါ့"





ထွန်းမောင်၊ စိုးနှင့် ဇွဲတို့က အောင်ခက်အလောင်းကို တွင်းထဲသို့ချပြီး မြေဖို့သည်။ မြေဖို့ပြီးသည်နှင့် ချောင်းစပ်မှ ကျောက်တုံးကျောက်ခဲများကို သယ်ပြီး မြေပုံပေါ်သို့ တင်ဖို့သည်။

အောင်ခက်အား မြေမြှုပ်ပြီးသည့်အခါ ထွန်းမောင်တို့မှာ ခြေကုန်လက်ပန်းကျသွားသည်။ ဇွဲက ထွန်းမောင်နှင့်စိုးတို့ကို ရေချိုးရန် အကြံပြုလိုက်သည်။ ထွန်းမောင်က ခေါင်းညိတ်ပြပြီး ရေဆင်းချိုးသည်။ စိုးကလည်း ထွန်းမောင်နှင့်အတူ လိုက်၏။

ဇွဲမှာ မြေကျင်းထဲတွင် လဲလျောင်းနေရပြီဖြစ်သော အောင်ခက်ကိုကြည့်ရင်း ကျန်ရစ်ခဲ့၏။

ကြီးပွားလို ချမ်းသာလိုသော အောင်ခက် ပြည့်စုံလိုပေါများလိုသော အောင်ခက်တစ်ယောက် သူလိုချင်သည့် ရတနာတွေကို မပိုင်ဆိုင်နိုင်တော့ . . ဖြစ်ချင်တိုင်း မဖြစ်ရတာတပါလားဟု တွေးရင်း ဇွဲ၏ရင်မှာ တမြေ့မြေ့နာလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲတွင် ပူနေသည်။ နေဆယ်စင်းအပြိုင် ထွန်းနေသလားဟု ထင်ရ၏။ လည်ချောင်းတစ်လျှောက် ခြောက်သွေ့ကာ ရေငတ်သည့်ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရသည်။

ခေါင်းမထူချင်လောက်အောင် မူးနောက်ရီဝေနေသည်။ နားထင်တစ်လျှောက် သွေးတဒိတ်ဒိတ် တိုးနေသံကို ကျယ်လောင်စွာ ကြားရသည်။

ကျောအောက်မှ အထိအတွေ့က ကြမ်းတမ်းလှ





သည်ကို သတိပြုမိ၏။ လက်တစ်ဖက်ဖြင့် ကျောချထား သည့်နေရာကို စမ်းကြည့်သည်။ မြေသားမာမာကို စမ်းမိ၏။

နားထဲတွင် မည်သည့်အသံကိုမှ မကြားရ။ အသံဗလံတွေ ဆိတ်သုန်းနေသည်။ အကြားအာရုံချို့ယွင်းနေပြီလားဟု စိတ်က သံသယဖြစ်မိသည်။

မျက်လုံးအစုံကို ဖြည်းညှင်းစွာဖွင့်ကြည့်လိုက်သည်။ စူးရှလင်းလက်သော အလင်းရောင်ဒဏ်ကို မခံနိုင်၊ မျက်လုံးအစုံကို ကပျာကယာပြန်ပိတ်သည်။ ဦးခေါင်းတစ်ခုလုံး ပေါက်ကွဲတော့မည့်နှယ် ကိုက်ခဲနာကျင်သည့် ဝေဒနာကို ခံစားလာရသည်။

"ငါ ဘာဖြစ်နေတာလဲ . . ငါဘယ်ကိုရောက်နေတာလဲ"

ကိုယ့်ကိုကိုယ် ပြန်မေးမိသည့် မေးခွန်းတွေကို ခေါင်းထဲတွင် အစီအရီပေါ်လာသည်။ အဖြေကို စဉ်းစား၍ ဖရ၊ စဉ်းစားလိုက်သည်နှင့် ဦးခေါင်းထဲတွင် နာကျင်သည့် ဝေဒနာ ပိုလာသလိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုလျှော့ဖြေပြီး ငြိမ်နေလိုက်သည်။ ကြိုးစား၍ ခဏစိတ်ငြိမ်သွားသော်လည်း တခဏအတွင်းမှာပင် ငြိမ်သက်နေသည့် စိတ်တွေ ပြန်လည်လှုပ်ရှားလာသည်။ အခြေအနေကို စိတ်နှင့် ကိုယ့်ကိုကိုယ် မေးခွန်းတွေ ပြန်ထုတ်မိသည်။

တိုးတိတ်သောအသံတစ်သံကို ကြားရသည်။ ဝေးလံသောအရပ်မှ လွင့်ပျံလာသည့်အသံဟု ထင်မိ၏။ အသံကို ကြားနေရသော်လည်း မည်သည့်အသံဟု ခွဲခြား၍မရ။

မျက်လုံးအစုံကို ဖြည်းညင်းစွာပြန်ဖွင့်သည်။ စူးခနဲ လင်းသွားသောအလင်းက ဦးနှောက်ထဲသို့တိုင် ထိုးဖောက်ဝင်ရောက်သလို ခံစားရ၏။ မျက်လုံးအစုံကို ပြန်မမှိတ်ဘဲ အံကြိတ်အားတင်းပြီး ဖွင့်ထားသည်။ စူးရှသောအလင်းဒဏ်ကို တဖြည်းဖြည်းခံနိုင်လာသည်။

ပြာလွင်သော ကောင်းကင်ကို စတွေ့ရသည်။ မျက်လုံးကို တစ်ချက်ဝေ့ကြည့်စဉ် တောင်ကုန်းမြင့်မြင့်ကိုလည်းကောင်း၊ တောစိမ်းစိမ်းကို လည်းကောင်း တွေ့ရ၏။





"ငါ ဘယ်ကိုရောက်နေတာလဲ"

ကိုယ့်ကိုကိုယ် ပြန်မေးရင်း ပက်လက်လှဲနေရာမှ ခေါင်းထူပြီးထလိုက်သည်။ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွား၏။ မြင်ကွင်းတစ်ခုလုံး ဝေဝါးအောင် မျက်လုံးအစုံတို့ ပြာဝေသွားသည်။ တဆက်တည်းပင် သူ၏ခန္ဓာကိုယ်သည် နက်ရှိုင်းသော ချောက်တစ်ခုအတွင်းသို့ တစ်ရှိန်ထိုးကျနေသလို ခံစားရသည်။

ပိန်းပိတ်သော အမှောင်ထဲမှ ရုန်းထွက်ရန် အားကုန်ထုတ်ပြီးကြိုးစားသည်။ ထိုသို့ကြိုးစားမိမှ သူ၏ခန္ဓာကိုယ်သည် အမှောင်ဆုံးဖြစ်သော ချောက်နက်နက်ကြီးထဲသို့ ပို၍ အရှိန်ပြင်းစွာ ထိုးကျသည်။

မှီစရာ တွယ်စရာမရှိ။ လက်ကိုင်ဖမ်းစရာ ရှာ၍မရ။ သူ၏ခန္ဓာကိုယ်မှာ နက်ရှိုင်းသော ပိန်းပိတ်သော အမှောင်ထဲတွင် စုံးစုံးနစ်မြုပ်သွားရလေသည်။

မှုန်းကျပ်ပိတ်ဆို့သော အမှောင်ထဲတွင် နစ်နေရာမှ သူ၏ခန္ဓာကိုယ် လေထဲသို့လွင့်တက်ကာ လေနှင်ရာသို့



www.burmeseclassic.com

www.burmeseclassic.com



တငြိမ့်ငြိမ့်ပါနေသလို စိတ်က ထင်မိသည်။

သိမ်မွေ့သောအသံတစ်သံ နားစည်ကို ညင်သာစွာ လာရောက်ရိုက်ခတ်သည်။ အဝေးမှ လွင့်လာသည့်ပမာ အသံက တိုးလှ၏။ သို့သော် ထိုအသံက အဆက်မပြတ် ပေါ်ထွက်နေပြီး တစ်စထက်တစ်စ နီးကပ်လာသည်။ တခဏအကြာတွင် ပီသရှင်းလင်းသော ခေါ်သံကိုကြားရ၏။

"ဦးနေရော် . . ဦးနေရော်"

တုံ့ပြန်ထူးချင် နေမိ၏။ နာကျင်ဆို့ကျပ်နေသော လည်ချောင်းမှ အသံမထွက်နိုင်ဘဲ ရှိနေသည်။ အသက်မှန်မှန်ရှူရင်း ဘာကိုမှ မကြိုးစားဘဲ နေလိုက်သည်။

မှုးနောက်နောက်ရီဝေဝေ ခံစားနေရဆဲ ဖြစ်သော်လည်း သူသည် နွေးထွေးသော ပျော့ပြောင်းသော အိပ်ရာတစ်ခုပေါ်တွင် လဲလျောင်းနေကြောင်း သတိပြုမိလာသည်။

"ဦးနေရော် . . ဦးနေရော်"

ပီသသောခေါ်သံကို ကြားရပြန်သည်။ မေးမိုတ်





ထားသည့် မျက်လုံးအစုံကို ဖြည်းညင်းစွာဖွင့်ကြည့်လိုက်၏။ အလင်းစူးစူးကို မခံစားရ . . မြင်ကွင်းက ဝေဝါးနေသည်။ သူ့ပတ်ဝန်းကျင်တွင် နှင်းတွေဖြူတွေ ပိတ်ဆည်းဆိုင်းဆို့နေသလို စိတ်က ထင်မိရသည်။

"ရှင် . . သတိရပြီနော် . . ဦးနေရော်"

ခေါင်းကို အသာဆတ်ပြလိုက်သည်။ လှုပ်ရှားမှုကြောင့် ဦးခေါင်းတစ်ခုလုံး မခံရပ်နိုင်အောင် ကိုက်ခဲသွား၏။ ရင်ထဲတွင် ပူလောင်နေသည်ကိုလည်းကောင်း၊ ရေအလွန်အမင်း ငတ်နေသည်ကိုလည်းကောင်း ဆင်ခြင်မိသွားသည်။

"ရေ . . ရေ"

ပထမဆုံးအကြိမ်အဖြစ် သူ့နှုတ်မှ စကားသံပေါ်ထွက်လာသည်။ သူ့စကားသံအဆုံးတွင် အေးမြသောရေစက်ရေပေါက်တို့ ခြောက်သွေ့နေသော နှုတ်ခမ်းပေါ်သို့ကျလာသည်။ သူက အေးမြသော ရေစက်များကို လျှာဖြင့် အငန်းမရ သိမ်းလျက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်နေသော ရင်ထဲတွင် တဖြည်းဖြည်း အေးလာသည်။ လည်ချောင်းတစ်လျှောက်တွင် နာကျင်ခြောက်သွေ့နေသည်တို့ ပြေငြိမ်းသက်သာ သွားသလိုရှိ၏။

"ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေး နေပါနော် . . ဦးနေရော်၊ ရှင် ဒဏ်ရာရပြီး သွေးထွက်တော်တော်များထားတယ်၊ သွေးသွင်းထား ဂလူးကို့သွင်းထားလို့ မကြာခင် မူးနောက်နောက်ဖြစ်နေတာတွေ ပျောက်သွားပါလိမ့်မယ်"

ထမီအပြာဝတ် သူနာပြုဆရာမအား ကြည့်ရင်းမှ ဦးနေရော်က အသာအယာပြုံးပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာမ"

သူနာပြုဆရာမက ခေါင်းကိုမသိမသာ ညိတ်ပြပြီး အနားမှ ခွာထွက်သွားသည်။ ထွက်သွားသည့် သူနာပြုဆရာမကိုကြည့်ရင်း မေးခွန်းပေါင်းများစွာ ဦးနေရော်၏ခေါင်းထဲသို့တိုးဝင်လာသည်။ သူက ပင့်သက်ရှိုက်ရင်း ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ပြီးကြည့်သည်။

ဖြူဖွေးသောနံရံ မျက်နှာကျက်တို့ကို တွေ့ရသည်။





သန့်ရှင်းသပ်ရပ်သော အခန်းကျဉ်းလေးတစ်ခန်းထဲသို့ ရောက်နေကြောင်း သတိပြုမိ၏။ အခန်းထဲတွင် သူ့ခုတင်တစ်လုံးသာရှိပြီး ခေါင်းရင်းတွင် ဂလူးကို့စ်ပုလင်းတစ်လုံးကို ပိုက်တန်းလန်းနှင့် ချိတ်ဆွဲလျက်သား တွေ့ရသည်။

"ဒါဆေးရုံပဲ . . ငါ ဆေးရုံတစ်ရုံကို ရောက်နေတာပဲ"

အခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်ရင်းမှ သိလာသည်။ ဆေးရုံကို ရောက်နေပါလားဆိုသည့်အသိနှင့်အတူ ပြီးခဲ့သည့်အဖြစ်အပျက်များ တစ်ခုချင်းပြန်လည်မှတ်မိလာသည်။

"ငါ . . စားပြဲအတိုက်ခံရတာ . . ငါ့ . . ငါ့ရတနာတွေ"

ရုတ်တရက် ပေါ်လာသည့်အတွေးကြောင့် ဦးနေရော့် ရင်တထိတ်ထိတ်ခုန်သွားသည်။ သိန်းပေါင်းများစွာတန်ဖိုးရှိသော ရတနာသေတ္တာအကြောင်း စဉ်းစားရင်းမှ စိုးရိမ်ပူပန်မှုများမတတ် ခံစားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားသံသဲ့သဲ့နှင့်အတူ အခန်းထဲသို့ ပြန်လာသော သူနာပြုဆရာမကို တွေ့ရသည်။ သူနာပြုဆရာမနှင့်အတူ ဦးနေရော် ရင်းရင်းနှီးနှီးသိနေသော ဒေါက်တာမင်းသူ လိုက်ပါလာသည်ကို တွေ့ရ၏။

"အိုကေတယ် . . မဟုတ်လား ဦးနေရော် . . ခေါင်းတွေကိုက်နေသေးသလား"

"မကိုက်တော့ပါဘူး . . ဒေါက်တာ ဒါ မိုးကုတ်နော် . . ကျွန်တော် မိုးကုတ်ဆေးရုံကို ပြန်ရောက်နေတာလား ဒေါက်တာ"

"ဟုတ်တယ် . . ဦးနေရော် . . ခင်ဗျားဒဏ်ရာရ လဲနေတာကို မန္တလေးကလာတဲ့သူတွေ တွေ့လို့ ကားနဲ့တင် ခေါ်လာတာ၊ ခင်ဗျားဒဏ်ရာက သိပ်မများပါဘူး . . သေနတ်ရှပ်မှန်တာလောက်ပဲ ရှိပါတယ်။ သေနတ်မှန်ပြီး လဲကျသွားတုံးက ကတ္တရာလမ်းကို ခေါင်းနဲ့ဆောင့်မိပြီး ခင်ဗျား သတိလစ်သွားတာ ဖြစ်ရမယ်"

"ကျွန်တော် မန္တလေးကိုအသွား စားပြအတိုက်ခံ





တာ၊ ကျွန်တော့် ဒရိုင်ဘာကော ဘာဖြစ်သွားသလဲ ဒေါက်တာ"

"မန္တလေးက လာတဲ့ကား ခင်ဗျားကို လာပို့သွားတာ . . သူတို့က ခင်ဗျားကို ဆုတောင်းပြည့်စေတီအောက်ဘက် တံတားဖြူနားမှာ လဲနေတာတွေ့လို့ခေါ်လာတာလို့ပဲ ပြောတယ် . . ခင်ဗျားအပြင် နောက်ဘယ်သူမှ မပါဘူး နောက်တစ်ယောက်နဲ့ပတ်သက်လို့လည်း သူတို့ဘာမှ မပြောဘူး"

"မာဒင် ဘာဖြစ်သွားသလဲ မသိဘူး၊ ရဲကိုအကြောင်းကြားမှပဲ ဒေါက်တာ တဆိတ်လောက်ကူညီပါ"

"အကြောင်းကြားပြီးလို့ ဒုရဲအုပ် ကိုသိန်းတန်တောင် ရောက်နေပါပြီ"

ဒေါက်တာမင်းသူက ဦးနေရော်အား စမ်းသပ်စစ်ဆေးသည်။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဦးနေရော်ကို ပြုံးပြသည်။

"ခင်ဗျားအခြေအနေက ကျွန်တော်တို့မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ထားတာထက်တောင် ပိုကောင်းပါတယ်၊ သက်တောင့်သက်သာ နေဗျာ . . ကျွန်တော် ကိုသိန်းတန်ကို လွှတ်လိုက်မယ်"

ဒေါက်တာမင်းသူက သူနာပြုဆရာမနှင့်အတူ အခန်းထဲမှ ထွက်သွားသည်။ ဦးနေရော်မှာ အပြင်မှဝင်လာမည့် ဒုရဲအုပ်ကိုသိန်းတန်ကို မျှော်လင့်စိတ်စောစွာ စောင့်နေလေသည်။

. . .

အပြင်ဘက်မှ ခြေသံများကိုကြားရသည်။ ဒုရဲအုပ်ကိုသိန်းတန်နှင့် အရပ်မြင့်မြင့် ရုပ်ချောချော ကြံ့ခိုင်တောင့်တင်းသည့် ကိုယ်နေဟန်ရှိသူတစ်ယောက် ပါလာသည်။

"ဦးနေရော် အိုကေတယ်နော် . . ကျွန်တော်သတင်းကြားကြားချင်း ရောက်နေတာ . . ဒေါက်တာမင်းသူက ဝင်ခွင့်မပေးလို့ . . ဟောဒီမှာ ရန်ကုန်က စဝ်ရန်နိုင်လည်းရောက်နေလို့ ခေါ်လာခဲ့တယ်"

ဦးနေရော်က အရပ်မြင့်မြင့် ရုပ်ချောချောနှင့်လူကိုဖျတ်ခနဲလှမ်းကြည့်သည်။





"စဝ်ရန်နိုင် . . ဟုတ်လား"

"ဟုတ်ပါတယ် . . ဦးနေရော် . . ကျွန်တော် ရန်နိုင်ပါ"

"နာမည်ကြားဖူးနေတာ ကြာပြီ . . ခုမှပဲ လူကိုမြင်ဖူးတော့တယ်၊ မိုးကုတ်ကို အလည်လာတာလား မောင်ရန်နိုင်"

"အမှုလိုက်ရင်း လာတာပါ ဦးနေရော် . . မနက်က ရန်ကုန်ကို ဆင်းအသွားမှာ အခုလိုဖြစ်တယ်ဆိုတာ သိထားရတယ် . . ဒီကိစ္စဟာ ကျွန်တော်လိုက်နေတဲ့အမှုနဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ ယူဆရလို့ ကိုသိန်းတန်နဲ့အတူ လိုက်လာတာပါ၊ အဖြစ်အပျက်ကို ကျေးဇူးပြုပြီး ပြောပြပါ အန်ကယ်"

"ပြောမှာပါ . . မကြာခင် . . အန်ကယ် သိချင်တာလေးတစ်ခုကို မေးပါရစေ . . တစ်ခြားမဟုတ်ပါဘူး အန်ကယ် ဒရိုင်ဘာအကြောင်းပါ . . ရန်ကုန်ကို ဆင်းတော့ သူ အန်ကယ်နဲ့အတူ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်ကို ဆေးရုံလာပို့တဲ့လူတွေနဲ့ ကျွန်တော်တွေ့ပြီးပါပြီ . . သူတို့က လမ်းပေါ်မှာ ဒဏ်ရာနဲ့လဲနေတာတွေ့လို့ ခေါ်လာတာ လမ်းပေါ်မှာ အန်ကယ်တစ်ယောက်ထဲကိုပဲ တွေ့တယ်တဲ့"

ဦးနေရော် မျက်မှောင်ကြုံ့လိုက်သည်။

"ဒါဆို အန်ကယ့်ကားနဲ့ ဒရိုင်ဘာကော"

"အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စုံစမ်းကြည့်ပါ့မယ် . . အခု ကန်ကယ်တွေကြုံခဲ့တာတွေကို ပြောပြပါဦး"

ဦးနေရော် သက်ပြင်းချလိုက်၏။ မေးခွန်းထပ်မမေးတော့ဘဲ မိုးကုတ်မှအဆင်းလမ်းတွင် သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကိုပြောပြသည်။

"ဒီမနက် မန္တလေးကိုဆင်းတော့ ခရီးသွားလုပ်ငန်းကျအတိုင်း ဆုတောင်းပြည့်စေတီကို ဝင်ဖူးပါတယ်၊ အဲဒီကနေ တံတားဖြူကွေ့နားကိုရောက်တော့ လမ်းပေါ်မှာ မိန်းကလေးတစ်ယောက် လဲနေတာတွေ့ပြီး ဆင်းကြည့်ရာက





သေနတ်နဲ့ အပစ်ခံရတာပဲ"

"မိန်းကလေးတစ်ယောက်လဲနေတယ် . . ဟုတ်လား အန်ကယ်"

"ဟုတ်တယ် . . ဒီမိန်းကလေးဟာ မိုးကုတ်က အထွက် ကျူပ်ကားနောက်ကို ဂျစ်ကားနဲ့လိုက်လာတယ်၊ ကားမောင်းတော်တော်ကျွမ်းတဲ့ မိန်းကလေး . . သူ့ခရီးသူသွားတာလို့ ပြောနိုင်ပေမယ့် အန်ကယ်က ရတနာတွေပါလာတာဆိုတော့ မသင်္ကာတဲ့စာရင်းထဲထည့်ပြီး သူ့ကိုသတိထားပြီး ကြည့်တယ် . . ဒီမိန်းကလေးရဲ့ကား တံတားနဲ့တိုက်မိပြီး ကားက တံတားအောက်ထဲကျ . . လူက လမ်းပေါ်လဲကျနေတာတွေ့တော့ သင်္ကာမကင်းဖြစ်တဲ့ကြားကပဲ အန်ကယ်ဆင်းကြည့်တယ် . . လိုရမယ်ရ သေနတ်ကိုထုတ်ကိုင်ပြီး မိန်းကလေးအနားကို ကပ်သွားချိန်မှာ တံတားအပေါ်ဘက် တောင်ကုန်းပေါ်က လူရိပ်ကို တွေ့လိုက်တယ်။ အဲဒီနောက် အန်ကယ် သေနတ်နဲ့အပစ်ခံရတာပဲ"

"အဲဒီမိန်းကလေးရဲ့မျက်နှာကို အန်ကယ်မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သလား''

"သူက လမ်းပေါ်မှောက်ကျနေတာ မျက်နှာပေါ်မှာလည်း ဆံပင်တွေဖုံးနေတော့ မျက်နှာကို သေသေချာချာ မမြင်ရဘူး''

"အန်ကယ် ကားဘယ်နေရာမှာ ရပ်ပြီးမှ အန်ကယ် ကားပေါ်ကနေ ဆင်းလာတာလဲ''

"တံတားနဲ့ နည်းနည်းလှမ်းတယ် . . ကောင်မလေးကို မသက်ာတာနဲ့ မာဒင်ကိုတောင် မခိုင်းဘဲ အန်ကယ်ကိုယ်တိုင် ကားပေါ်က ဆင်းကြည့်တာ''

"အန်ကယ်ဆင်းကြည့်တော့ ဒရိုင်ဘာက ကားပေါ်မှာ ကျန်ခဲ့တာပေါ့''

"ဟုတ်တယ် . . မောင်ရန်နိုင်''

"အန်ကယ် အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်တာလား''

"ဟုတ်တယ် . . မောင်ရန်နိုင်၊ အန်ကယ့်ကားပေါ်မှာ သိန်းတော်တော်များများ တန်ဖိုးရှိတဲ့ ရတနာတွေ ပါလာ





တယ်၊ ရတနာတွေကို သေတ္တာတစ်လုံးနဲ့ထည့်ထားတာ၊ ဒီသေတ္တာက လျှို့ဝှက်နံပါတ်နဲ့ဖွင့်ရတဲ့ သေတ္တာ''

စဝ်ရန်နိုင်၏ မျက်နှာပေါ် အရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်။ သူက ဦးနေရော်အား စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး . . .

"အခုအတိုင်းဆိုရင် အန်ကယ့်ကားကော . . ဒရိုင်ဘာပါ ပျောက်နေတဲ့ သဘောပေါ့ . . လူဆိုးတွေက အန်ကယ့်ဒရိုင်ဘာကိုဖမ်းပြီး အန်ကယ့်ကားကို မောင်းယူသွားတာလား . . ဒါမှမဟုတ် အန်ကယ့်ဒရိုင်ဘာကိုယ်တိုင်က လူဆိုးတွေနဲ့ ပူးပေါင်းကြံစည်တာလားဆိုတာ အဓိက စဉ်းစားရမှာပဲ''

"ဘာပြောတယ် . . မောင်ရန်နိုင်၊ မင်းက မာဒင့်ကို လူဆိုးတွေနဲ့ ပေါင်းကြံတယ်လို့ ထင်နေတယ်ပေါ့ ဟုတ်လား''

"ဒါက စဉ်းစားစရာတစ်ခုပါ၊ ကျွန်တော်တို့ အန်ကယ် သတိရလာတာ ဆက်စောင့်ရင်း မေးမြန်းစုံစမ်းထား



www.burmeseclassic.com

www.burmeseclassic.com



တာတွေအရ အခုလိုတွေးတာပါ၊ အန်ကယ့်ကို ခေါ်လာတဲ့ လူတွေက ဒဏ်ရာနဲ့လဲနေတဲ့ အန်ကယ့်ခေါင်းကို ပုဆိုးစနဲ့စည်းထားပေးတာကို တွေ့ရတယ်လို့ပြောတယ် . . တာဝန်ခံဆရာဝန်ကလည်း အဲဒီအချက်ကို ထောက်ခံတယ်၊ ဒဏ်ရာရထားတဲ့ အန်ကယ့်ကို အဝတ်စည်းပေးသွားတယ်ဆိုကတည်းက အန်ကယ့်ကို မသေစေချင်ဘူးဆိုတာ ထင်ရှားပါတယ် . . ဒါဟာ သံယောဇဉ်မကင်းတဲ့ အပြုအမူမျိုးပဲ”

ဦးနေရော်၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။ သူက မျက်နှာကျက်ကို ငေးကြောင်ကြောင်နှင့်ကြည့်နေရာမှ သက်ပြင်းရှည်ကြီးတစ်ချက် ဆွဲဆွဲငင်ငင်နှင့်ချလိုက်သည်။

“အင်း . . ဒါကတော့ အခုကိစ္စထဲမှာ မာဒင်ပါနေတယ်လို့ အထက်ရောက်စရာပဲ၊ ဒီကောင်ဟာ အန်ကယ့်ဆီကို ငယ်စဉ်ကတည်းက ရောက်နေတာ . . အလုပ်ရှင် အလုပ်သမားလိုမဟုတ်ဘဲ အန်ကယ်နဲ့ညီအစ်ကိုလို နေကြတာ





သူဟာ အန်ကယ့်ကို သစ္စာဖောက်တဲ့ လူမျိုးမဟုတ်ဘူး”

“သူနဲ့ပတ်သက်လို့လည်း ကျွန်တော် စုံစမ်းထားပါတယ် . . နေဦး . . ကျွန်တော် သေချာအောင်ထပ်မေးပါရစေ . . အန်ကယ် ဆုတောင်းပြည့်စေတီကို တက်တုံးက ကားကို အောက်မှာထားခဲ့မှာပေါ့”

“ဟုတ်ပါတယ် . . မာဒင်က ကားပေါ်မှာကျန်ခဲ့ပါတယ်”

“အဲဒီအချိန်က အန်ကယ့်ကို လုပ်ကြံမယ်ဆိုရင် လုပ်ကြံလို့အကောင်းဆုံးပဲ . . တစ်ခုတော့ရှိတယ်၊ အဲဒီအချိန်မှာ လုပ်ကြံဖို့အတွက် လူဆိုးတွေဘက်မှာ မာဒင်ပါပါရမယ်၊ သူမပါရင် မလွယ်ဘူး . . အခု လူဆိုးတွေက တံတားဖြူကို ပွိုင့်အဖြစ် သတ်မှတ်ပြီး တိုက်ခိုက်တဲ့အလုပ်ကို လုပ်တယ်ဆိုတော့ ဒီကိစ္စထဲမှာ မာဒင် မပါဘူးလို့ယူဆရတယ်၊ ဒါပေမယ့် အခု သူကော ကားပါပျောက်နေတယ်ဆိုတော့”

“ဟူး . . အန်ကယ်တော့ မစဉ်းစားတတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ"

"ခေါင်းအနောက်ခံပြီး မစဉ်းစားပါနဲ့ အန်ကယ်. . စဉ်းစားတဲ့အလုပ် တရားခံရှာတဲ့အလုပ်ကို ကျွန်တော်တို့ လုပ်ပါမယ် . . အန်ကယ့်အနေနဲ့ ကျွန်တော်တို့ကို ကူညီပါ"

"ဟာ . . ဒါ အန်ကယ့်ကိစ္စပဲ၊ ကူညီတယ်မပြောပါနဲ့ . . အန်ကယ်က လိုအပ်တာမှန်သမျှ လုပ်ပေးရမှာပေါ့၊ အန်ကယ့်ပစ္စည်းတွေရဲ့တန်ဖိုးက သိန်းနှစ်ထောင်ကျော်တယ် . . မောင်ရန်နိုင်"

"စိတ်မပူပါနဲ့ . . အန်ကယ့်ပစ္စည်းတွေ ပြန်ရဖို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပါ၊ ဒါထက် . . အောင်ခက်ဆိုတဲ့လူကို အန်ကယ်သိသလား"

"အောင်ခက် . . ဟုတ်လား၊ အန်ကယ့်ဆီမှာ အောင်ခက်ဆိုတဲ့ အလုပ်သမားတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ မြေကွက်တွင်းမှာတော့ သူက အန်ကယ့်လူယုံပဲ . . နောက်ပိုင်း အကျင့်ပျက်လာတာနဲ့ အလုပ်ကနေ ထုတ်ပစ်လိုက်တယ်၊





အဲဒါကလည်း ကြာပါပြီ . . အခုကိစ္စမှာ အောင်ခက်ပါတယ်ထင်လို့လား"

"သံသယ ရှိတယ်ဆိုပါတော့ . . သူက အန်ကယ်နဲ့ အနီးကပ်နေဖူးတဲ့လူဆိုတော့ အန်ကယ့်အကြောင်းတွေ တော်တော်သိမှာပေါ့နော်"

"သိတယ် . . သိတယ် . . အန်ကယ်ကိုယ်တိုင်က ကိုယ့်အကျင့်ကို ကိုယ်သတိမထားမိတာတွေ ရှိတယ် . . အောင်ခက်က အဲဒါတွေကိုသိတယ် . . အန်ကယ်တစ်ချက်ကြည့်ရင် ဘာဆိုတာတောင် သိတဲ့ကောင်မျိုး"

ဦးနေရော်မှာ စကားအတော်များများ ပြောလိုက်သဖြင့် မောသွားဟန်ရှိသည်။ စဝ်ရန်နိုင်က သူ့အား သတိပေးလိုက်ဟန်ဖြင့် ကြည့်နေသော ဒုရဲအုပ်သိန်းတန်ကို ခေါင်းညိတ်ပြလိုက်ပြီး . . .

"အန်ကယ် စကားပြောတာ တော်တော်များသွားပြီ နားလိုက်ပါဦး . . မြန်မြန်နေကောင်းအောင်လည်း ကြိုးစားပါ . . ဒီအမှုကို အမြန်ဆုံးပေါ်အောင် ကျွန်တော် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားပါ့မယ်''

ဦးနေရော် ပြုံးသည်။

"မောင်ရန်နိုင်ကို အန်ကယ် စိတ်ချပါတယ် . . မင်း အကြောင်းကို တူမကြီး သဲနှင်းယ်ပြောပြထားလို့ အန်ကယ် သိထားပါတယ် . . ကြိုးစားပေးပါ . . မောင်ရန်နိုင်၊ မင်း ကြိုးစားရင် အောင်မြင်မယ်ဆိုတာ အန်ကယ် ယုံကြည်ပါ တယ်''

ဆန်း ကွန်ပျူတာစာစီ
၁၂၆ ၊ ၂၄ ရပ်ကွက်၊ မြို့တော်လမ်း၊ တောင်ဒဂုံ



အခန်း (၁၄)



www.burmeseclassic.com

www.burmeseclassic.com

လက်ပံလှတွင် ထမင်းစားပြီး ခရီးဆက်ထွက်သည်။

"ဖြူ"

ဗွဲက ခပ်တိုးတိုးခေါ်သည်။ ဖြူဖြူက ဖြည်းညင်းစွာ လှည့်ကြည့်လာ၏။ မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံဖြင့် ဗွဲအားကြည့်ရင်း အားနည်းဖျော့တော့စွာ ပြုံးပြသည်။

"အန္တရာယ်ကင်းတဲ့နေရာကို အမြန်ရောက်ချင်



ဇောနဲ့ ကားမောင်းနေရလို့ ကိုယ်မေ့သွားတယ် . . ရော့ဖြူ"

ဗွဲက အိတ်ထဲမှဆေးဗူးကိုထုတ်ပြီး ဖြူဖြူအားပေးသည်။ ဖြူဖြူက ဗူးထဲမှ ခေါင်းကိုက်ဆေးကို ထုတ်ယူပြီး ခေါင်းကိုက်သက်သာစေရန် ထုတ်ပြီးသောက်လိုက်သည်။

"သက်သာသွားမှာပါ . . ဖြူ"

"ကျေးဇူးပါပဲ . . ဗွဲရယ်"

ဘာဆေးသောက်တာလဲ ဟု . . . . .

ကားနောက်ခန်းတွင် စိုးနှင့်အတူ ထိုင်လိုက်လာသော ထွန်းမောင်၏ အမေးကြောင့် ဗွဲဆတ်ခနဲဖြစ်သွားသည်။

"သိရဲ့သားနဲ့ မေးနေတာ လေမကုန်သွားဘူးလားကိုထွန်းမောင် . . သူ့အတွက် ဒီခေါင်းကိုက်ပျောက်ဆေးရှိမှ . . "

"သေချာအောင်လို့ မေးတာပါ . . ငါတို့ အခုလာတဲ့လမ်းမှာ ကားတွေကို စစ်ဆေးနေတာ မင်းအတွေ့ဘဲ


www.burmeseclassic.com

www.burmeseclassic.com



လက်ပံလှတွင် ထမင်းစားပြီး ခရီးဆက်ထွက်သည်။

"ဖြူ"

ဖွဲ့က ခပ်တိုးတိုးခေါ်သည်။ ဖြူဖြူက ဖြည်းညင်းစွာ လှည့်ကြည့်လာ၏။ မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံဖြင့် ဖွဲ့အားကြည့်ရင်း အားနည်းဖျော့တော့စွာ ပြုံးပြသည်။

"အန္တရာယ်ကင်းတဲ့နေရာကို အမြန်ရောက်ချ





ဇောနဲ့ ကားမောင်းနေရလို့ ကိုယ်မေ့သွားတယ် .. ရော့ဖြူ"

ဖွဲ့က အိတ်ထဲမှဆေးဗူးကိုထုတ်ပြီး ဖြူဖြူအားပေးသည်။ ဖြူဖြူက ဗူးထဲမှ ခေါင်းကိုက်ဆေးကို ထုတ်ယူပြီး ခေါင်းကိုက်သက်သာစေရန် ထုတ်ပြီးသောက်လိုက်သည်။

"သက်သာသွားမှာပါ .. ဖြူ"

"ကျေးဇူးပါပဲ .. ဖွဲ့ရယ်"

ဘာဆေးသောက်တာလဲ ဟု .....

ကားနောက်ခန်းတွင် စိုးနှင့်အတူ ထိုင်လိုက်လာသော ထွန်းမောင်၏ အမေးကြောင့် ဖွဲ့ဆတ်ခနဲဖြစ်သွားသည်။

"သိရဲ့သားနဲ့ မေးနေတာ လေမကုန်သွားဘူးလား ကိုထွန်းမောင် .. သူ့အတွက် ဒီခေါင်းကိုက်ပျောက်ဆေးရှိမှ .."

"သေချာအောင်လို့ မေးတာပါ .. ငါတို့ အခုလာတဲ့လမ်းမှာ ကားတွေကို စစ်ဆေးနေတာ မင်းအတွေ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ဆန်ခိုးမမိ ဖွဲခိုးမိဖြစ်သွားမှာ စိုးလို့ပါကွာ ”

“ခင်ဗျားထင်ထားသလို မဟုတ်ပါဘူး . . ဖြူဖြူ ကခေါင်းကိုက်ရောဂါရှိတယ်လေ။ ဒါကြောင့် ခေါင်းကိုက်ပျောက်ဆေး သောက်နေရတာ”

“မင်းထမင်းဆိုင်ထဲမှာ ကြားခဲ့တယ်ဆိုတာကို ပြန်ပြောပါဦး”

ဒွဲကို ပြောနေရင်းမှ ထွန်းမောင်က စိုးအားလှည့်မေးသည်။ စိုးချောင်းတစ်ချက်ဟန့်လိုက်၏။

“တံတားဖြူကိစ္စ ရဲတွေသိနေပြီ . . သူတို့က ဦးနေရော်ရဲဒရိုင်ဘာ ဒီကိစ္စမှာ ပါတယ်လို့ ထင်နေကြတယ် ပါဂျဲရိုကားနဲ့မိန်းကလေးတစ်ယောက်ကို အမိကထားပြီး ရှာနေကြတယ် . . . ပါဂျဲရိုကားပေါ်မှာ အနဲဆုံးယောကျာ်းလေးယောက်နဲ့ မိန်းကလေးတစ်ယောက်ပါမယ်လို့ ထင်ကြေးပေးထားတယ်တဲ့ ဒီစကားကဘယ်လောက်မှန်မလဲဆိုတာတော့ ငါမသိဘူးနော် ထမင်းဆိုင်က စားပွဲထိုးလေး သူကြားတာကို ပြောပြတာ”





“ဒီစကားထက်ဝက်ဘဲ မှန်တယ် ထားဦး . . ရဲဘက်က ဒါလောက်မြန်မြန် သတင်းရပြီး လမ်းပိတ်ရှာနေတာ. . သိပ်မကောင်းဘူး ငါတို့ အခုလို သွားနေမဲ့အစား တနေရာရာမှာ ခိုနေဖို့လိုပြီ”

“တနေရာမှာ ခိုဖို့ဆိုတာ အစကတည်းက စီစဉ်ထားတာဘဲ မင်းက အောင်ခက်စီစဉ်ထားတာကို ပြောင်းချင်လို့လား ထွန်းမောင်”

“အခြေအနေအရ အစီအစဉ် ပြောင်းသင့်ရင်ပြောင်းရမှာပေါ့ ခုချိန်ထိတော့ ငါကအစီအစဉ် ပြောင်းဖို့ကို မစဉ်းစားသေးပါဘူး . . ပထမဆုံး ပြင်ဦးလွင်ကို ရောက်အောင်သွားမယ် . . တည်းခိုခန်းတစ်ခုမှာ လူခွဲပြီးတည်းမယ် . . ဒီလိုတည်းနေတုံး စိုးကသေတ္တာကိုရအောင်ဖွင့်ပြီးရင် ကိုယ့်ဝေစု ကိုယ်ယူပြီး လစ်ကြပေါ့”

“သေတ္တာထဲက ရတနာတွေကို ခွဲယူကြမှာလား အဲဒါဆိုရင်တော့ ဘယ်လိုလုပ်ညီမျှ နိုင်တော့မှာလဲ”

“မင်းတော်တော် စကားများပါလားစိုး . . ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် မင်းမပူနဲ့ . . ငါညီမျှအောင် လုပ်ပေးမယ် . . တဆက်တည်းဘဲ ဇွဲနဲ့ဖြူဖြူကိုလဲ ပြောစရာရှိတာ ပြောထားရဦးမယ် . . အောင်ခက်ဆီက ဓါတ်ပုံတွေ ငါသိမ်းထားတယ် မင်းတို့ အောင်ခက်ကို သစ္စာရှိရမယ် . . ပစ္စည်းတွေခွဲပြီးတဲ့အခါကျရင် ငါက ဓါတ်ပုံရော နဂ္ဂတစ်တွေပါ . . မင်းတို့ကိုပေးမှာပါ"

ဇွဲ၏မျက်လုံးအစုံ အေးစက်ကျဉ်းမြောင်းသွားသည်။ သူက ကားနောက်ကြည့် မှန်ထဲမှတဆင့် မြင်နေရသော ထွန်းမောင်အား ခပ်စူးစူးကြည့်လိုက်သည်။ သူ့မျက်လုံးအကြည့်တွင် မကျေနပ်ဟန်တွေ ထင်ထင်ရှားရှားပါနေ၏။

"ကျွန်တော်တို့က ဒီကိစ္စထဲမှာ ဝင်ပါမိပြီးပြီ ရှောင်လို့မရတော့ဘူး . . ကိစ္စပြီးတဲ့အထိ ကျေနပ်လို့ဘဲဖြစ်ဖြစ် မကျေနပ်လို့ဘဲဖြစ်ဖြစ် လက်တွဲကြရမှာဘဲ . . . ဒီအခြေအနေမျိုးမှာ ခင်ဗျားခြိမ်းခြောက်စကား ပြောလာတာကိုတော့ ကျွန်တော်မကြိုက်ဘူး"





ဇွဲ၏စကားအဆုံးတွင် ထွန်းမောင်ရယ်လိုက်သည်။

"ငါက မင်းကျေနပ်တာ မကျေနပ်တာကို ဂရုစိုက်မယ်ထင်သလား . . ဒီမှာဇွဲ ထွန်းမောင်ဆိုတဲ့ကောင် ဒုစရိုက်လောကမှာ ကျင်လည်နေခဲ့တာကြာပြီ . . ငါကလိုအပ်လို့ မင်းတို့ကိုခြိမ်းခြောက်စကား ပြောတာ . . ဒါကို မင်းတို့ မကျေနပ်ရင်လဲ ငါဂရုမစိုက်ဘူး"

ဇွဲက ကားဘရိတ်ကို ဆောင့်နင်းပြီး လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ သူက အေးစက်စူးရှသောအကြည့်ဖြင့် ထွန်းမောင်အားကြည့်သည်။

"ခင်ဗျား စကားတွေကို ကျွန်တော်သဘောမကျဘူး ကိုထွန်းမောင် လုပ်ဖော်ကိုင်ဖက်ခြင်း စိန်ခေါ်တဲ့ပုံစံမျိုး ပြောလာတာကတော့ တရားလွန်သွားပြီ ထင်တယ်၊ ခင်ဗျားစကား ခင်ဗျားပြင်ချင်ပြင် မပြင်ရင်တော့ ဒီနေရာမှာပဲ လမ်းခွဲမယ် . . ခင်ဗျားလက်ထဲမှာ ဓာတ်ပုံတွေရှိနေတဲ့အတွက် လုပ်ချင်ရာကိုလုပ် . . ရင်ဆိုင်မယ်"

ပြတ်ပြတ်သားသား ပြောဆိုလိုက်သည့် ဇွဲ၏စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထွန်းမောင်မျက်နှာပျက်သွားသည်။ သူက ဖွဲကို တွေတွေကြီးကြည့်သည်။ ပြီးနောက် မရယ်ချင်ရယ်ချင်နှင့် ရယ်လိုက်၏။

"ငါက စိတ်ပူလို့ပြောတဲ့စကားအပေါ် မင်းဒါလောက်ပြင်းပြင်းထန်ထန် မတုံ့ပြန်သင့်ပါဘူး ဖွဲ . . တကယ်လို့ အောင်ခက်သာရှိနေရင် ငါအခုလို ပြောနေစရာ မလိုဘူး . . အခုလို ပူနေစရာလည်း မလိုဘူး .. အခုတော့ ငါက မနေချင်ဘဲနဲ့ အောင်ခက်နေရာမှာ ဝင်နေရတာ . . ဘယ်လောက်ဗျာများသလဲဆိုတာ ကိုယ်ချင်းစာနားလည်ကြည့်စမ်းပါ"

ထွန်းမောင်၏အသံနှင့် အမူအရာ ပြောင်းသွားသည်။ ဖွဲက အတိုက်အခံလုပ် ဆန့်ကျင်မနေတော့ဘဲ ကားကိုဂီယာပြောင်းပြီး မောင်းထွက်လိုက်တော့သည်။

. . .

တံတားဖြူအုတ်ပေါင်တွင် ပွဲ့ရာများရှိနေသည်။





ရေနုတ်မြောင်းအတွင်းရှိ မြက်များပိပြားနေ၏။ မြက်ခင်းပေါ်တွင် ဆီကွက်အစွန်းအထင်းများ ရှိနေသည်ကိုတွေ့ရသည်။

လမ်းဘေးတွင် သစ်သားချောင်းနှစ်ချောင်းကို တွေ့ရသည်။ စဝ်ရန်နိုင်က ထိုသစ်သားချောင်းနှစ်ချောင်းကို ယူကြည့်သည်။ ပြီး အောက်ဘက်သို့ဆင်းလိုက်၏။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် ချုံထူထူများ ရှိနေသည်။ ချုံတစ်ချုံနောက်တွင် စီးကရက်တိုအချို့ကို တွေ့ရ၏။

"ဒီနေရာမှာ လူတစ်ယောက် ရှိနေခဲ့တယ် ကိုသိန်းတန် . . ဟာ မကဘူး . . ဒီနားက မြက်တွေပိပြားနေတာကို ကြည့်ရင် လူနှစ်ယောက် ရှိနေခဲ့မယ်လို့ပြောနိုင်တယ်၊ အပေါ်ဘက်က သစ်ပင်ဆိုင်းကြိုးဖြတ်ချတဲ့လူက တစ်ယောက်၊ ဒီမှာက နှစ်ယောက်ဆိုတော့ သုံးယောက်ရှိပြီ"

စဝ်ရန်နိုင်က စကားပြောရင်း တံတားဖြူအထက်ဘက် တောင်ကုန်းသို့လှမ်းကြည့်သည်။ တောင်ကုန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



၌ ကျောက်တောင်စွန်းလေးတစ်ခု ထိုးထွက်နေသည်ကို တွေ့ရ၏။ ကျောက်တောင်စွန်းမှမြင်နိုင်လိမ့်မည်ဟု တွေးကာ စိတ်ဝင်စားသွား၏။

"ကိုသိန်းတန် . . ခင်ဗျားလူတွေကို ဒီတောင်ဘက်မှာ လျှောက်ကြည့်ခိုင်း . . ကျွန်တော် တောင်ပေါ်က ကြည့်လိုက်ဦးမယ်"

စဝ်ရန်နိုင်က တောင်ကုန်းလေးပေါ်သို့ ခြေလှမ်းသွက်သွက်လှမ်းပြီးတက်သည်။ တောင်ကုန်းပေါ်ရှိ ကျောက်တောင်တွင် စီးကရက်တိုလေးတစ်ခုကို တွေ့ရသည်။ ရိုင်ဖယ်ကျည်ဆန်ခွံတစ်ခု ကျနေသည်ကိုတွေ့ရသည်။

စဝ်ရန်နိုင်က စီးကရက်တိုနှင့် ကျည်ဆန်တို့ကို ကောက်ယူပြီး ပလတ်စတစ်အိတ် တစ်အိတ်ထဲထည့်သိမ်းကာ ကျောက်စွန်းအကွယ်မှ နေရာအောက်ဘက်သို့ ကြည့်သည်။

တံတားဖြူပတ်ဝန်းကျင်ကို အပေါ်စီးမှနေ မြင်ရသ





ဖြင့် ကျေနပ်သွားဟန် ခေါင်းညိတ်သည်။ တောင်ကုန်းပေါ်မှ နေရာအောက်သို့ ပြန်ဆင်းသည်။

"လူဆိုးတွေထဲက တစ်ယောက် ဒဏ်ရာ ရသွားတာရှိလိမ့်မယ် . . အောက်ဘက် စီးကရက်တိုတွေ့တဲ့ချုံရဲ့ ဘယ်ဘက်မြက်ခင်းပေါ်မှာ သွေးစက်တွေ တွေ့တယ် . . သွေးစက်တွေက ဦးနေရော် ဒဏ်ရာရပြီး လဲကျနေတဲ့နေရာထိ ရောက်တယ် . . အဲဒီနေရာမှာ ခြေရာတော်တော်များများ ရှိနေပြီး ဆုတ်ထားတဲ့ပုဆိုးစလည်း တွေ့ရတယ်၊ စဝ်ရန်နိုင်ကော အပေါ်မှာ ဘာတွေတွေ့ခဲ့သလဲ"

အောက်ဘက်သို့ဆင်းကာ လူဖြန့်ပြီး ရှာနေသော ရဲများထဲမှ အော်ဟစ်ခေါ်ဝေါ်သံကို ကြားရသည်။ စဝ်ရန်နိုင်နှင့် ကိုသိန်းတန်တို့ ထိုနေရာသို့ဆင်းခဲ့ကြသည်။

"ဘာတွေ့လို့လဲဟေ့"

"ကားတစ်စီးတွေ့တယ် . . ဆရာ၊ ကားဘီးရာတွေ့လို့ လိုက်ကြည့်ရင်း ချုံထဲထိုးပြီးရပ်ထားတဲ့ ကားကိုတွေ့ရတယ်၊ ကားပေါ်မှာ အလောင်းတစ်လောင်းတွေ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ကားက ဦးနေရော်ရဲ့ ပါဂျဲရိုးကားပဲ . . သေနေတဲ့လူက ဦးနေရော်ရဲ့ဒရိုင်ဘာ မာဒင်ပါ ဆရာ"

စဝ်ရန်နိုင်တို့က ပါဂျဲရိုးကားရပ်ထားရာသို့ ဝင်ကြည့်သည်။ မာဒင်၏အလောင်းမှာ ကားမောင်းသူနေရာတွင် မရှိဘဲ တစ်ဖက်ကိုရောက်နေ၏။ မာဒင့်ကိုယ်ကို ဖောက်ထွက်သွားသည့် ကျည်ထိပ်ဖူး ကားမောင်းသူ၏ထိုင်ခုံနောက်မှီသို့ ဖောက်ဝင်နေကြောင်း ကျည်ပေါက်ရာကို ကြည့်ပြီး သိလိုက်ရသည်။

"မာဒင်ဟာ ရိုင်ဖယ်သမားလက်ချက်နဲ့ သေတာပဲ လူဆိုးက ဒရိုင်ဘာထိုင်ခုံမှာထိုင်နေတဲ့ မာဒင်ကို ဘေးဖယ်ပြီး ကားကို ဒီအောက်ထဲ ရောက်အောင်မောင်းလာတာ ဖြစ်ရမယ်၊ ကားဘီးရာတွေကို ကြည့်ရင် ဒီအောက်ထဲဝင်လာတာ ပါဂျဲရိုးတစ်စီးထဲ မဟုတ်ဘူး . . နောက်ကားတစ်စီးပါရှိရမယ်"

"လူဆိုးတွေက သူတို့ကားကို ဒီအောက်ထဲမှာ လာဝှက်ထားတာဖြစ်မှာပေါ့ . . ကိစ္စပြီးတာနဲ့ အဲဒီကားနဲ့ ထွက်





တာဖြစ်မယ်"

စဝ်ရန်နိုင် တောတန်းထဲသို့ ဝင်လိုက်သည်။ ထိုအချိန်မှာပင် သူ့ဂျာကင်အိတ်ထဲရှိ မိုဘိုင်းဖုန်းအသံ မြည်လာသည်။ စဝ်ရန်နိုင်က ဖုံးကိုထုတ်ပြီး နားထောင်လိုက်သည်။

"ရန်နိုင်ပါ"

"ဆရာ . . ကျွန်တော် စိုးမြင့်ပါ . . လူဆိုးငါးယောက် ခိုသွားတဲ့အိမ်ကိုတွေ့ပြီ ဆရာ၊ အဲဒီအိမ်က ဦးနေရော်အိမ်အောက်ဘက်မှာ ရှိတယ် . . လောပန်း ရန်ကျားယောင်ရဲ့အိမ်ပါ . . ရန်ကျားယောင်က မန္တလေးမှာနေတယ်၊ ဒီကအိမ်မှာ အိမ်စောင့်လင်မယားဘဲ ရှိတယ်"

"လာခိုသွားတဲ့လူငါးယောက်ဟာ ဘယ်သူတွေလဲဆိုတာ သိရပြီလား"

"ဟုတ်ကဲ့ . . သိပါပြီ၊ သူတို့က လောပန်းရန်ကျားယောင်ရဲ့မိတ်ဆွေတွေမို့ အိမ်မှာ လက်ခံထားရတယ်လို့ အိမ်စောင့်ကြီးက ပြောတယ် . . သူတို့ငါးယောက် တစ်ယောက်နာမည် တစ်ယောက်ခေါ်တာကို မှတ်သားထားလို့



www.burmeseclassic.com

www.burmeseclassic.com



သိရတယ်တဲ့ . . ခေါင်းဆောင်က အောင်ခက် နောက်လူတွေက ထွန်းမောင်၊ စိုး၊ ဇွဲနဲ့ ဖြူဖြူဆိုတဲ့ မိန်းကလေးပဲ"

ဇွဲ၏နာမည်ကို ကြားလိုက်ရသဖြင့် စဝ်ရန်နိုင်၏ ရင်ထဲတွင် လေးလံသွားသည်။ တဖက်မှ ပြောစရာရှိသည်ကို ပြောပြီး ဖုန်းအဆက်အသွယ် ပြတ်သွားတာကိုပင် မသိလိုက်၊ စိတ်တွေ ရှုပ်ထွေးသွားရသည်။

စဝ်ရန်နိုင်က နာမည်တွေကို မှတ်ထားလိုက်ပြီး တောတန်းထဲမှ ထွက်သည်။ ထိုအချိန်တွင် အလောင်းရှိနေသောကားကို ဓာတ်ပုံရိုက်စစ်ဆေးလုပ်နေသည့် သိန်းတန်တို့ ကိစ္စပြီးသွားသည်ကို တွေ့ရ၏။

"ဒီမှာ လုပ်စရာရှိတာ လုပ်လို့ပြီးသွားပြီ စဝ်ရန်နိုင် ကျွန်တော်တို့ မိုးကုတ်ပြန်ရုံဘဲ . . ဦးနေရော်ရဲ့ကားကို ကျွန်တော့်လူတွေ ယူလာကြလိမ့်မယ်"

စဝ်ရန်နိုင် ခေါင်းညိတ်ပြလိုက်၏။

"ကျွန်တော့်ဆီကို အခုပဲ မိုးကုတ်က ဖုန်းလာတယ် ဓားပြတွေက ငါးယောက်တဲ့ . . သူတို့ခိုနေတဲ့နေရာကို





တွေ့ပြီ . . . သူတို့ လောပန်းရန်ကျားယောင်ရဲ့အိမ်မှာ တည်းခိုတာတဲ့"

"ရန်ကျားယောင်ရဲ့အိမ် . . ဒါဆို ဦးနေရော်ရဲ့အိမ်နဲ့ နီးနီးလေးပဲ၊ တံတားဖြူအောက်ထဲ ကျသွားတဲ့ ဂျစ်ကားပိုင်ရှင်နေတဲ့လမ်းပေါ့"

"ဟုတ်တယ် . . အဲဒီငါးယောက်က အောင်ခက်၊ ထွန်းမောင်၊ စိုး၊ ဇွဲနဲ့ ဖြူဖြူတဲ့ နာမည်တွေကို သိရတယ်"

"ဒါဆိုရင် ကျွန်တော်တို့ ထွက်ပြေးနေတဲ့လူဆိုးတွေနဲ့ နီးကပ်လာပြီဆိုရမှာပေါ့"

"မကြာခင် သူတို့ကို ဖမ်းမိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၅)



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးလမ်းအတိုင်း ကားကိုထိန်းသိမ်းမောင်းနှင်လာရင်းမှ ဇွဲက ထွန်းမောင်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"ကျွန်တော်တို့ ဘယ်ထိအောင် သွားကြမလဲ ကိုထွန်းမောင်"

"ဝက်ဝံအရှေ့ဘက်ပေါ့ . . လှည်းလမ်းဟောင်းတစ်ခုကနေ ငါတို့တောထဲကို ဝင်မယ် . . သုံးမိုင်လောက်အထဲဘက်ကို ဝင်လိုက်ရင် ရွာဟောင်းတစ်ခုကို ရောက်မယ်





အဲဒီမှာ ခိုပြီး သံမဏိသေတ္တာကိုဖွင့်တာပေါ့ . . ငါ့သဘောအတိုင်းဆို ပြင်ဦးလွင်မြို့ကတည်းက တည်းခိုခန်းမှာတည်းပြီး စိုးကို အပြင်မထွက်ဘဲ အလုပ်လုပ်ခိုင်းမယ်၊ မဖြစ်လို့ ဒီကိုထွက်လာရတာ စိတ်မပါဘူး"

"ကျွန်တော်လည်း အဲသလိုပဲ လုပ်ချင်နေတာပဲ၊ နာရီစင်နားမှာ ဖြူဖြူ့အစ်မ စဝ်ရန်နိုင်တို့ကို တွေ့လိုက်တော့ ကျွန်တော်တို့အတွက် သိပ်အန္တရာယ်များတဲ့ ပြင်ဦးလွင်မှာနေလို့ မဖြစ်ဘူးဆိုတာ တွေးမိတယ် . . ခင်ဗျားပဲ စဝ်ရန်နိုင်က ကျွန်တော်တို့နောက် လိုက်လာတာဖြစ်ချင်ဖြစ်မယ်ဆိုပြီး လုံခြုံတဲ့တစ်နေရာမှာ ခိုနေဖို့ သဘောတူခဲ့တယ် မဟုတ်လား"

ထွန်းမောင်က မုတ်ဆိတ်မွေးငုတ်တိုလေးများထွက်နေသော မေးဖျားကို လက်ဖြင့်ပွတ်ရင်းမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် . . ငါက မင်းကိုအပြစ်တင်နေတာမဟုတ်ပါဘူး . . ငါတို့က ပြဿနာနဲ့လူတွေလေ၊ စဝ်ရန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရှိနေတဲ့နေရာကို ရှောင်တာ အကောင်းဆုံးဘဲ"

ဇွဲက ထွန်းမောင်အား အတိုက်အခံ မပြောတော့ဘဲ ရှေ့တူရူသို့ စူးစိုက်ကြည့်ရင်း ကားကို ခပ်မြန်မြန်မောင်းခဲ့သည်။ ဝက်ဝံကို ကျော်လွန်ခဲ့ပြီး တခဏအကြာတွင် ထွန်းမောင်က ကားနောက်ခန်းမှနေ၍ ဇွဲပခုံးကို လှမ်းပုတ်သည်။

"ဟိုရှေ့ကလမ်းကို ဝင်မယ် . . ဇွဲ၊ ညာဘက်ခြမ်းနော် . . လမ်းဟောင်းရှိနေတာကို တွေ့တယ် မဟုတ်လား"

ဇွဲက နှုတ်မှမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ တံတားတစ်ခုအလွန်တွင်ရှိသော လှည်းလမ်းကြောင်းကို တွေ့သည်နှင့် ထိုလမ်းသို့ကားကိုမောင်းဝင်သည်။

လမ်းဟောင်းမှာ အစပိုင်းတွင် ပြေပြေညီညီရှိသော်လည်း မိုင်ဝက်ခန့်အတွင်းဘက်သို့ ဝင်ခဲ့ပြီးနောက် လမ်းဆိုးလာသည်။ အသွားအလာမရှိသဖြင့် ကောသွားသော လမ်းတွင် ကျင်းတွေချိုင့်တွေ ပြည့်နေသည်။

"လမ်းကလည်း ဆိုးလိုက်တာနော် . . တော်တော်





လိုသေးလား ကိုထွန်းမောင်"

ဖြူဖြူက နောက်သို့လှည့်ပြီး မေးသည်။

"သိပ်မလိုတော့ပါဘူး . . ရှေ့နားဆိုရောက်ပါပြီ ဒီနေရာမျိုးကမှ အန္တရာယ်ကင်းမှာမို့ ငါက ရွာဟောင်းကို ရွေးလိုက်တာ၊ အဲဒီမှာ ဘုန်းကြီးကျောင်းပျက်တစ်ကျောင်း ရှိတယ် . . ပျက်စီးနေပြီဆိုပေမယ့် နေလို့ရတဲ့ နေရာရှိပါသေးတယ်၊ ဒီဘက်ကို ဘယ်သူမှလာမှာ မဟုတ်လို့ ငါတို့အတွက် လုံခြုံစိတ်ချတဲ့နေရာတစ်ခုပဲ"

ချိုင့်တစ်ခုထဲ ကားဘီးကျသဖြင့် ကားတစ်စီးလုံး မြောက်ခနဲခုန်သွားသည်။ ကားနောက်ခန်းတွင် ထိုင်လိုက်လာသော ထွန်းမောင်နှင့် စိုးတို့နှစ်ယောက်၏ အော်သံတစ်ပြိုင်နက်တည်းလိုလို ပေါ်လာသည်။

"မင်းကွာ . . သတိထားပြီး ထိုင်ပါလား . . လမ်းဆိုးလို့ ကားဆောင့်တဲ့ဟာ ကိုင်မထားဘူး၊ ညစ်ပေစုတ်ပဲ့နေတဲ့ မင်းခေါင်းက မာလိုက်တာ . . စမ်းကြည့်စမ်း စိုး .. ငါ့ခေါင်း ဖူးရောင်သွားပြီလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရောင်ပါဘူး . . ခေါင်းချင်းဆောင့်မိအောင် ငါ တမင်လုပ်တာ မဟုတ်ပါဘူးကွ . . အပေါ်တန်းကိုကိုင် ထားရတာ လက်ညောင်းလို့ တစ်ချက်လွတ်မိတာနဲ့ ပြဿ နာပေါ်တာပဲ မင်းနာသလို ငါလည်းနာပါတယ်ကွ"

"တိတ်စမ်း . . စိုး . . ငါက နာလို့ပြောလိုက်တာ မင်း ငါ့ကို အတိုက်အခံ ပြန်ပြောနေစရာ မလိုဘူး"

စိုး နှုတ်ပိတ်ငြိမ်သက်သွားသည်။ ထွန်းမောင်က ခေါင်းကိုလက်ဖြင့် စမ်းရင်း တဖျစ်တောက်တောက် လုပ် သည်။ တောင်ကုန်းတစ်ခုကို ကျော်မိသည်နှင့် ဝါးတောကြီး အထိ ဖြစ်နေသော ရွာဟောင်းကို ရောက်သည်။

ရွာတစ်ဖက်တွင် တစ်ပိုင်းတစ်စ ပြိုကျနေသော ကျောင်းဟောင်းကြီးကိုတွေ့ရသည်။ ဇွဲက ကျောင်းဟောင်း ကြီးရှေ့တွင် ကားကိုရပ်လိုက်သည်။

"ကျောင်းအခြေအနေက တော်တော်အိုတာပဲ . . အနောက်ဘက်အဆောင်ပဲ အကောင်းကျန်တော့တယ်၊ ငါတို့ အဲဒီမှာနေမယ် . . အရင်ဆုံး နေလို့ရမယ့်အခန်းကို





ဝင်ပြီး ရှင်းကြရအောင် . . ပြီးတော့မှပဲ ကားပေါ်က ပစ္စည်း တွေကို ချမယ်"

ထွန်းမောင်က ကားပေါ်မှဆင်းပြီး အနောက်ဘက် အဆောင်သို့ ဝင်သည်။ အဆောင်အရှေ့ဘက် ပေနှစ်ဆယ် ပတ်လည်ခန့်ရှိ အခန်းတစ်ခန်းကိုတွေ့သည်နှင့် အမှိုက်သ ရိုက်များကို လှဲကျင်းရှင်းလင်းသည်။ နေသာရုံ လှဲကျင်း သန့်ရှင်းပြီးသည့်အခါ အဆောင်ပေါ်မှဆင်းကြသည်။

"ကားပေါ်ကပစ္စည်းတွေ အပေါ်ကိုသယ်မယ် . . ဇွဲ မင်းက ကားကို ဟိုရှေ့ကချုံထဲမှာ သွားဝှက်ထားလိုက်၊ လူမရှိတဲ့နေရာမှာ ကားတစ်စီးရပ်ထားတာ မသင်္ကာစရာ ဖြစ်နေလိမ့်မယ်၊ ဒီဘက်ကို ထင်းခွေဝါးခုတ်တဲ့လူတွေ ရောက်လာနိုင်တော့ ကားကို ဝှက်ထားတာ အကောင်းဆုံး ပဲ"

ကားပေါ်မှ ပစ္စည်းတွေချပြီးသည်နှင့် ဇွဲက ကားကို ချုံကြီးအတွင်းသို့ မောင်းသွင်းသည်။ အောက်ခြေရှင်းနေ သော ချုံအတွင်းသို့ ကားတစ်စီးလုံး ရောက်သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခွဲ ကားပေါ်မှဆင်းကာ ကျောင်းပျက်အနောက်ဘက်သို့ လျှောက်ခဲ့သည်။

အဆောက်အဦးပျက်အနီးသို့ အရောက်တွင် အတွင်းဘက်မှ နာနာကျင်ကျင် အော်လိုက်သံကို ကြားရသည်။ ခွဲက အဆောင်ပေါ်သို့ အပြေးအလွှားတက်ခဲ့၏။ သူတို့နေရန် ပြင်ဆင်ထားသည့်အခန်းသို့ အရောက်တွင် ထွန်းမောင်နှင့် စိုးတို့၏ ရန်ပွဲကို တွေ့ရ၏။

ရန်ပွဲဟုဆိုရသော်လည်း စင်စစ် ထွန်းမောင်က စိုးကို အနိုင်ကျင့်နေသည့်ပွဲသာ ဖြစ်သည်။ ခွဲရောက်သွားချိန်တွင် ထွန်းမောင်က ကြမ်းပြင်ပေါ်လဲကျနေသော စိုးကို လိုမ့်ပြီးကန်နေလျက် တွေ့ရသည်။

"ကိုထွန်းမောင် . . တော်တော့ဗျာ"

ခွဲက ထွန်းမောင်ကို လှမ်းဆွဲသည်။ ထွန်းမောင်က ခွဲ၏လက်ထဲမှ ရုန်းထွက်လိုက်၏။

"ဟေ့ကောင် မဆိုင်တာ ဝင်မရှုပ်နဲ့ ဖယ်"

"ဘာမဆိုင်တာလဲ . . အချင်းချင်း နှိပ်စက်နေတာ





ကို ကျွန်တော်က ရပ်ကြည့်နေရမှာလား"

"ငါ သူ့ကိုဆုံးမနေတာ . . မင်း ဖယ်စမ်း"

"မဖယ်ဘူးဗျာ . . ခင်ဗျားတော်တော့"

"ဟာ . . ဒီကောင်"

ထွန်းမောင်က ခွဲကိုလက်ပြန်ရိုက်သည်။ ခွဲ့ ခါးနှဲ့၍ရှောင်ပြီး ထွန်းမောင်၏ ရင်ဘတ်ကို တံတောင်ဖြင့်တွတ်လိုက်သည်။ နှုတ်မှ အွတ်ခနဲမြည်သံနှင့်အတူ ထွန်းမောင် ဖင်ထိုင်ကျသွား၏။ ခွဲက ထွန်းမောင်အား ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်လိုက်သည်။

"ဘာဖြစ်တာလဲ"

"သူက ဟောဒီသံမဏိသေတ္တာကို ချက်ချင်းဖွင့်ပေးရမယ်တဲ့ . . ငါက မလွယ်ဘူးပြောတော့ ငါ့ကို ထချတာပဲ . . ဒီသေတ္တာက အာမခံသေတ္တာအသေးစားလေ . . သေတ္တာပွင့်အောင် ငါမနည်းကြိုးစားရမှာ"

"ဒါဆိုရင်လည်း ကြိုးစားဗျာ . . အလုပ်စရင်တော့ သေတ္တာမြန်မြန်ဖွင့်မှ ကိစ္စပြီးမှာ မြန်မြန်သာလုပ်"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က တိုက်တိုက်တွန်းတွန်း ပြောပြီး ဖြူဖြူ့ဘေး တွင် ဝင်ထိုင်လိုက်လေသည်။

. . .

စဝ်ရန်နိုင်က တည်းခိုခန်းတွင် တည်းခိုသူစာရင်း မှတ်ထားသော စာအုပ်ကို စာမျက်နှာတစ်မျက်နှာချင်း လှန် ၍ကြည့်သည်။ စာရင်းထဲတွင် အောင်ခက်၏နာမည်ကို မတွေ့ရ။ စဝ်ရန်နိုင် နာမည်တစ်ခုချင်းကို သတိထားပြီး ကြည့်သည်။

ထွန်းမောင်၊ စိုး၊ ဖွဲ့မောင်မောင်၊ ဖြူဖြူထွန်းရှိန်။

လိုချင်သည့်နာမည်များကို တွေ့သည်နှင့် တည်းခို ခန်းမန်နေဂျာအား လှမ်းကြည့်လိုက်သည်။

"ဟောဒီမှာတွေ့ပြီ . . ကျွန်တော် လိုချင်တာ သူ တို့ပဲ"

မန်နေဂျာက စာရင်းစာအုပ်ကို ယူကြည့်သည်။

"စနေနေ့က အခန်းငါးနဲ့ အခန်းခြောက်မှာ တည်း သွားတဲ့လူတွေ . . သူတို့က တစ်ညအိပ်ပြီး ထွက်သွားကြ





တာပါ၊ ဂျစ်ကားတစ်စီးနဲ့ ရောက်လာပြီး ညအိပ်တယ် .. နောက်တစ်နေ့ မြို့ထဲက နေပြန်လာတော့ အရေးတကြီးပဲ အခန်းအပ်ပြီး ပြန်သွားကြတယ်"

"သူတို့ ဂျစ်ကားနဲ့လာတာနော်"

"ဟုတ်ပါတယ် ဆရာ"

"ကားနံပါတ်ကို မှတ်မိသလား . . ဒီအတိုင်းက တော့ မှတ်မိမှာ မဟုတ်ဘူး . . စာရင်းထဲမှာ မှတ်ထားတာ များရှိမလား"

"ရှိပါတယ် . . ဆရာ၊ ဒီမှာ တည်းခိုတဲ့လူတွေရဲ့ ကားကို ဂိုထောင်မှာ သိမ်းတယ်ဆိုတော့ ဂိုထောင်စောင့်က ပိုင်ရှင်နဲ့ ကားနံပါတ်ကိုမှတ်ပြီးမှ လက်ခံပါတယ်၊ ကျွန် တော်မေးကြည့်လိုက်ပါ့မယ်"

မန်နေဂျာက အတွင်းစကားပြောစက်ဖြင့် တစ်နေ ရာသို့ ဆက်သွယ်သည်။ သူက မေးခွန်းအချို့ကိုမေးလိုက် သည်နှင့် တစ်ဖက်မှ အဖြေပေးသံပေါ်လာသည်။

"ကားပိုင်ရှင်က ဖွဲ့မောင်မောင် . . . ကားနံပါတ်က



www.burmeseclassic.com

www.burmeseclassic.com


(. . . . .)ပါ ဆရာ"

"ရပါပြီ . . အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်"

စဝ်ရန်နိုင် တည်းခိုခန်းမှထွက်သည်။ ကားကို လားရှိုးလမ်းအတိုင်းမောင်းခဲ့ပြီး တိုက်ပုပုနိမ့်နိမ့်လေး တစ်လုံးရှိရာ ခြံဝင်းအတွင်းသို့ မောင်းဝင်လိုက်သည်။

ကားကို တိုက်ပုလေးရှေ့တွင်ရပ်ပြီး ကားပေါ်မှ ဆင်းလိုက်စဉ် တိုက်ပုလေး၏တံခါးပွင့်သွားသည်။ တံခါးဝတွင် သမုန္ဒယ် ရယ်နွဲ့နွဲ့လေး ရပ်နေလျက်တွေ့ရ၏။

"စောင့်နေရလို့ စိတ်မရှည်တော့ဘူးလား နွယ်"

သမုန္ဒယ် အသာအယာပြုံးသည်။ စဝ်ရန်နိုင် အိမ်ထဲသို့ဝင်သာအောင် လမ်းဖယ်ပေးရင်း . . .

"စောင့်ရတဲ့အလုပ်ကို နွယ် ကျင့်သားရနေပါပြီ ရန်နိုင်ရယ် . . အဆန်းမဟုတ်တော့ပါဘူး"

စဝ်ရန်နိုင်က သမုန္ဒယ်၏လက်တစ်ဖက်ကို တယုတယလှမ်းကိုင်လိုက်သည်။

"ကိုယ် တည်းခိုခန်းတစ်ခုကိုဝင်ပြီး စစ်ဆေးနေလို့





နည်းနည်းကြာသွားတယ် . . ဆာပြီနွယ် . . မနက်စာ ကျွေးမယ်ဆိုတာ ကျွေးပေတော့"

သမုန္ဒယ်က အိမ်ရှေ့တံခါးကိုပြန်ပိတ်ပြီး စဝ်ရန်နိုင်နှင့်အတူ အိမ်အတွင်းဖက်သို့ ဝင်သည်။ ဧည့်ခန်းနှင့်ကပ်လျက်တွင် လေးထောင့်စားပွဲတစ်လုံး ခင်းထားသော ထမင်းစားခန်းရှိသည်။ စားပွဲပေါ်တွင် အသင့်ခူးခပ်ထားသည့် ထမင်းဟင်းပန်းကန်များကို အုပ်ဆောင်းနှင့်အုပ်ထားလျက် တွေ့ရ၏။

"တမနက်လုံး ပင်ပင်ပန်းပန်းနဲ့ ချက်ထားရတာ ဟင်းချိုတွေ အေးကုန်လို့ ခုလေးတင်ပဲ တစ်ခါပြန်နွှေးထားရတယ်"

"ဆောရီး . . နွယ်ရယ် ဟိုမှာ မေးမြန်းနေရပေမယ့် ·စိတ်က ဒီကိုပဲရောက်နေတာ . . တကယ်ပြောတာ နွယ်ရဲ့ . . အဲဒီလိုကြီး မပြုံးပါနဲ့"

"ရန်နိုင်ကိုစောင့်ရတဲ့အတွက် နွယ် ဘာမှမဖြစ်ဘူး အချိန်နည်းနည်းနောက်ကျပေမယ့် ရောက်အောင်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျေနပ်တယ်၊ ကဲ . . ထိုင် နွယ်လည်းဆာနေပြီ စားကြရအောင်"

သမုနွယ်နှင့်အတူ မျက်နှာချင်းဆိုင်ပြီး နံနက်စာစားသည်။ ဆာကလည်းဆာ၊ ဟင်းတွေကလည်း အစပ်အဟပ်တည့်သဖြင့် အားရပါးရစားမိသည်။

"ရန်နိုင် . . ဒွဲကိုမြင်လိုက်တာ သေချာပါတယ်နော်"

"စဝ်ရန်နိုင်လေ . . နွယ်ရဲ့ မသေမချာ မရှိပါဘူး . . သူမှ သူအစစ် . . ကားပေါ်မှာ ကောင်မလေးတစ်ယောက်တောင်ပါတယ် . . သူတို့ကတော့ ကိုယ်မြင်တယ်ဆိုတာ သိပုံမရပါဘူး"

"အခု သူနဲ့ပတ်သက်လို့စုံစမ်းတာ မဟုတ်လား ရန်နိုင် . . အလုပ်ကိစ္စကို စပ်စုတာ မဟုတ်ဘူးနော် . . ဒီကိစ္စထဲ ဒွဲပါလို့မေးတာ"

"ဟုတ်ပါတယ် နွယ် . . သူတို့ကိုတွေ့တော့ တည်းခိုခန်းတစ်ခုမှာ တည်းမှာပဲဆိုပြီး သွားစုံစမ်းတာ၊ သူတို့က





ထွက်သွားပြီ . . သူတို့ ဘယ်ကိုသွားသလဲဆိုတာ မကြာခင် သိရမှာပေါ့"

စားသောက်ပြီးစီးသည်နှင့် စဝ်ရန်နိုင် အိမ်ရှေ့ခန်းသို့ ထွက်သည်။ ဧည့်ခန်းတွင်ရှိသော ဖုန်းဖြင့် တစ်နေရာသို့ဖုန်းဆက်သွယ်သည်။

"ရန်နိုင်ပါ . . မိုးကုတ် . . လက်ပံလှ၊ ပြင်ဦးလွင်၊ မန္တလေးက ကားအဝင်အထွက်စာရင်းမှာ ဂျစ်ကားနံပါတ် (. . . .) အဝင်အထွက် ရှိမရှိ သိချင်လို့ စုံစမ်းပေးစမ်းပါ၊ စုံစမ်းလို့ရရင် ဖုန်းနံပါတ် (. . . . .)ကို ဆက်သွယ်သတင်းပို့ပါ"

စကားပြောပြီးသည်နှင့် စဝ်ရန်နိုင်က ဖုန်းကိုပြန်ချသည်။ ထိုအချိန်မှာပင် ထမင်းစားခန်းမှထွက်လာသည့် သမုနွယ်က စဝ်ရန်နိုင်ရှေ့တွင် လက်ဖက်ရည်ပန်းကန်လာချပေးသည်။

"သိပ်အလိုက်သိတဲ့ မိန်းမပါလား . . အဲဒါတွေကြောင့်ပဲ ရန်နိုင်တို့ အသည်းစွဲနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးနှင့်ပြောရင်း သမုန္ဒယ်၏ခါးကျဉ်ကျဉ်လေးကို လှမ်းဖက်သည်။ သမုန္ဒယ်ထံမှ မျက်စောင်းချိုချိုလေးတစ်ဖက်လွင့်ဝဲရောက်ရှိလာသည်။

"ပိုမနေနဲ့ လက်ဖက်ရည်သောက်မှာ သောက် . . နောက်တစ်ခါ ပိုင်စိုးပိုင်နင်းနဲ့ မိန်းမလို့ခေါ်ရင် အပြစ်ပေးလိုက်မယ်သိလား"

"ပေးဗျာ . . ပေး . . ဆယ်ခါနမ်းပြီး အပြစ်ပေးပေး အခါတစ်ရာနမ်းပြီး အပြစ်ပေးပေး ကျေကျေနပ်နပ်အပြစ်ပေးခံမယ်"

"ရန်နိုင်နော် . . အူမြူးမနေနဲ့"

နွဲ့နွဲ့လေးပြောရင်း သမုန္ဒယ်က စဝ်ရန်နိုင်ဘေးတွင် ဝင်ထိုင်သည်။ စဝ်ရန်နိုင်က တစ်စုံတစ်ရာ ပြောမည်အပြုတွင် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသဖြင့် ဖုန်းခွက်ကို မယူပြီး နားထောင်လိုက်၏။

"ရန်နိုင်ပါ"

"ဆရာ . . စောစောက ကားနံပါတ်နဲ့ပတ်သက်ပြီး





သတင်းပို့မလို့"

"ပြော . . ကိုယ်နားထောင်နေမယ်"

"ဆရာပြောတဲ့ ကားနံပါတ် အခင်းဖြစ်တဲ့နေ့က လက်ပံလှကိုဖြတ်တယ် . . မိုးကုတ်ဘက်က ဝင်လာတဲ့ စာရင်းထဲမှာ အဲဒီကားနံပါတ် ပါတယ်"

"ဒါပဲလား"

"ကျန်သေးတယ် ဆရာ . . အခင်းဖြစ်တဲ့ညနေပိုင်း မန္တလေးကနေ ပြင်ဦးလွင်ကိုတက်လာတဲ့ ကားစာရင်းမှာလည်း အဲဒီကားနံပါတ်ပါတယ်"

"ပြင်ဦးလွင်က ထွက်တာကော မရှိဘူးလား"

"ရှိတယ် . . ဆရာ လားရှိုးဘက်ကို ထွက်တဲ့ကားစာရင်းမှာ ဆရာပြောတဲ့ကားနံပါတ်ပါတယ် . . ကျွန်တော် နောင်ချိုကို လှမ်းမေးတော့ သူတို့ဆီ အဝင်စာရင်းမှာ အဲဒီကားမပါဘူးတဲ့"

"ဒါဆိုရင် ဒီကား ပြင်ဦးလွင်နဲ့ နောင်ချိုကြားမှာ ရှိနေလိမ့်မယ် . . နောက် ဘာပြောစရာ ရှိသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ ဆရာ"

"အိုကေ . . ဖုန်းချတော့မယ်နော်"

စဝ်ရန်နိုင်က ဖုန်းကိုပြန်ချလိုက်သည်။ ဘေးတွင် ထိုင်နေသော သမုန္ဒယ်ဘက်သို့ လှည့်လိုက်၏။

"ခွဲကိစ္စလေ . . သူဝေးဝေးကို မသွားသေးပါဘူး ဒီရက်အတွင်း သူ့ကို ပြန်တွေ့မှာပါ"

စဝ်ရန်နိုင်က ယုံကြည်မှုအပြည့်နှင့်ပြောရင်း ဂါက်ဖက်ရည်ပန်းကန်ဆီသို့ လက်လှမ်းလိုက်လေသည်။



အခန်း (၁၆)



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် လရောင်အလင်းကြောင့် အေးချမ်းသာယာနေသည်။ ဖွင့်ထားသည့် ပြတင်းပေါက်ဘေးမှနေ၍ အပြင်ဘက်သို့ကြည့်နေရင်းမှ စိုး သက်ပြင်းချလိုက်သည်။

အပြင်ဘက်ကိုငေးကြည့်နေရာမှ သူ့ရှေ့တွင်ချထားသည့် သံမဏိသေတ္တာကိုကြည့်သည်။ သေတ္တာငယ်ပေါ်ရှိ ဒိုင်ခွက်ကိုလှည့်ကာ နားကြပ်ဖြင့်ထောက်စမ်းသည်။

"ဘယ်လိုလဲ . . စိုး သုံးရက်တောင်ရှိပြီ၊ မင်း





သေတ္တာကိုဖွင့်လို့ မရသေးဘူးလား . . ဒါနဲ့များ သော့ပိတ္တာ နာမည်ခံထားသေးတယ်"

စကားသံနှင့်အတူ အနားမှာလာရပ်သော ထွန်းမောင်ကိုတွေ့ရသည်။ သူ့ထံမှ အရက်နံ့တွေ ထောင်းထောင်းနေသဖြင့် စိုး နှာခေါင်းရှုံ့လိုက်သည်။

"ငါ့အလုပ် ငါလုပ်ပါရစေကွာ . . မင်းဖာသာ မင်းသွားအိပ်နေစမ်းပါ"

"အိပ်မှာပါ . . မင်း ဘာလုပ်နေသလဲလို့ လာကြည့်တာ လုပ်လုပ် . . ဒီသေတ္တာကို မြန်မြန်ဖွင့်နိုင်မှအေးမှာ၊ ငါ ဒီနေရာမှာ မနေချင်တော့ဘူး"

ထွန်းမောင်က မကျေမနပ်သံဖြင့်ပြောပြီး သူ့အတွက်ခင်းထားသည့် အိပ်ရာသို့ဝင်သွားသည်။ စိုးက နံပါတ်ရှာသည့်အလုပ်ကို ဆက်လုပ်၏။

ဒိုင်ခွက်လှည့်ရင်း နားကျပ်ဖြင့်ထောက်စမ်းရင်း သူတွေ့ကြုံခဲ့သည့် အတွေ့အကြုံတို့ကို ပြန်စဉ်းစားသည်။ သူ့ဘဝတွင် အကြီးမားဆုံးဖြစ်သော စွန့်စားခန်းသည် မပြီးခ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သေး . . သူ့အနေနဲ့ဆက်ပြီး စွန့်စားရမှာကို စိတ်မပါတော့ဘဲ ရှိသည်။

မှားယွင်းလျှင် ပေါက်ကွဲလိမ့်မည်ဆိုသည့် သံမဏိသေတ္တာကိုဖွင့်နိုင်ရန် ကြိုးစားရင်း အာရုံစူးစိုက်ရလွန်းသဖြင့် ရူးသွပ်မတတ်ဖြစ်ရသည်။

သုံးရက်လုံးလုံး နေ့လည်းနေ့မို့၊ ညလည်းညမို့ သံမဏိသေတ္တာတစ်လုံးနှင့် အလုပ်ရှုပ်နေရသည့်အဖြစ်ကို စိုး ငြီးငွေ့နေပြီဖြစ်သည်။

ထို့အပြင် ရိုင်းစိုင်းကြမ်းတမ်းသော ရက်စက်ရန်ဝန်မလေးသော ထွန်းမောင်နှင့် လက်တွေ့လုပ်ကိုင်ရမှာကိုလည်း ငြီးငွေ့နေပြီဖြစ်သည်။

"ဒီညတော့ ငါ့အကြံကို အကောင်အထည်ပေါ်အောင်ကြိုးစားရမယ် . . ငါ ဒီကောင်နဲ့ ဆက်နေလို့မဖြစ်တော့ဘူး . . သူ့အနားမှာနေရတာ ငါ့သေမိန့်ကို ငါစောင့်နေရသလိုပဲ . . ဒီညတော့ ဒီကနေ ငါရအောင် ထွက်ပြေးမယ်"





စိုးက တွေးချင်ရာတွေးရင်း လျှို့ဝှက်နံပါတ်ကိုရှာရန် ဂဏန်းကွက်ဆက်လှည့်သည်။ သူ့မျက်လုံးအစုံက အခန်းညာဘက်ထောင့်တွင် အိပ်နေသော ဖွဲတို့ထံသို့လည်းကောင်း . . အခန်းဘယ်ဘက်ထောင့်တွင် အိပ်နေသော ထွန်းမောင်ထံသို့လည်းကောင်း ရောက်သွားတတ်သည်။

ဖွဲနှင့် ဖြူဖြူတို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေကြပြီ၊ တခဏအကြာတွင် ထွန်းမောင့်ထံမှ ဟောက်သံကိုကြားရ၏။ ထွန်းမောင် အိပ်ပျော်သွားပြီဆိုသည့်အသိက စိုးအား စိတ်လှုပ်ရှားသွားစေ၏။

သူက ထွန်းမောင်ထားသည့် ဖယောင်းတိုင်ကိုငြိမ်းသတ်ပြီး ကြမ်းပြင်ပေါ်သို့လှဲချသည်။ တခဏမျှငြိမ်နေပြီး ထွန်းမောင်တို့၏အသံကို နားစွင့်သည်။ ထွန်းမောင် ဟောက်သံစီးချက်မှန်မှန် ပေါ်ထွက်နေသည်ကို ကြားရ၏။

"သူအိပ်ပျော်သွားပြီ . . ဒီအချိန်ဟာ ငါလွှပ်ရှားဖို့ အကောင်းဆုံးအချိန်ပဲ"

စိုးက ဆုံးဖြတ်ချက်ချပြီး လှေခါးဘက်သို့ရွေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုယ်ကို တစ်လှမ်းချင်းလှမ်းသည်။ လှေခါးထိပ်သို့ အရောက်တွင် နေရာမှထသည်။ ယိုင်နဲ့နဲ့နိုင်သော လှေခါးမှတဆင့် အောက်သို့ဆင်းသည်။

လှေခါးထစ်များ၏မြည်သံက တိတ်ဆိတ်နေသော ညတွင် ကျယ်လောင်စွာပေါ်ထွက်လာသည်။ ထိုအသံကြောင့် စိုး ရင်တဒိတ်ဒိတ် ခုန်သွား၏။ သူက အသက်အောင့်ပြီး မြေပြင်ပေါ်သို့ ရောက်အောင်ဆင်းသည်။

စိုး ဝါးတောထဲသို့ ပြေးဝင်လိုက်စဉ်မှာပင် ထွန်းမောင် အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ အိပ်ရာမှနိုးသည်နှင့် သူပြုနေကျအတိုင်း စိုးရှိရာသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။

စိုးကို သူ့နေရာတွင် မတွေ့ရသဖြင့် ရင်ထိတ်ခုန်ပြီး အိပ်ရာမှထကာ ရတနာသေတ္တာရှိရာသို့ တိုးကပ်ခဲ့သည်။

ပထမဆုံး ရတနာသေတ္တာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ရတနာသေတ္တာမှာ ချို့ယွင်းချက်တစ်စုံ





တစ်ရာမတွေ့ရသည့်အခါ ပြတင်းပေါက်ဘေးတွင် ရပ်ပြီး အပြင်သို့ကြည့်သည်။

လရောင်ဖြာကျနေသော မြေကွက်လပ်မှာ ရှင်းလင်းနေသည်။ ထွန်းမောင် မျက်မှောင်ကြုံပြီး ဝါးတောဘက်သို့ အကြည့်ရွှေ့သည်။ ထိုအခါ ဝါးတောထဲသို့ ပြေးဝင်သွားသည့် လူရိပ်ကို တွေ့ရသည်။

"ခွဲ . . ဟေ့ခွဲ"

ထွန်းမောင်က ဝါးတောသို့ မမှိတ်မသုန်သော မျက်လုံးအစုံဖြင့်ကြည့်နေရင်းမှ အော်ခေါ်လိုက်သည်။ ခေါ်ရုံသာမဟုတ် လက်နှိပ်ဓာတ်မီးအလင်းဖြင့် ခွဲတို့ထံထိုးသည်။

"ဟင် . . ဘာလဲ ဘာဖြစ်တာလဲ"

"ထစမ်း . . ခွဲ . . စိုး ထွက်ပြေးသွားပြီ"

"ဟင် . . ဟုတ်လား"

"မြန်မြန်လုပ် . . သူ့နောက်ကို လိုက်မယ်"

ထွန်းမောင်က ပြောပြောဆိုဆို လှေခါးမှတဆင့်



www.burmeseclassic.com

www.burmeseclassic.com



အောက်ကို အပြေးအလွှားဆင်းသည်။ ဇွဲက ဖြုဖြုကိုနှိုး၍ပြောခဲ့ပြီး ထွန်းမောင်နောက်သို့လိုက်သည်။

စောစောက လူရိပ်တွေ့လိုက်ရသော ဝါးတောဘက်သို့ ဦးတည်ပြေးရင်း ထွန်းမောင်က နောက်ကိုတစ်ချက်လှည့်ကြည့်သည်။ သူ့နောက်မှ ပြေးလိုက်လာသော ခြေသံကိုကြားရ၏။ ဝါးတောထဲသို့ မရောက်ခင် ပြေးလိုက်လာသည့် ဇွဲကို တွေ့ရ၏။

"မြန်မြန်လာ . . ဇွဲ ဒီကောင် သိပ်ဝေးဝေး မရောက်သေးဘူး"

"သူ ဒီဘက်ကိုပြေးတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် . . သူ ဒီဝါးတောထဲပြေးဝင်တာကို ငါအပေါ်ကနေ မြင်လိုက်တယ်"

"ဒီကနေထွက်ရင် တောင်ခြေကို ရောက်မှာ သူအဲဒီဘက်ကိုပြေးတာဖြစ်ရမယ်"

"အေး . . သူ့နောက်ကို မှီအောင်လိုက်ရမယ်၊ ဒီကောင်လွတ်ထွက်သွားလို့ မဖြစ်ဘူး ဇွဲ"





ထွန်းမောင်က ခြေလှမ်းသွက်သွက် လှမ်း၍လိုက်သည်။ သူ့နောက်မှ ဇွဲကပ်လျက်ပါလာ၏။

တောင်ခြေဘက်သို့ ဦးတည်ပြီးပြေးနေသော စိုးအား လှမ်းမြင်ရသည်။ စိုးက သူ့ကိုယ်ကို မနည်းသယ်ပြီးပြေးနေသည်။ ယခုပြေးပုံမျိုးနှင့်ဆိုလျှင် စိုး လွတ်မြောက်ရန် မလွယ်ဟု ဇွဲတွေးမိသည်။

"ဟေ့ကောင် . . စိုး . . မပြေးနဲ့"

ဇွဲက သံကုန်အော်သည်။ သို့သော် စိုး အပြေးမရပ်။

"ဇွဲ . . မင်းညာဘက်က ပန်းပြီးလိုက် . . ငါဘယ်ဘက်ကနေ လိုက်မယ်"

ထွန်းမောင်နှင့်ဇွဲတို့ လူချင်းခွဲလိုက်ကြသည်။ တစ်ယောက်တစ်ဖက်စီမှနေရာ စိုးနောက်သို့လိုက်သည်။

အသက်လုပြီးပြေးနေရသော စိုး တောတန်းတစ်ခုအကွယ်သို့ရောက်သွားသည်။ ထိုအချိန်မှာပင် သေနတ်သံတစ်ချက်ပေါ်လာသည်။

ထွန်းမောင် သေနတ်သံဖြစ်ကြောင်း စဉ်းစားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဇွဲ ရင်ထိတ်သွား၏။ ရှေ့ကို အားသွန်ပြီးပြေး သည်။ တောတန်းလေးကိုကျော်သည်နှင့် ရှေ့မှပြေးနေသော စိုးအား လှမ်းမြင်ရသည်။

"ကိုစိုး . . မပြေးနဲ့"

"ဟော့ကောင် . . စိုး ရပ်စမ်း . . မရပ်ရင် ငါပစ် မယ်နော်"

ဘယ်ဘက်မှပြေးလာသော ထွန်းမောင်၏အသံကို ကြားရသည်။ စိုးက ရပ်တန့်ခြင်းမပြု ပြေးမြဲပြေးနေသည်။

"ဟော့ကောင် . . ပြောတာ မရဘူးလား၊ ဒီလောက် သေချင်တာ သေစမ်း"

ထွန်းမောင်ထံမှ သေနတ်သံနှစ်ချက် ဆက်တိုက် ပေါ်လာသည်။ ကျည်ဆန်က စိုးကို ထိပုံမရ။ ထွန်းမောင်က တမင်ခြောက်လှန့်၍ ပစ်နေခြင်းဖြစ်မည်ဟု ဇွဲတွေးမိ၏။

"ရပ်နော် . . စိုး မရပ်ရင် မင်းကို အသေသတ် မယ်"

"မရပ်ဘူး . . ငါ့နောက်ကို မလိုက်နဲ့"





"ဟော့ကောင် ငါပြောတာ နားထောင်နော်"

"မထောင်ဘူးဟေ့ . . မထောင်ဘူး"

"ဒိုင်း"

သေနတ်သံတစ်ချက် ပေါ်လာပြန်သည်။

"ဟာ . . ဒုက္ခပဲ . . ကိုထွန်းမောင် မပစ်နဲ့ . . ကို စိုးလည်း မပြေးနဲ့တော့ ရပ်ကြပါ . . ရပ်ကြပါ"

ဇွဲက အော်ဟစ်တားဆီးသည်။ သို့သော် သူ့စကား ကို ထွန်းမောင်တို့ အလေးထားပုံမရ။ သေနတ်သံနှစ်ချက် ဆက်တိုက်ပေါ်လာသည်။ စိုးပြေးနေရာမှ ခွေကျသွား၏။

"ဟာ . . ကိုစိုး"

ဇွဲက လဲကျသွားသော စိုးထံသို့ပြေးဝင်သည်။ မြေ ပြင်ပေါ်သို့ မှောက်လျက်လဲနေသော စိုးအားဆွဲယူပြီး ပွေ့ ထားလိုက်သည်။

"ကိုစိုး . . ကိုစိုး"

"ညီလေး . . ငါ . . ငါ"

"သတိထားပါ . . ကိုစိုး . . သတိထားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . ငါ . . ငါ့ကို ဆေးရုံပို့"

"စိတ်ချ . . ကိုစိုး . . ခင်ဗျားကို ဆေးရုံပို့ပါ့မယ်"

"ငါ . . ငါ"

စိုး၏ အသံပျောက်သွားသည်။ ဇွဲက စိုး၏လက်ကောက်ဝတ်ကို သွေးစမ်းသည်။ ရင်ဘတ်ကိုနားနှင့် ကပ်ပြီး နားထောင်သည်။ စိုး သွေးမတိုးတော့ ရင်မခုန်တော့။

"သူ . . သူသေသွားပြီလား"

အနားသို့ ရောက်လာပြီး မေးလိုက်သော ထွန်းမောင်၏အသံကြောင့် ဇွဲဆတ်ခနဲကြည့်သည်။ သူ့စိတ်ထဲတွင် ထွန်းမောင်ကို မကျေမနပ် ဖြစ်သွားမိ၏။

"ဟုတ်တယ် . . သေသွားပြီ၊ ခင်ဗျားသတ်လို့ ကိုစိုး သေသွားပြီ"

ထွန်းမောင် ခေါင်းခါလိုက်သည်။

"ငါ . . ဒီလောက်ထိအောင် မရည်ရွယ်ပါဘူး . . သူ့ကို ခြောက်လှန့်ရုံပစ်တာ . . အခု . . သူ . . သူ"

"သူသေသွားပြီပဲ . . ဘာမှ ပြောမနေပါနဲ့တော့"





ဇွဲက စိုး၏အလောင်းကို ပွေ့ချီလိုက်သည်။ ထွန်းမောင်သည် နားမလည်ဟန်ဖြင့် ဇွဲအားကြည့်သည်။

"မင်း . . ဘာလုပ်မလို့လဲ ဇွဲ"

"သူ့ကို မြေမြှုပ်မလို့ . . သူ့အလောင်းကို ဒီအတိုင်း မထားခဲ့နိုင်ဘူး"

"ငါ . . မင်းနဲ့အတူ ကူသယ်ပါ့မယ်"

"မထိနဲ့ . . သူ့ကို ခင်ဗျား လက်နဲ့တောင် မထိနဲ့ ခင်ဗျားက သွေးဆာနေတဲ့ လူသတ်သမားပဲ"

ဇွဲက ဒေါသတကြီး အော်ဟစ်ပြောဆိုပြီး စိုး၏အလောင်းကို ပွေ့ချီသယ်မကာ နေရာမှခွာသည်။ ထွန်းမောင်သည် တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ဇွဲနောက်သို့ လိုက်လာ၏။

စိုးအဖြစ်ကြောင့် ဇွဲ၏ရင်မှာ ပြင်းပြင်းထန်ထန် ထိခိုက်သွားမိသည်။ ကြောက်တတ်သော ပျော်ပျော်နေတတ်သော ရည်မှန်းချက်ကြီးကြီးမားမား မထားဘဲ ထမင်းစားရရုံလောက်နှင့် ကျေနပ်တတ်သော စိုး၏အဖြစ်မှာ ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းလွန်းလှသည်ဟု သူတွေးမိသည်။

"လူ့ဘဝဆိုတာ ဒါပဲလား . . လူတစ်ယောက် မွေးဖွားလာတယ် . . ဒုက္ခတွေနဲ့ ဒုစရိုက်နယ်ထဲကိုရောက်တယ် ဒုစရိုက်မှုတွေကြားမှာ လှုပ်ရှားရင်း နောက်ဆုံးအသေဆိုးနဲ့ သေရတယ်"

ခွဲ သက်ပြင်းချလိုက်သည်။ နောင်တတရားက သူ့ရင်ကို ပြင်းထန်စွာ လာရောက်ထိပါးသည်။ ခါးသီးသော အရာ နှလုံးသားထိအောင် စူးနစ်ဝင်ရောက် သွားလေသည်။

၆



အခန်း (၁၇)



www.burmeseclassic.com

www.burmeseclassic.com



စိုးမရှိတော့သော်လည်း ထွန်းမောင်က ရတနာသေတ္တာကိုဖွင့်နိုင်ရန် ကြိုးစားသည်။ စိုးရှာထားသည့် ဂဏန်းလေးလုံးကို ရထားပြီးဖြစ်၍ နောက်ဂဏန်းနှစ်လုံး ရအောင်ရှာမည်ဟု သူဆုံးဖြတ်သည်။

ခွဲတို့က သူ့အလုပ်ထဲတွင် ဝင်မပါ။ ဖာသိဖာသာ နေရင်း နောက်နှစ်ရက် အချိန်ကုန်လာသည်။

"ငါတို့ ဒီအတိုင်းနေလို့ မဖြစ်ဘူး .. ခွဲ .. ငါ ဒီမှာ အလုပ်လုပ်နေတုန်း ငါ့ကို ကူညီဖို့လိုတယ်"





"ဒီသေတ္တာဖွင့်ဖို့ပြောတာ မဟုတ်ဘူး .. တစ်ခြားလုပ်စရာရှိတာ လုပ်ပေးပေါ့ .. နောက်တစ်ရက် နှစ်ရက်ဆိုရင် ဒီသေတ္တာကို ငါရအောင်ဖွင့်နိုင်မှာ သေချာတယ်၊ ဒီရက်အတွင်းလိုတဲ့ အစားအသောက်ကို မင်းစီစဉ်ပေး"

"ဘယ်ကိုသွားဝယ်ရမှာလဲဗျ"

"ငါ .. အဲဒါကိုပြောမလို့ဘဲ .. မင်း မြို့တက်ပြီး လိုအပ်တာတွေ သွားဝယ်လေ"

"ရတယ်လေ .. ကားယူပြီး ဖြူဖြူ့ကို အဖော်ခေါ်သွားမယ်"

ခွဲ၏စကားကို အကြားတွင် ထွန်းမောင် ရယ်လိုက်သည်။

"ဟား .. ဟား .. ဒီလိုလုပ်လို့ ဘယ်ရမလဲ .. မင်းတစ်ယောက်တည်းသွား .. ကားကိုလည်းထားခဲ့၊ ငွေနှစ်ထောင်ယူသွားကွာ .. ငါ့အတွက် အရက်လည်း ဝယ်ခဲ့"

"ကျွန်တော်တစ်ယောက်တည်း မသွားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်ထဲ သွားရမယ် ခွဲ . . ဒါ ငါ့အမိန့်ပဲ . . ငါခိုင်းတာ မလုပ်ရင် မင်းကို ပြဿနာရှာလိမ့်မယ်"

ခွဲ မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွား၏။ ဖြူဖြူက ခွဲအနီးတွင်လာရပ်ပြီး ခွဲ၏လက်မောင်းကို လှမ်းကိုင်သည်။

"ခွဲ"

"ဟင် . . ဖြူ"

"သွားလိုက်ပါ . . ခွဲ . . မြန်မြန်သွား မြန်မြန်လာပေါ့၊ ဖြူ့အတွက် စိတ်မပူပါနဲ့ ဖြူ့ကို ကာကွယ်နိုင်ပါတယ်"

ခွဲ တွေသွားသည်။ တခဏမျှစဉ်းစားတွေဝေနေပြီး နောက် ထွန်းမောင်အား လှမ်းကြည့်လိုက်သည်။

"ကောင်းပြီ . . ကျွန်တော် သွားမယ်၊ ဒီအတိုင်းတော့ မသွားနိုင်ဘူး ကားယူသွားမယ်၊ ဒါမှလည်း သွားရ လာရ အဆင်ပြေမှာပေါ့"

"ကားနဲ့ဆို မင်းနောက်က တစ်ယောက်ယောက်က ပါလာနိုင်တယ်ကွ"





"ကျွန်တော်က ဒီလောက်အတဲ့အကောင် မဟုတ်ပါဘူး . . လုပ်တတ်ကိုင်တတ်ပါတယ်၊ ရှောင်တတ် တိမ်းတတ်ပါတယ်"

"ဒါဆိုရင်လည်း သွားကွာ . . မြန်မြန်သာသွား လိုတာအကုန်ဝယ်ခဲ့နော် . . ရော့ ပိုက်ဆံယူသွား"

ခွဲက ထွန်းမောင်ပေးသည့် ငွေစက္ကူကိုယူသည်။ ဖြူဖြူ့ထံတွင် ရှိနေသော ကားသော့ကိုတောင်းပြီး အောက်သို့ဆင်းသည်။

မြို့သို့သွားရန် ငြင်းဆန်နေခဲ့သော်လည်း ခွဲ၏စိတ်အတွင်းမှာ သွားရမည့်အရေးအတွက် စိတ်လှုပ်ရှားဝမ်းသာနေမိသည်။ ဖြူဖြူ့ကို စိတ်မချသော်လည်း စွန့်စားတော့မည်ဟု ဆုံးဖြတ်သည်။

ချုံထဲတွင် ဝှက်ထားသောကားကိုထုတ်၍ တောလမ်းအတိုင်း မောင်းထွက်ခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင် သူလုပ်ရမည့်အလုပ်ကို စဉ်းစားစီစဉ်လာမိ၏။

လမ်းခွဲသို့ရောက်သည်နှင့် ပြင်ဦးလွင်ဆီသို့ ကား



www.burmeseclassic.com

www.burmeseclassic.com



ကိုအရှိန်မြှင့်ပြီးမောင်းသည်။ စိတ်ထဲမှ ရွာဟောင်းတွင် ကျန်ရစ်ခဲ့သော ထွန်းမောင်အား ကြိမ်းမောင်းနေမိသည်။

"ငါပြန်လာမယ် . . ထွန်းမောင်ရေ . . ပြန်လာမယ် တစ်ယောက်ထဲတော့ မဟုတ်ဘူး၊ မင်းအတွက် သေမင်းတွေခေါ်ပြီး ပြန်လာမယ်"

ဝက်စံကိုကျော်ဖြတ်သည်။ ပြင်ဦးလွင်သို့ဝင်သည်။ မြို့တွင်းသို့အဝင်တွင် ဖွဲ့က ကားကိုအရှိန်လျှော့လိုက်သည်။ ကားကို ဖြည်းဖြည်းမှန်မှန်မောင်းရင်း လမ်းဘေးတစ်ဖက်တစ်ချက်သို့ကြည့်သည်။

ထိုသို့ကြည့်မိသဖြင့် တိုက်ပုလေး တစ်လုံးရှေ့တွင် သမုဒ္ဒယ်နှင့်အတူ ရပ်နေသော စဝ်ရန်နိုင်အား လှမ်းတွေ့လိုက်ရ၏။ ဖွဲ့က ကားကို စဝ်ရန်နိုင်ရှိသောခြံဝင်းထဲသို့ မောင်းဝင်လိုက်သည်။

"ဟင် . . ဖွဲ့"

ကားရပ်မိသည်နှင့် ဖွဲ့ကားပေါ်မှ အပြေးဆင်းသည်။ စဝ်ရန်နိုင်ထံသို့ ပြေးဝင်ပြီး ဒူးထောက်ထိုင်ချလိုက်၏။





"ဖွဲ့ . . ညီလေး မင်းဘာဖြစ်လာသလဲ ပြောစမ်း"

"ကျွန်တော် မှားသွားပြီ . . သိပ်မှားသွားပြီ အစ်ကိုကြီး . . ဒုစရိုက်သမားတွေနဲ့ပေါင်းပြီး ကျွန်တော် ဒုစရိုက်မှုတွေကို ကျူးလွန်မိတယ်၊ အခု သူတို့ဆီက ခွက်ပြေးလာတာ ဖြူဖြူတော့ သူတို့ဆီမှာ ကျန်ခဲ့တယ်"

"ဖြည်းဖြည်း . . ဖွဲ့ ဖြည်းဖြည်း မင်းပြောချင်တာကို ဖြည်းဖြည်းပြောလို့ရတယ် . . လာ အိမ်ထဲကို ဝင်ရအောင် မင်းကျူးလွန်တဲ့ ဒုစရိုက်မှုဆိုတာ ဦးနေရော်ရဲ့ ပစ္စည်းတွေကို လုယက်တာ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"အဲဒီကိစ္စကို ငါလိုက်နေတာ . . မင်း အိမ်ထဲလိုက်ပြီး အဖြစ်အပျက်တွေ အားလုံးကိုပြောပြ၊ ဦးနေရော်လည်း ဒီကို ရောက်နေတယ် . . လာကွ . . အပြစ်ရှိရင် အပြစ်ခံရမှာပဲ . . အပြစ်ကိုသိလို့ အပြစ်ကိုဝန်ခံရင်တော့ သက်သာခွင့်ရနိုင်တယ်၊ ဘာမှ စိတ်မပူနဲ့ ညီလေး"

စဝ်ရန်နိုင်က ဖွဲ့၏ပခုံးကိုဖက်ပြီး အိမ်ထဲသို့ခေါ်သည်။ စဝ်ရန်နိုင်နှင့်အတူ အိမ်ထဲသို့လိုက်ဝင်ရင်းမှ ဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



သူတွေ့ကြုံခဲ့သမျှတို့ကို အစအဆုံးပြောပြသည်။

စဝ်ရန်နိုင်က ခေါင်းတညိတ်ညိတ်နားထောင်၏။

"မင်း အပြစ်ဝန်ခံတာ ဖြောင့်ချက်ပေးတာဆိုတော့ အမှားကို အမှားလို့သိပြီး ပြင်ဖို့ကြိုးစားတဲ့မင်းကို တရားဥပဒေကတော့ သက်ညှာမှာပါ၊ စိတ်အေးအေးထားနော် မင်းရဲ့ဖြူဖြူကိုကယ်ဖို့ အစ်ကို စီစဉ်မယ်"

...

ကားကို ကျောင်းပျက်ရှေ့တွင်ရပ်ပြီး ခွဲက ကားပေါ်မှဆင်းသည်။ သူကားပေါ်မှဆင်းလိုက်စဉ်မှာပင် သေနတ်သံတစ်ချက်ပေါ်လာပြီး ကျည်ဆန်က ကားရှေ့ပိုင်းကိုလာရောက်ထိမှန်သည်။

"ဒိုင်း"

"ကိုထွန်းမောင် .. ဒါဘာလုပ်တာလဲ"

ခွဲက ကားဘေးသို့ လိမ့်ချရင်းမှ အော်ပြောလိုက်သည်။ ကျောင်းပျက်ပေါ်တွင်ရှိနေသော ထွန်းမောင်ထံမှ ရယ်သံတွေ ပေါ်လာသည်။

"မင်း ငယ်ပါသေးတယ် ခွဲ .. မင်းကို ငါက ...





တာတွေ ဝယ်ခိုင်းတာ၊ မင်းအဘတွေကို ခေါ်လာခိုင်းတာ မဟုတ်ဘူး .. ဝါးတောအရှေ့ဘက်မှာ သူတို့ရှိနေတာ ငါသိတယ် .. ငါ့ရိုင်ဖယ်မှာ မှန်ပြောင်းပါတယ် .. မင်း မေ့နေပြီလားကွ"

ခွဲ ရင်ထိတ်သွားသည်။ ထွန်းမောင်ကို လျှော့တွက်မိခြင်းကြောင့် ကိုယ့်ကိုကိုယ် အပြစ်တင်မိ၏။

"ခင်ဗျားအတွက် ပြေးပေါက်မရှိတော့ဘူး ကိုထွန်းမောင် .. လက်နက်ချပြီး အဖမ်းခံပါ"

"ဒိုင်း .. ဒိုင်း"

ထွန်းမောင်ထံမှအဖြေက သေနတ်သံနှစ်ချက်ဖြစ်၏။ ခွဲမှာ ကားဘေးမှမခွာနိုင်ဘဲ ပုဝပ်နေလိုက်ရသည်။

"ထွန်းမောင် လက်နက်ချပါ .. မင်းကို ငါတို့ရဲ့တွေက ဝိုင်းထားပြီ"

"မချဘူးဟေ့ .. မင်းတို့ရှေ့တစ်လှမ်းတိုးတာနဲ့ ဒီကောင်မလေးကို ငါပစ်သတ်မယ်"

အဆောက်အဦးပျက်အပေါ် ပြတင်းပေါက်မှ ထွန်း...



www.burmeseclassic.com

www.burmeseclassic.com



မောင်၏ကိုယ်တစ်ပိုင်း ပြူထွက်လာသည်။ သူ့လက်ထဲတွင် အချုပ်အကိုင်ခံထားရသော ဖြူဖြူ့ကိုပါ လှမ်းမြင်ရ၏။

"မင်းအပြစ်ကို မင်း ဝန်ခံပြီး လက်နက်ချရင် အချိန်မှီသေးတယ်နော် .. ထွန်းမောင်"

"စကားမများနဲ့ အားလုံးနောက်ဆုတ်ပြီး ငါ့ကို လမ်းဖွင့်ပေး .. ငါ့ကို ဒီကနေ လွတ်လွတ်လပ်လပ် ထွက်သွားခွင့်မပေးရင် ဒီကောင်မလေး သေရလိမ့်မယ်"

ခွဲ၏ရင်မှ တဒိတ်ဒိတ်ခုန်လာသည်။ သူသည် အဆောင်အနီးဆီသို့ မော်ကြည့်ရင်း ကားဘေးမှခွာ၍ ပြေးထွက်သည်။

"ဟေ့ကောင် .. ခွဲ .. မင်းသေချင်ပြီလား"

"ဒိုင်း .. ဒိုင်း"

သေနတ်သံနှစ်ချက် ပေါ်လာပြီး ကျည်ဆန်တွေ ခွဲ၏ဘေးမြေပြင်ပေါ်သို့ ကျသည်။ မြေမှုန်တွေ ဖွားခနဲဖွားခနဲလွင့်စင်၏။ ခွဲ ကွေ့ပတ်လိမ်ကောက် ထွက်ပြေးပြီး အဆောက်အဦးအပျက်အောက်သို့ ရောက်သွားသည်။ သူ





သည် ရှုးသွပ်သွပ်သူတစ်ယောက်ပမာ လှေခါးမှတဆင့် အပေါ်သို့တက်သည်။

"ဟေ့ကောင် .. ခွဲ မင်းတက်မလာနဲ့"

"ကျွန်တော် ခင်ဗျားဆီကိုလာတာ .. ကျွန်တော်တို့ ဒီကနေ အတူတူ ထွက်ပြေးမယ်"

"တိတ်စမ်း .. မင်းကို ငါမယုံဘူး"

"ကျွန်တော် တကယ်ပြောနေတာပါ၊ ခင်ဗျားလွတ်လို့ မြို့ကိုသွားရင်း ကျွန်တော် အဖမ်းခံရတယ်၊ ဘယ်လိုမှ မတတ်နိုင်လို့ ဒီကိုလိုက်ပြရတာ၊ ခင်ဗျား အဲဒါကို မတွေးမိဘူးလား"

"မတွေးမိဘူးဟေ့ .. မတွေးမိဘူး"

"ကျွန်တော် ရဲတွေကို လှည့်ပတ်ပြောဆိုလာလို့ သူတို့က ခင်ဗျားကို ချက်ချင်း ဝင်မဖမ်းတာ၊ ကျွန်တော်တို့က ဘဝတူလူတွေလေဗျာ .. ခင်ဗျားဖမ်းဆီးထားတဲ့ ဖြူဖြူကလည်း ခင်ဗျားနဲ့ဘဝတူပဲ၊ ရဲတွေက ဒုစရိုက်မှုကျူးလွန်ခဲ့တဲ့ မိန်းမတယောက်ကို ဂရုစိုက်မယ် ထင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



ဇွဲက စကားပြောရင်း လေ့ခါးတစ်ထစ်ချင်းကို ဖြည်းညင်းစွာတက်သည်။ သူ လှေခါးအတိုင်း တက်နေစဉ် အဆောက်အဦးပျက်တစ်ဖက်မှ ရိပ်ခနဲ လှုပ်ရှားသွားသည့် လှုပ်ရှားမှုတစ်ခုကို တွေ့ရသည်။

"ဟော့ကောင် ဇွဲ . . မင်း ညဏ်မများနဲ့၊ လက်နှစ်ဖက်ကို မြှောက်ပြီး အထဲဝင်ခဲ့၊ ငါက သေလူနော် . . ဘယ်သူ့ကိုမဆို သတ်ရဲတယ်"

ဇွဲက အခန်းထဲသို့လှမ်းဝင်သည်။ ထွန်းမောင်က ပြတင်းပေါက်အနီးမှ ခွာသည်။ သူ ပြတင်းပေါက်အနီးမှ ခွာလိုက်စဉ်မှာပင် လူတစ်ယောက် ပြတင်းပေါက်မှတဆင့် အခန်းထဲသို့ ခုန်ဝင်လာပြီး ထွန်းမောင်အား ဝင်ရောက်တိုက်ခိုက်သည်။

ထွန်းမောင်ကို ဝင်ရောက်တိုက်ခိုက်သူမှာ စဝ်ရန်နိုင်ဖြစ်ကြောင်း ဇွဲသိလိုက်သည်။ သူက ထွန်းမောင်လက်ထဲမှ လွတ်ထွက်လာသော ဖြူဖြူကို ဆွဲခေါ်ပြီး အခန်းတစ်ဖက်သို့ လိုမ့်ထွက်လိုက်သည်။

"ဝုန်း"





ပြင်းပြင်းထန်ထန် မြည်သွားသံနှင့်အတူ ထွန်းမောင် ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားသည်။ စဝ်ရန်နိုင်က ထွန်းမောင် ထံသို့ပြေးဝင်ပြီး လက်ထိပ်ခတ်လိုက်၏။

"ဦးနေရော်ရဲ့ ရတနာသေတ္တာဆိုတာ အဲဒါဘဲ အစ်ကိုကြီး"

စဝ်ရန်နိုင်က ခေါင်းညိတ်ပြသည်။

"ဖြူဖြူထွန်းရှိန်ဆိုတာ သူလား"

"ဟုတ်ပါတယ် . . အစ်ကိုကြီး"

"မင်းရဲ့မွေးစားအဖေ . . မင်းရဲ့ဘကြီးနေရော် ပါလာတယ် . . မင်းမိဘတွေ ဆုံးသွားကတည်းက သမီးအဖြစ်မွေးစားခဲ့တဲ့ ဦးနေရော်ကို ကျေးဇူးကန်းမိလို့ မင်း အခုလိုဒုက္ခရောက်တာ၊ သူ့ရှေ့မှာ အပြစ်ဝန်ခံပြီး တောင်းပန်လိုက်ကြားလား"

"ဟုတ် . . ဟုတ်ကဲ့"

"ဒါ ကိုယ့်အစ်ကိုကြီးပဲ ဖြူဖြူ . . ကိုယ်တို့ ပြန်ရှု ကျူးလွန်မိတဲ့အတွက် အပြစ်တော့ ခံရမှာပဲ . . အပြစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



စင်ကြယ်တဲ့အခါကျရင် ဘဝသစ်တစ်ခုကို စနိုင်ပါပြီ အားမငယ်နဲ့နော် ဖြူ"

ဖြူဖြူ ပြုံးသည်။ အားနည်းဟန်ရှိသော်လည်း သူ့အပြုံးတွင် ဝင်းလက်သော အရောင်တစ်ရောင် ရှိနေသည်ကို စဝ်ရန်နိုင် သတိပြုမိလိုက်လေ၏။


ပြီးပါပြီ။

ဇော်ထက်အောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com